# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 *The* **Mirror Daily**

၁၃၇၈ ခုနှစ် တန်ခူးလပြည့် သောကြာနေ့ | 22, Friday April 2016 | (၈၅၃၉)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကျန်းမာရေးစစ်ဆေးမှုခံယူ စစ်ဆေးမှုရလဒ်များကောင်းမွန်

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ သွားရောက်ပြီး ကျန်းမာရေးစစ်ဆေးမှုခံယူခဲ့ရာ စစ်ဆေးမှုရလဒ်များ ကောင်းမွန်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ ကျန်းမာရေးစစ်ဆေးမှုကို အထူးကုဆရာဝန်ကြီးများက နှလုံးကျန်းမာရေးအပြင် အခြားကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်းမာရေး စစ်ဆေးမှုရလဒ်များ ကောင်းမွန်ကြောင်း ဆေးရုံအုပ်ကြီးက ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် သမ္မတတာဝန်ထမ်းဆောင်စဉ် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုခံယူခြင်းကို ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြင်ဆင်ဖွဲ့စည်းခဲ့သောဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေး ညှိနှိုင်းစည်းဝေး

## ဝန်ကြီးဌာနများ ဆောလျင်စွာဖွဲ့စည်းနိုင်ပါက မြန်မြန်ဆန်ဆန်အလုပ်ဖြစ်မည်

**နေပြည်တော် ဧပြီ ၂၁**

ပြင်ဆင်ဖွဲ့စည်းခဲ့သော ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေးနှင့်ပတ်သက်၍ ယခု အားလုံး သိပြီးဖြစ်သည့်အတိုင်း ဝန်ကြီးဌာနများကို လျှော့ချလိုက်ပါကြောင်း၊ လျှော့ရသည့်အကြောင်းကိုလည်း ရှင်းလင်းပြီးဖြစ်ပါကြောင်း၊ အချို့ဝန်ကြီးဌာနများ လျှော့ချခဲ့သည့်နည်းတူ အချို့ဝန်ကြီးဌာနများကို ပေါင်းစည်းခဲ့ပါကြောင်း၊ ပေါင်းစည်းသည့် ဝန်ကြီးဌာနများ လုပ်ငန်းချောမွေ့စေရေးအတွက် ပြန်လည်ဖွဲ့စည်းရပါကြောင်း၊ ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆောလျင်စွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**



အလယ်ရိုးမဖြတ်လမ်းတစ်လျှောက် လေ့လာနိုင်သည့် ကြိုးဝိုင်းကျွန်းစိုက်ခင်းများကို တွေ့ရစဉ်။

## လေ့လာစရာများလှသည့် အလယ်ရိုးမဖြတ်လမ်း

**စိန်မျိုးမြင့်**

ဤနေရာသို့ ရောက်ရှိဖြစ်ခဲ့ခြင်းမှာ ဒေါင်းစိမ်းခေါ် မြန်မာ့ဥဒေါင်း(Green Peafowl Pavo muticus)များ တွေ့ရသည်ဟူသော သတင်းစကားအရဖြစ်သည်။ ရောက်ရှိသွားသောအခါ မမျှော်လင့်ဘဲ ငှက်မျိုးစိတ်များစွာကို မြင်တွေ့ခဲ့ရသည့်အပြင် အခြားသတင်းစကားပါးစရာအများအပြား တွေ့ခဲ့ရပါသည်။

ရောက်ခဲ့သောနေရာမှာ ပဲခူးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ထားသော ပြည်-ပေါက်ခေါင်းနှင့် အုတ်တွင်း-တောင်ငူလမ်း ပဲခူးရိုးမဖြတ်လမ်းဖြစ်သည်။ ပြည်မှ အုတ်တွင်းသို့ ခရီးမိုင် ၁၂၃ မိုင်ရှိသည်။ ပြည်မြို့အနီး မှော်ဇာဝန်းကျင်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ၊ ပျူရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိခဲ့ရင်းမှ ခရီးဆက်ခဲ့ခြင်းဖြစ်သည်။

ပြည်မှထွက်ခဲ့သော် ရွာငယ်သုံးရွာခန့်ကျော်ဖြတ်ပြီးနောက် ခုနစ်မိုင်ခန့် ခရီးပေါက်ပြီးသော် ပေါင်းတလည်သို့ရောက်သည်။ ပေါင်းတလည်မှ ပေါက်ခေါင်းသို့မူ ကြားတွင် ရွာကြီးရွာငယ် တစ်ဒါဇင်ခန့် ဖြတ်သွားရ၏။ ပြည်မှ ပေါက်ခေါင်းရောက်သည်အထိ မြေပြန့်အနေအထားဖြစ်သည်။ လမ်းမှာအကွေ့အကောက်လည်း မများပေ။ ပေါက်ခေါင်းကို ကျော်လာသောအခါ လမ်းအနေအထားမှာ အတက်အဆင်း၊ အကွေ့အကောက်များ တွေ့လာရ၏။

ပေါက်ခေါင်းမှ ခရီးဆက်ခဲ့ရာ ပိန်းတော၊ မြို့တောင်၊ ညောင်ကုန်း၊ ဖိုးကျော့ကွင်း၊ တောင်လည်၊ လယ်တီ၊ ညောင်ဝန်း စသည့် ရွာကြီးရွာငယ်များကို ဖြတ်ရသည်။ ညောင်ဝန်းကျော်သောအခါ ပတ်ဝန်းကျင်အနေအထားများစွာ ပြောင်းလဲသွားသည်။ ညောင်ဝန်းမှာ ပြည်မှ ၃၈ မိုင်ခန့်တွင်ရှိသည့် ရွာကြီးတစ်ရွာဖြစ်၏။ ညောင်ဝန်းရွာလွန်လာသည်နှင့် လမ်းဘေး ဝဲ၊ ယာမှာ တောထူလာသည်။ လမ်းအကွေ့အကောက်နှင့် အတက်လမ်းများဖြစ်လာ၏။ ၃၉ မိုင်၊ မိုင် ၄၀ တွင် တောင်နဝင်းကြိုးဝိုင်းအစကို မြင်လိုက်ရ၏။ တစ်ချိန်က ထိုနေရာတွင် ရိုးမဖြတ်လမ်းမှ်ဦးရှိခဲ့ဖူး၏။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**


( အဆင့်မြင့် ခြင်လုံဇကာ အမျိုးမျိုး )

Roll-Up ရိုလာ ခြင်လုံဇကာ

Magnetic သံလိုက် ခြင်လုံဇကာ

Motorized Insect Screen

(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)

MR.SCREEN

ကောင်းမွန်သော အရည်အသွေး

ကျွမ်းကျင်သော တပ်ဆင်ရေးဝန်ထမ်း

( အဆင့်မြင့် လိုက်ကာ အမျိုးမျိုး )

Roller Blind

Vertical Blind

Motorized Blind

(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)

Show Room : NO 001 , 8 / North , Lay Daung Kan Street, Tamwe Lay Ward,Near ILBC and SUPER ONE Supermarket, Yangon , Myanmar ,
PH : 01 400434, 09 45 130 9011, 09 45 130 9012

https://www.facebook.com/Mr-Screen-689060624528879/

ကြေးမုံ

# သူရဲကောင်းများကို ဂုဏ်ပြုလိုက်ပါ၏

ငါတို့ ဗမာပြည် အမိအဖတိုင်းကကွယ် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးကြရမယ်. . .

လွတ်လပ်ရေးအကြိုခေတ်က ဗိုလ်ချုပ်အောင်ဆန်းလို သူရဲကောင်းများကို ပြည်သူတို့ မျှော်လင့်တောင့်တကြသည်ကို ပုံဖော်ရေးဖွဲ့သည့် သီချင်း။

ဗိုလ်ချုပ်အောင်ဆန်းလိုသူရဲကောင်းတွေ မြန်မာနိုင်ငံမှာ အများကြီး ရှိဖို့လိုသည်။ အများအကျိုးအတွက် မိမိကိုယ်ကျိုးကို စွန့်လွှတ်ကြသူများ မည်သည့်ခေတ်မျိုးတွင်မဆို လိုအပ်သည်မှာ အမှန်။

မြန်မာနိုင်ငံက သူရဲကောင်းထွက်သည့် နိုင်ငံဟု ဆိုရပါမည်။

သည်လိုပါ။

တိုင်းပြည်က နှစ်ပေါင်းများစွာ ခေတ်စနစ်၏ နှိပ်စက်သည့် ဒဏ်ကိုခံနေရတာဖြစ်သည့်အတွက် ပြည်သူလူထုမှာ ဒုက္ခဆင်းရဲအမျိုးမျိုးကြားတွင် ပင်ပန်းကြီးစွာ နေကြရသည်။ ယင်း ပြည်သူတို့ ဒုက္ခခံနေရသည့်အချိန်မှာ အာဏာပိုင်စိုးသူတို့က စည်းစိမ်ကြီးနေကြသည့်အတွက် မညီမျှမှုက အလွန်ကြီးမားလှသည်။ ယင်း အခြေအနေပေါ်မူတည်၍ သည်လို မညီမျှမှုများကို တွန်းလှန်ရန် ခေါင်းဆောင်လှုံ့ဆော်သူတို့ကလည်း တသွင်သွင်ပေါ်ထွက်ခဲ့သည်ကို တွေ့ရပါမည်။ အများအကျိုးကို မျှော်ရည်ကာ မိမိကိုယ်ကျိုးကို စွန့်လွှတ်ခဲ့ကြသူများက ခေတ်ဆိုးစနစ်ဆိုး ကြားထဲက ဖိနှိပ်မှုအမျိုးမျိုးကြားထဲက ထွက်ပေါ်ခဲ့တာဖြစ်ပါသည်။

သူ့ကျွန်ဘဝ လွတ်မြောက်ရေးကာလမှ အစပြု၍ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်လပ်ရေး သည့်နောက် အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ နိုင်ငံငြိမ်းချမ်းရေး အစရှိသော ပြည်သူ့ဘဝ၊ လွတ်လပ်ရေးပြည်ထောင်စုသားတို့ တန်းတူညီမျှရေးတိုက်ပွဲများ အတွင်း သူရဲကောင်းတို့ အဆက်မပြတ်ပေါ်ပေါက်ခဲ့သည်။

ယင်း သူရဲကောင်းတို့ကို ပြည်သူလူထုကလည်း တလေးတစား နှင့် ကြည်ညို ဂုဏ်ပြုခဲ့ကြသည်ချည်း။ ပြည်သူတို့အကျိုးအတွက် ကိုယ်ကျိုးစွန့်ခဲ့ကြသော ပြည်သူ့သူရဲကောင်းများ ဖြစ်သည်ကိုး။

ပြည်သူတို့ ချစ်ခင်ကြည်ညိုကြသော သူရဲကောင်းများဆိုသည်မှာ ပြည်သူတို့က ဂုဏ်ပြုကြစေသောငှာ အားကြိုးမာန်တက် တိုင်းကျိုးပြည်ကျိုး ဆောင်ခဲ့ကြခြင်းမဟုတ်။ မိမိတို့၏ ဂုဏ်ပုဒ်များ ကြီးကျယ် ထင်ရှားလာစေရန် မဟုတ်။ ပြည်သူတို့၏ လေးစားမှုကို ရယူလိုသည့်ရည်ရွယ်ချက်နှင့် မဟုတ်။ ကိုယ်ကျိုးဆို၍ လုံးလုံးမပါ။ မိမိတို့နာမည် သမိုင်းတွင် ကျန်ရစ်ရန်ဟူသော မျှော်လင့်ချက်မျိုးပင် မထားသူများ၊ သမိုင်းမှာ သူရဲကောင်းအဖြစ် မှတ်တမ်းဝင်ချင်သည်ဆိုသော ရည်မှန်းချက်ပင် မရှိသူများဖြစ်သည်။

သည်လို သူရဲကောင်းများကို ပြည်သူတို့ကလည်း မမေ့မလျော့ ဂုဏ်ပြုခြင်းဖြင့် ကျေးဇူးဆပ်ကြမည်ဟု နှလုံးသွင်းကြသည်။ သူရဲကောင်းတို့ကို အမှတ်တရဂုဏ်ပြုခြင်း၊ ကျေးဇူးဆပ်ခြင်းဟူသည် သည်နိုင်ငံ အနာဂတ်မှာ သည်လို သူရဲကောင်းများ အများအပြား ဆက်လက် ပေါ်ထွက်ရေးအတွက် တွန်းအားတစ်ခုလည်း ဖြစ်ပါ၏။

သည်ရက်ပိုင်းမှာ ဟံသာဝတီ ဦးဝင်းတင်ကွယ်လွန်ခြင်း နှစ် နှစ်ပြည့် အခမ်းအနားများ မြို့အသီးသီးမှာ ပြုလုပ်နေကြသော သတင်းများကို တွေ့ရသည်။ မြန်မာနိုင်ငံအတွက် ဂုဏ်ပြုအပ်သော သူရဲကောင်းတစ်ယောက်ကို ဂုဏ်ပြုခြင်း။ မိမိကိုယ်ကျိုးဆို၍ တစိုးတစိမှမပါဘဲ အများအကျိုး၊ တိုင်းပြည်အကျိုးသက်သက်အတွက်သာ ဘဝတစ်ခုလုံး မြှုပ်နှံသွားခဲ့သော သူရဲကောင်းတစ်ဦးကို ဂုဏ်ပြုခြင်း။

တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေး ရှေ့အနာဂတ်ခရီးတွင် တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် မိမိကိုယ်ကျိုးကို စွန့်လွှတ် အနစ်နာခံသော သူရဲကောင်းစစ်စစ်အများအပြား ပေါ်ထွက်လာစေရန် ရည်သန်ရင်း ခေတ်အဆက်ဆက် တာဝန်ကျေခဲ့ကြသော သူရဲကောင်းများအားလုံးကို ဂုဏ်ပြုလိုက်ရပါသည်။ ။



# သတင်းစာဆရာ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း နှစ်နှစ်ပြည့်အောက်မေ့ဖွယ် ဂုဏ်ပြုပွဲအခမ်းအနားပြုလုပ်

**ရန်ကုန် မေ ၂၁**

သတင်းစာဆရာ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း နှစ်နှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးကျော်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ နာယက ဦးတင်ဦး၊ စာရေးဆရာကြီး မင်းယုဝေ၊ ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းနာယက အဖွဲ့ဝင်၊ စာရေးဆရာကြီး ဦးမိုးသူတို့က ဆရာကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားကြသည်။ အခမ်းအနားသို့ တက်ရောက်လာကြသော ဘာသာပေါင်းစုံမှလည်း ဆရာကြီး ဦးဝင်းတင်နှင့်ပတ်သက်၍ ဂုဏ်ပြုစကားနှင့် ဆုတောင်းမေတ္တာပို့သမှုများကို ပြုလုပ်ခဲ့သည်။

"ဆရာကြီးဦးဝင်းတင်ဟာ အားလုံးအတွက် မမေ့အပ်တဲ့ ကျေးဇူးရှင်တစ်ယောက်ပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဘဝတစ်လျှောက်မှာ ဘဝကို အများကြီးအနစ်နာခံ ပေးဆပ်ခဲ့တယ်။ သတင်းစာဆရာဘဝမှာကော၊ နိုင်ငံရေးခေါင်းဆောင် ဘဝမှာကော၊ အကျဉ်းခံဘဝမှာကော သူ့ယုံကြည်ချက်ကို မစွန့်လွှတ်ဘဲနဲ့ အများကြီး ပေးဆပ်ခဲ့တယ်။ အဲဒီပေးဆပ်ခဲ့တာတွေဟာ ဆပ်လို့မကုန်တဲ့ကျေးဇူးတရားတွေပဲ။ လူငယ်မျိုးဆက်သစ်တွေအတွက်လည်း စံနမူနာထားရတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်းဖြစ်တယ်။ အဲဒါကို မမေ့လျော့အောင် ဒီအခမ်းအနားကို ပြုလုပ်တာပါ။ ဆရာကြီးဟာ သတင်းစာဆရာဘဝမှာလည်း သတင်းအယ်ဒီတာဘဝကို ကျေပွန်အောင် ဆောင်ရွက်သလို ဘယ်လောက်ကန့်သတ်မှုတွေရှိရှိ ပြည်သူလူထုဘက်ကပဲ ရအောင် ရပ်တည်ပြီးတော့ ဆောင်ရွက်ခဲ့တယ်။ အဲဒါကို မျိုးဆက်သစ်တွေအနေနဲ့ စံနမူနာယူသင့်တယ်" ဟု အခမ်းအနားကျင်းပရေးကော်မတီ ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းအတွင်းရေးမှူး ဦးကျော်အောင်က ယင်းအခမ်းအနားတွင် မှတ်ချက်ပြုပြောကြားသည်။

အဆိုပါ အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနား ကျင်းပပြီးနောက် ရေဝေးသုသာန်ရှိ ဆရာကြီး ဦးဝင်းတင် ဂူဗိမာန်သို့ သွားရောက် ဂါရဝပြုခဲ့ကြသည်။ ယင်းအပြင် ညပိုင်းတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက စီစဉ်ကျင်းပသည့် ဟံသာဝတီ ဦးဝင်းတင် ဂုဏ်ပြုပွဲအထိမ်းအမှတ် အနေဖြင့် စာပေဟောပြောပွဲကို ရန်ကင်း(ကံဘဲ့ဘူတာအနီး)၊ (၁၂) ရပ်ကွက်၊ ရှေ့သို့လမ်းရှိ လူငယ်အားကစားကွင်း၌ ည ၇ နာရီမှ နံနက် ၁ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲကို မေ ၂၂ ရက်တွင်လည်း ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။ အဆိုပါစာပေဟောပြောပွဲတွင် ဗေလုဝ၊ မသီတာ (စမ်းချောင်း)၊ မောင်သာချို၊ ချစ်ဦးညို၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မင်းကိုနိုင်တို့က ဟောပြောမည်ဖြစ်သည်။

သတင်းစာဆရာ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက် အသက်(၈၅) နှစ်အရွယ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ပြီး နှစ်နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားနှင့် ဆရာကြီး၏ ဘဝတစ်သက်တာ တစ်လျှောက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ ပြည်သူ့ဘက်မှ မားမားမတ်မတ်ရပ်တည်ဆောင်ရွက်ခဲ့သည်များကို ဂုဏ်ပြုသည့်အနေဖြင့် အခမ်းအနားတစ်ရပ် ကျင်းပခဲ့ခြင်းဖြစ်သည်။ **(ဝဝ၁)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၅၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက် တွင် စတင်တည်ထောင်သည်။


Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၈၆၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၇၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၁၄၅၁

# သံမဏိလိပ်ပြာ သတင်းစာဆရာ

ဆူးငှက်








အောက်မြန်မာပြည် ပဲခူးတိုင်းထဲက ကြို့ပင်ကောက်မှာ မွေး . . .၊ ရန်ကုန်မှာ ပညာသင် . . .၊ ရန်ကုန်မှာပဲ စာပေလုပ်ငန်း၊ သတင်းစာလုပ်ငန်းကို တစ်လျှောက်လုံး တစိုက်မတ်မတ် လုပ်ကိုင်ခဲ့ပြီး ၁၉၆၉ ခုနှစ်ကနေ ၁၉၇၈ ခုနှစ်ဆိုတဲ့ ဆယ်စုနှစ်နီးပါးကာလတိုလေးပဲ မန္တလေးမှာ နေထိုင်ခဲ့ပါလျက် ဟံသာဝတီဦးဝင်းတင်ကို မန္တလေး သားတစ်ယောက်လိုသာမက မန္တလေး မြို့မိမြို့ဖတစ်ဦး ပမာ မန္တလေးက လေးစားချစ်ခင်ခဲ့ကြတယ်။ "ဟံသာဝတီ ဦးဝင်းတင်" ကို ဒီကနေ့ မန္တလေးမှာရှိတဲ့ သက်ကြီးဝါကြီး စာရေးဆရာ ၊ သတင်းစာဆရာတွေသာမက သက်ကြီး ဝါကြီး မန္တလေးသူ၊ မန္တလေးသားတွေကအစ ကိုယ့်ရဲဘော် ရဲဘက်၊ ကိုယ့်ရေးဖော် ရေးဖက်၊ ကိုယ့်ဆရာသမား၊ ကိုယ့် ဆွေမျိုးသားချင်းတစ်ယောက်လို ရင်းနှီးကျွမ်းဝင်ကြရုံမက လေးစားကြည်ညိုတန်ဖိုးထားကြပါတယ်။

တကယ်တော့ ဆရာဦးဝင်းတင်ဟာ မန္တလေးကို တာဝန်အရပဲ ရောက်လာခဲ့သူပါ။ ပြည်သူပိုင်သိမ်းထားတဲ့ "ဟံသာဝတီသတင်းစာ"ကို မန္တလေးပြောင်းပြီး ဖွင့်လှစ်ဖို့ ပြင်ဆင်တော့ ဆရာ့ကို "အယ်ဒီတာချုပ်" တာဝန်နှင့် မန္တလေးကို အစိုးရက လွှတ်လိုက်တာပါ။ ဆရာဦးဝင်းတင် စကားနဲ့ ပြောရရင် "ချောင်ထိုး" ပညာပြလိုက်တာပါပဲ။ ဒီလိုတာဝန်အရ လွှတ်လိုက်ပေမယ့် သတင်းစာဆရာ တစ်ယောက်အနေနဲ့ မန္တလေးမှာ သတင်းစာတစ်စောင် ကို ဦးစီးထုတ်ဝေရမယ်ဆိုတော့ "ပြည်သူ့ဘက်တော်သား၊ ပြည်သူ့စကားပြန်" သတင်းစာတစ်စောင်ဖြစ်ရေးဆိုတဲ့ မှန်ကန်တဲ့ ရည်ရွယ်ချက်ကို ခိုင်ခိုင်မာမာ ချမှတ်ပြီးမှ ပျော်ပျော်ကြီး ရောက်လာတာပါ။ ဟုတ်ပါတယ်။ ဆရာ ဦးဝင်းတင်ဟာ အခုလို မန္တလေးကို ဟံသာဝတီသတင်းစာ တာဝန်နဲ့ မရောက်ခင်ကတည်းက "မန္တလေး သတင်းစာ အသိုင်းအဝိုင်း" ကို ရန်ကုန်ကနေ လေးစားတန်ဖိုးထားခဲ့ တဲ့သူပါ။ ရန်ကုန်က လစာကောင်း၊ နေရာကောင်းတဲ့ စာပေဗိမာန် စာတည်းစားပွဲမှာ ရှိနေစဉ်ကကိုပဲ မန္တလေးက "လူထုသတင်းစာ"မှာ လာရောက်လုပ်ကိုင်ဖို့ ပြောခဲ့၊ ဆိုခဲ့၊ တွေ့ခဲ့၊ ညှိနှိုင်းခဲ့ပြီးသားပါ။ လူထုသတင်းစာမှာ လုပ်ကိုင် ဖို့ ဆုံးဖြတ်ပြီးခါမှ နိုင်ငံခြားကို သတင်းစာပညာသင် ခရီးသွားလိုက်ရလို့ မန္တလေးရောက်မလာခဲ့ရတာပါ။

၁၉၆၉ ခုနှစ် မန္တလေးမှာ ဟံသာဝတီသတင်းစာ ပြောင်းရွှေ့ဖွင့်လှစ်ဖို့ ဆုံးဖြတ်ပြီး ဆရာဦးဝင်းတင်ကို အယ်ဒီတာချုပ်တာဝန်ပေးတော့ သက်ဆိုင်ရာပြန်ကြားရေး ဌာန တာဝန်ခံက ကန့်သတ်ချုပ်ချယ်မှုတွေ ချပေးတယ်။ မန္တလေးမှာ လူထုဦးလှ၊ လူထု ဒေါ်အမာတို့နှင့် မတွေ့ရ။ မပေါင်းရ။ အစိုးရက လက်ဝဲသမားလို့ သတ်မှတ်ထားတဲ့ မန္တလေးစာရေးဆရာများစာမူ မသုံးရ။ ဒီဆရာတွေ အုံနဲ့ကျင်းနဲ့ ရေးသားနေတဲ့ "စကားအပြော" "အရေး အသား ဆောင်းပါးတွေ မသုံးရ" ဆိုတာမျိုးတွေပါပဲ။ "စ" ကတည်းက ယဉ်သကိုပေါ့။ စစချင်း ဆောက်နဲ့ ထွင်းလိုက်တဲ့ ကန့်သတ်ချုပ်ချယ်မှုတွေကို လက်မခံပါဘူး။ ဆရာဦးဝင်းတင်က အကျိုးနဲ့အကြောင်းနဲ့ ပြန်ချေပတယ်။ နှုတ်နဲ့ ချေပရုံမက မန္တလေးရောက်တာနှင့် လက်တွေ့ သဘော ဆောင်ရွက်တယ်။ မန္တလေးရောက်ရောက်ချင်း လူထုဦးလှ၊ လူထုဒေါ်အမာနဲ့ တွေ့တယ်။ အကြံဉာဏ်တွေ တောင်းတယ်။ အကူအညီယူတယ်။ စာမူတောင်းတယ်။ တွေ့သင့်တွေ့ထိုက်တယ်လို့ ယုံကြည်တဲ့ စာရေးဆရာ၊ ဆရာမ၊ ပုဂ္ဂိုလ်ကြီးငယ်မရွေး ချက်ချင်းတွေ့တယ်၊ စာမူ တောင်းတယ်။

၁၉၆၉ ခုနှစ် အောက်တိုဘာ ၁ ရက် ဟံသာဝတီ သတင်းစာ ထွက်ကတည်းက မန္တလေးသားတွေက ဟံသာဝတီကို အားရဝမ်းသာ ကြိုဆိုလိုက်ကြတာပါပဲ။ အစိုးရသတင်းစာမို့ ပေါ်လစီတွေ၊ ဝါဒဖြန့်သတင်းတွေ၊ ဌာနဆိုင်ရာ အစိုးရထုတ်ပြန်ချက်တွေနဲ့ "ရွှေပေလွှာ" ပဲ ထူးမခြားနား ဖြစ်လေမလားလို့ သံသယဝင်ခဲ့ကြတာတွေ ကျေပျက်ကုန်တယ်။ "လူထု" သတင်းစာနှင့် အသားကျ ပျော်ဝင်ခဲ့ကြသူတွေဟာ "ဟံသာဝတီ"ကို ဖတ်လိုက်ရတာ နဲ့ "လူထုသတင်းစာ" အလွမ်းပြေသွားတယ်။ ကျေနပ် သွားကြတယ်။

ဟံသာဝတီသတင်းစာဟာ မန္တလေးမြို့လူထုရဲ့ ခံစား ချက်တွေကို ကိုယ်စားပြုတယ်။ အစိုးရနဲ့ ဌာနဆိုင်ရာ ရဲ့ အကျင့်ပျက်မှုတွေ၊ မတရားလုပ်ဆောင်မှုတွေ၊ လာဘ်စားမှုတွေ၊ အပေါ်ဖား အောက်ဖိလုပ်တာတွေ၊ ဆင်သေကို ဆိတ်ရေနဲ့ ဖုံးတာတွေအားလုံးကို ဖော်ထုတ် တယ်။ ဖွင့်ချတယ်၊ ဝေဖန်တယ်။ အမှန်တရားတွေကို ရေးသားတင်ပြတယ်။ အမှားတရားတွေကို တိုက်ခိုက် ဆန့်ကျင်တယ်ပေါ့။ သတင်းစာဟာ သတင်းမှန် ရေးသား တင်ပြတယ်ဆိုတဲ့ တာဝန်အပြင်၊ သတင်းစာဟာ လိုအပ် ချက်တွေအထိ ကိုယ်ထိလက်ရောက် ကူညီတယ်။ ပူးပေါင်း ပါဝင်တယ်။ ပြည်သူလူထုထဲထိ ဆင်းပြီး တစ်စိတ်တစ်ဝမ်း တည်း ဖြစ်စေခဲ့တယ်။ ဒါကြောင့် မန္တလေးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတိုင်းမှာ မြို့မိမြို့ဖများနှင့်အတူ ဟံသာဝတီသတင်းစာအယ်ဒီတာချုပ် ဦးဝင်းတင်က မပါ မဖြစ် ပါရှိလာတော့တာပါပဲ။ နာယကဆိုတဲ့ "နတ်နေကိုင်း၊ အသိပေးခံ" အဆင့်လောက်မလုပ်ဘဲ၊ တကယ်ကိုယ်ထိ လက်ရောက် ပါဝင်အကောင်အထည်ဖော်ရတဲ့ "အလုပ် အဖွဲ့"ရဲ့ အတွင်းရေးမှူးဆိုတဲ့ နေရာတော်တော်များများ မှာ ဆရာဦးဝင်းတင် ပါဝင်ခဲ့တယ်။

ဟံသာဝတီသတင်းစာဟာ မန္တလေးမြို့လူထုရဲ့ ခံစားချက်တွေကို ကိုယ်စားပြုတယ်။ အစိုးရနဲ့ ဌာနဆိုင်ရာရဲ့ အကျင့်ပျက်မှုတွေ၊ မတရားလုပ်ဆောင်မှုတွေ၊ လာဘ်စားမှုတွေ၊ အပေါ်ဖား အောက်ဖိ လုပ်တာတွေ၊ ဆင်သေကို ဆိတ်ရေနဲ့ဖုံးတာ တွေအားလုံးကို ဖော်ထုတ်တယ်။ ဖွင့်ချတယ်၊ ဝေဖန်တယ်။ အမှန်တရားတွေကို ရေးသား တင်ပြတယ်။ အမှားတရားတွေကို တိုက်ခိုက် ဆန့်ကျင်တယ်ပေါ့။ သတင်းစာဟာ သတင်းမှန် ရေးသားတင်ပြတယ်ဆိုတဲ့ တာဝန်အပြင်၊ သတင်းစာဟာ လိုအပ်ချက် တွေအထိ ကိုယ်ထိလက်ရောက် ကူညီတယ်။

ဒါကြောင့် သတင်းစာ စထွက်ပြီး လပိုင်းအတွင်းမှာပဲ ဆရာဦးဝင်းတင်ဟာ မန္တလေးမြို့လူထုနှင့် ခံစားချက်တူ၊ ဘဝတူ၊ တစ်သားတည်း ဖြစ်သွားတာပါပဲ။ အလားတူ မြို့ကို ဗန်းပြပြီး လုပ်စားနေကြတဲ့၊ ကိုယ်ကျိုးရှာနေကြ တဲ့ ဌာနဆိုင်ရာ အရာရှိတွေ၊ အုပ်ချုပ်ရေး အာဏာပိုင် တွေ၊ ဝိသမလောဘ သမားတွေကတော့ ဆရာ ဦးဝင်းတင် ကို "ရန်သူ" လို့ သတ်မှတ်လာကြတာပါပဲ။ ဟံသာဝတီ သတင်းစာရဲ့ "ခေါင်းကြီး"တွေဟာ အမှန်တရားတွေကို ဖော်ထုတ်၊ အမှားတရားတွေကို ဖွင့်ချ၊ ဝေဖန်တိုက်ထုတ် နေတာကိုး . . .။ ဟံသာဝတီမှာဖော်ပြတဲ့ ဆောင်းပါး တွေကလည်း သမိုင်းဖြစ်စဉ် စာပေယဉ်ကျေးမှုတင်သာမက ခေတ်ကိုဝေဖန်တဲ့၊ စနစ်ကိုဝေဖန်တဲ့ ဆောင်းပါးတွေ၊ သတင်းဆောင်းပါးတွေကို ရဲရဲတင်းတင်း ဖော်ပြတယ်။ ဒါတင်မက မန္တလေးက လူငယ်ကာတွန်းဆရာတွေရဲ့ အတွေးရဲ လက်ရာကောင်း ကာတွန်းတွေကို စင်တင် မြေတောင်မြှောက်ပေးခဲ့ခြင်းပါပဲ။ ဒါကြောင့် "ဟံသာဝတီ ကာတွန်းခေတ်" ရယ်လို့ ပြောစမှတ်ဖြစ်အောင် ကျန်ရစ်ခဲ့ တယ်။ ဒီကနေ့ တောက်ပနေတဲ့ မန္တလေးကာတွန်း မျိုးဆက်ဟာ "ဟံသာဝတီ"က မွေးဖွားပေးခဲ့တာပါပဲ။ ဆရာဦးဝင်းတင်ဟာ လူငယ်တွေရဲ့ ကာတွန်းတွေသာမက ဆောင်းပါးတွေကိုလည်း အချိန်ပေးဖတ်ရှုတယ်။ ဆွေးနွေး တယ်၊ ဝေဖန်တယ်၊ ချီးကျူးတယ်၊ ထောက်ပြတယ်၊ စင်တင်တယ်။

အထူးသဖြင့် မန္တလေးမှာ ၁၉၆၀ ဝန်းကျင်ကာလ နတ်တော်လဆန်း ၁ ရက်နေ့တိုင်း အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပတဲ့ စာဆိုတော်နေ့ အထိမ်းအမှတ် ဓမ္မဗိမာန်စာတမ်းဖတ်ပွဲ အစဉ်အလာကို ဆက်ခံခဲ့တယ်။ ၁၉၆၃ခုနှစ် အသင်းအဖွဲ့များဥပဒေအရ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း ဖျက်သိမ်းခံရပြီး နောက် ရပ်ဆိုင်းသွားတဲ့ ဓမ္မဗိမာန်စာတမ်းဖတ်ပွဲအစား ဟံသာဝတီသတင်းစာတိုက် ဘိုးဝဇီရခန်းမမှာ စနေ စာပေဝိုင်းကို တီထွင်ကျင်းပပေးခဲ့တယ်။ စနေစာပေဝိုင်း မှာလည်း အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက ဆရာကြီး ဆရာမကြီးများကို သဘာပတိမူစေခြင်းဖြင့် ကောင်းမွေကို ဆက်ခံစေခဲ့တာပါ။ ဓမ္မဗိမာန်စာတမ်း တွေလိုပဲ စနေစာပေဝိုင်းကစာတမ်းတွေဟာ စာပေ ယဉ်ကျေးမှုအရ၊ သမိုင်းအရ၊ ဘာသာရပ်ဆိုင်ရာတွေအရ အဖိုးတန်အမွေအနှစ်တွေ၊ အသစ်တွေဖြစ်ရုံမက ခေတ်နဲ့ စနစ်ကို ထောက်ပြဝေဖန်တဲ့ စာတမ်းတွေကလည်း ခါးသွားတွေလို ချွန်မြခဲ့တယ်။ အထူးသဖြင့် စနေစာပေ ဝိုင်းဟာ ဖတ်ကြားသူ တစ်ဦးတည်းရဲ့ အာဘော်မျှသာ မဖြစ်စေဘဲ ဒူးတိုက်ဆွေးနွေးဝိုင်းပုံစံမို့ ပရိသတ်ရဲ့အမြင် တွေ၊ ဆွေးနွေးချက်တွေကိုပါ ဘက်စုံထောင့်စုံအနေနဲ့ ကျယ်ပြန့်တဲ့ အသိတွေရရှိခဲ့တယ်။ ဒီအစဉ်အလာက လည်း ဓမ္မဗိမာန်စာတမ်းဖတ်ပွဲတွေကတည်းက မန္တလေး မှာ အသားကျဖြစ်ထွန်းခဲ့တာပါ။ ဓမ္မဗိမာန်စာတမ်းဖတ်ပွဲ တွေမှာ စာတမ်းရှင်နဲ့ ပရိသတ်က အပြန်အလှန် ဆွေးနွေး ကြ၊ ငြင်းခုံကြ၊ မေးမြန်းကြ၊ ဖြေကြားကြ၊ သဘောတူကြ၊ သုံးသပ်ကြတာတွေရှိတယ်။ ပရိသတ်ဆိုတာသည်ပင်လျှင် စာဖတ်နာကြသူတွေ အများစုဖြစ်တယ်။ အဲဒီ ပရိသတ် ကပဲ နောက်တော့ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်း ဆရာ၊ သတင်းစာဆရာတွေ ဖြစ်လာကြတာပါ။ ဟံသာဝတီ စနေစာပေဝိုင်းက အရှိန်ကောင်းလာလိုက်တာ နောက်ပိုင်း သတင်းစာတိုက် ချိပ်ပိတ်ခံရပြီး အယ်ဒီတာချုပ် ဦးဝင်းတင်လည်း အစစ်ဆေးအမေးမြန်းခံရကာ ရာထူးက အနားပေးလိုက်ပါတော့တယ်။

ဒီတော့ မန္တလေးမှာ ဟံသာဝတီသတင်းစာ ထုတ်ဝေ ခဲ့တဲ့ ၁၉၆၉ ခုနှစ် အောက်တိုဘာ (၁) ရက်နေ့မှသည် သတင်းစာပိတ်တဲ့ ၁၉၇၈ ခုနှစ် ဇွန်လ (၃၀)ရက်အတွင်း၊ ၁၀ နှစ်တာမျှ မပြည့်မီကာလမှာပဲ ဟံသာဝတီဦးဝင်းတင် ဟာ မန္တလေးသားတွေရဲ့ နှလုံးသားပေါ် ကမ္ပည်းတင်သွား သလို အဖိနှိပ်ခံ မြန်မာပြည်သူလူထုရဲ့ "အသည်းစွဲ" ဖြစ်ရ တာပါပဲ။

နူးညံ့သော နှလုံးသားနဲ့အတူ ခိုင်မာသောယုံကြည် ချက်နဲ့ ပြည်သူ့ဘက်က ရပ်တည်ခဲ့တဲ့ စာရေးဆရာ သတင်းစာဆရာဘဝမှသည် မြန်မာပြည်ဒီမိုကရေစီ တိုက်ပွဲတစ်လျှောက်လုံး အလံမလှဲစတမ်း ရဲရဲတောက် တိုက်ပွဲဝင်ခဲ့တဲ့ ဆရာကြီးဦးဝင်းတင်ကို "သံမဏိလိပ်ပြာ သတင်းစာဆရာ"လို့ မော်ကွန်းကမ္ပည်းတင်ခဲ့ကြပါပြီ။

# မက္ကဆီကိုနိုင်ငံ ရေနံဓာတုပစ္စည်းစက်ရုံပေါက်ကွဲမှုဖြစ်၊ လူ ၁၃ ဦးသေဆုံး



**မက္ကဆီကိုစီးတီး မေ ၂၁**

မက္ကဆီကိုနိုင်ငံရှိ ရေနံဓာတုပစ္စည်းစက်ရုံတစ်ရုံတွင် ကြီးမားသောပေါက်ကွဲမှုတစ်ခု ယနေ့ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၃ ဦးသေဆုံးခဲ့ပြီး တစ်ရာကျော်ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများအရသိရသည်။

မက္ကဆီကိုနိုင်ငံ၏ ကုတ်ဇာကိုးကိုစ်မြို့တွင်တည်ရှိသော အဆိုပါစက်ရုံ၏ လုပ်ငန်းယန္တရားများကို မက္ကဆီကို နိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုဖြစ်သည့် ပီမက်စ်ကုမ္ပဏီက ဆောင်ရွက်ပေးရသည်။

ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၃ ဦးရှိခဲ့ကြောင်း ဒေသန္တရ အာဏာပိုင်များကဆိုသည်။ ထိခိုက်ဒဏ်ရာ ရရှိသူ ၁၃၆ ဦးကို ဆေးကုသမှုခံယူရန် နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ရေနံစက်ရုံကုမ္ပဏီက ဆိုသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့စဉ် ကောင်းကင်အထက်သို့ မီးခိုးလုံးများ တလူလူပျံ့လွင့်လာပုံများကို သတင်းရုပ်သံလိုင်းများက တိုက်ရိုက်ထုတ်လွှင့်ပြသကြသည်။ ကယ်ဆယ်ရေးလုပ်သားများက အခင်းဖြစ်ပွားရာနေရာမှ လူရာပေါင်းများစွာကို ဘေးလွတ်ရာနေရာများသို့ ပို့ဆောင်ပေးခဲ့ကြသည်။

စက်ရုံပေါက်ကွဲမှု၏ မူလအကြောင်းရင်းခံကို ရဲအရာရှိများက စုံစမ်းစစ်ဆေး လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ယီမင်သို့ အီရန်လက်နက်တင်ပို့မှု ပိတ်ဆို့ရန် ပင်လယ်ကွေ့နိုင်ငံများနှင့် အမေရိကန် ပူးတွဲကင်းလှည့်မည်

**ဒူဘိုင်း မေ ၂၁**

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)အဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ယီမင်နိုင်ငံသို့ အီရန်၏ ရေကြောင်းလမ်းဖြင့် လက်နက်တင်ပို့မှုကို တားဆီးနိုင်ရေးအတွက် ရေကြောင်းပူးတွဲ ကင်းလှည့်စောင့်ကြပ်ရန် သဘောတူညီခဲ့ကြကြောင်း ဂျီစီစီအတွင်းရေးမှူးချုပ် အဗ္ဗဒူလတစ်ဖ် အယ်လ် ဇာဟာနီက မေ ၂၀ ရက်တွင် ပြောကြားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာနှင့် ပင်လယ်ကွေ့ဒေသတွင်းရှိ ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ကာတာ၊ ဘာရိန်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် အိုမန်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှုအပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီးနှင့်အတူ ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ဇာဟာနီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ယီမင်နိုင်ငံတွင်းသို့ လက်နက်မှောင်ခိုတင်သွင်းနေသည်ဟူသော ပင်လယ်ကွေ့နိုင်ငံများ၏ စွပ်စွဲပြောကြားမှုကို အီရန်နိုင်ငံက ငြင်းဆိုထားသည်။ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများသည် ယီမင်နိုင်ငံအတွင်း အီရန်၏ မဟာမိတ် ဟူသီသူပုန်အုပ်စုအား စစ်ရေးအရ တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်လျက်ရှိသည်။

**ရိုက်တာ။**

# နိုင်ငံခြားသား ဓားစာခံများလွတ်မြောက်ရေး ပြန်ပေးရွေးငွေပေးမည်မဟုတ်ဟု ဖိလစ်ပိုင် စစ်ဘက်ပြော

**မနီလာ မေ ၂၁**

စစ်သွေးကြွများက ဖမ်းဆီးထားသော ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက် ပြန်ပေးရွေးငွေပေး မည်မဟုတ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဘူဆေယက် သူပုန်အဖွဲ့က ဖမ်းဆီးထားသော အင်ဒိုနီးရှားနိုင်ငံသား ၁၀ ဦး ပြန်လည်လွတ်မြောက်ရေး အတွက် တရုတ်တိုင်ပေ ကုမ္ပဏီတစ်ခုက ပြန်ပေးရွေး ငွေပေးမည်ဟု အင်ဒိုနီးရှားဝန်ကြီးတစ်ဦးက ပြောကြားခဲ့ ကြောင်း မီဒီယာသတင်းများတွင် ဖော်ပြခဲ့ပြီးနောက် ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

ဖိလစ်ပိုင်နှင့် မလေးရှား ပင်လယ်ရေကြောင်း နယ်နိမိတ် ဒေသများအနီး ဆွဲသင်္ဘောများပေါ် အလုပ်လုပ်နေသူ သင်္ဘောသားများကို အဘူဆေယက် သူပုန်အဖွဲ့က သီးခြား ဖြစ်စဉ်သုံးခုအတွင်း ပြန်ပေးဆွဲခဲ့သည်။ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံသားသင်္ဘောသား ၁၈ ဦး အထိ ပြန်ပေးဆွဲ ခံထားရသည်။

သူပုန်များတောင်းခံသော ပြန်ပေးရွေးငွေ ပေးအပ် ခြင်းမပြုရန် အစိုးရက မူဝါဒချမှတ်ထားသဖြင့် ယင်းမူဝါဒ အတိုင်း မိမိတို့လိုက်နာမည်ဖြစ်ကြောင်း ဖိလစ်ပိုင် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ပါဒီလာ က သတင်းထောက်များအား ပြောကြားသည်။

ပြန်ပေးရွေးငွေပေးခြင်းဖြင့် သူပုန်တို့ ဝင်ငွေရရှိကာ ၎င်းတို့ သက်ဆိုးရှည်နိုင်ပြီး ပြန်ပေးဆွဲကာ ဝင်ငွေရှာဖွေမည့် လုပ်ငန်းကို အားပေးရာရောက်သဖြင့် ဓားစာခံများ ပြန်လည် လွတ်မြောက်ရေးအတွက် ပြန်ပေးရွေးငွေပေးမည်မဟုတ် ကြောင်း ဗိုလ်မှူးချုပ် ပါဒီလာက ပြောကြားသည်။

မတ်လနှောင်းပိုင်းမှစ၍ ဓားစာခံများအဖြစ် အဖမ်းခံထားရသော သင်္ဘောသားများ လွတ်မြောက်ရေး အတွက် တရုတ်တိုင်ပေ ကုမ္ပဏီတစ်ခုက ပြန်ပေးရွေးငွေ ပီဆို သန်း ၅၀ (ဒေါ်လာ ၁ ဒသမ ၀၈ သန်း)ပေးရန် ပြင်ဆင်လျက်ရှိကြောင်း အင်ဒိုနီးရှား နိုင်ငံရေး၊ တရား ဥပဒေနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီး ပန်ဂျေတန်က ပြောကြားခဲ့သည်။ **ရိုက်တာ။**



# အိန္ဒိယနိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် လူ ၁၆၀ ကျော်သေဆုံး

**နယူးဒေလီ မေ ၂၁**

အိန္ဒိယနိုင်ငံတွင် အပူလှိုင်းပြင်းထန်စွာကျရောက်မှုကြောင့် ဧပြီလဆန်းမှစပြီး ယခုအချိန်ထိ လူ ၁၆၀ ကျော်သေဆုံးခဲ့ပြီ ဖြစ်ကြောင်း ဒေသန္တရသတင်းများအရသိရသည်။

ယခုနှစ်ဧပြီလအစောပိုင်းမှစ၍ အိန္ဒိယနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်အထက် မြင့်တက်ခဲ့သည်။

မေ ၂၀ ရက်က နိုင်ငံအရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် အိုဒီရှာပြည်နယ်တွင် အပူချိန် ၄၆ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

အပူလှိုင်းကျရောက်မှု၊ ရေဓာတ်ခမ်းခြောက်မှုနှင့် ရာသီဥတုပူပြင်းမှုကြောင့် ဖြစ်ပွားတတ်သော ရောဂါဆိုးများ ကြောင့် လူပေါင်း ၁၆၀ ခန့်သေဆုံးခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကဆိုသည်။

သေဆုံးသူများအနက် အများစုသည် နေ့ပိုင်းအလုပ်သမားများဖြစ်ကြသည်။ ယခုကာလသည် နှစ်တစ်နှစ်၏ ပူပြင်းသောရာသီစက်ဝန်းကို ဝင်ရောက်လာသည့်အတွက် အပူချိန်နှုန်းများဆက်လက်မြင့်တက်နိုင်ဖွယ်ရှိကြောင်း ရာသီဥတုဆိုင်ရာတာဝန်ရှိသူများက ခန့်မှန်းထားကြသည်။

အပူလှိုင်းကျရောက်သော အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဒေသခံပြည်သူများအနေဖြင့် ရေလုံလောက်မှုမရှိပါက သေဆုံးမှုများဆက်လက်မြင့်တက်နိုင်သည်။

ယမန်နှစ်က အိန္ဒိယနိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် လူ ၂၀၀၀ ကျော် သေဆုံးခဲ့သည်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရများက နေ့လယ်ပိုင်းပူပြင်းသောအချိန်တွင် အိမ်အပြင်သို့မထွက်ဘဲ နေအိမ်အတွင်းမှာသာ နေထိုင်ကြရန် ပြည်သူများအား အသိပေးထားသည်။

**အင်န်အိတ်ချ်ကေ။**

# ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက် အိန္ဒိယ ပါဝင်လက်မှတ်ရေးထိုးမည်

**နယူးဒေလီ မေ ၂၁**

ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်ကို အိန္ဒိယနိုင်ငံက လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဒေသ ဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်း ထုတ်ပြန်သည်။

ပြီးခဲ့သော ဒီဇင်ဘာလက ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်က အတည်ပြုချမှတ်ခဲ့သော ပါရီသဘောတူညီချက် တွင် ပါဝင်လက်မှတ်ရေးထိုးရန် အိန္ဒိယ ပြည်ထောင်စု အစိုးရအဖွဲ့က မေ ၂၀ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပါရီ သဘောတူညီ ချက်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ မေ ၂၂ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။ အဆိုပါ အခမ်း အနားသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း တက်ရောက်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ပရာကက်ရှ် ဂျာဗာဒီကာသည် အဆိုပါ သဘောတူညီချက် တွင် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ မူဘောင် ကွန်ဗင်းရှင်း၏ အခြေခံမူများအပေါ် အခြေပြုကာ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ရန် အိန္ဒိယနိုင်ငံက လိုလားကြောင်း၊ အဆိုပါ သဘောတူညီချက်သည် အိန္ဒိယ နိုင်ငံ၏ ရာသီဥတုဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ မျှော်မှန်းချက် များနှင့် ကိုက်ညီကြောင်း အိန္ဒိယ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးက ပြောကြားသည်။

ပါရီသဘောတူညီချက် စောနိုင်သမျှ စောစွာဖြင့် အာဏာသက်ဝင်လာစေရေးအတွက် ပထမအဆင့် အနေဖြင့် ယင်းသဘောတူညီချက်တွင် လက်မှတ်ရေးထိုး ရန် လိုအပ်သည်။

ပါရီသဘောတူညီချက်တွင် နိုင်ငံပေါင်း ၅၅ နိုင်ငံ ထက်မနည်းက ပါဝင်လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၃၀ အကြာတွင် အာဏာသက်ဝင်လာမည် ဖြစ်သည်။ အဆိုပါနိုင်ငံများသည် ကမ္ဘာ့ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၅၅ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိသော နိုင်ငံများဖြစ်ကြသည်။ **ရိုက်တာ။**

# မပေးလျှင် ကောင်းပါ့မလား

သိန်းဆွေ (ပြည်သူ့ရေးရာစီမံခန့်ခွဲမှု)

.................................................................

"မပေးလျှင်ကောင်းပါ့မလား"ဆိုသောစကားသည် မြန်မာ့လူ့ဘောင်အတွင်းတွင် ဆိုရှယ်လစ်စနစ်နှင့်အတူ အသုံးများတွင်ကျယ်လာခဲ့ရသည်။ ထိုစကားစုသည် ပြောပါများသဖြင့် "မပေးလျှင်ကောင်းပါ့မလား"ဟူသော အတွေး (Concept) ဝင်လာခဲ့ခြင်းသည် အကျင့်ပျက်ခြစားခြင်း (Corruption) ဖြစ်လာစေရန် တွန်းအားဖြစ်စေခဲ့ပါသည်။ "မပေးလျှင်ကောင်းပါ့မလားကွာ--တစ်ခုခုတော့ပေးရမှာပေါ့ကွာ"ဟု မိမိတို့သည်လည်း မကြာမကြာပြောကြားနေကျစကားဖြစ်ပါသည်။ ပြုလုပ်ဆောင်ရွက်သူက တာဝန်အရ ဆောင်ရွက်ပေးသော်လည်း ကျေးဇူးသိတတ်မှုပြုကြသည်မှာ မြန်မာ့လူ့ယဉ်ကျေးမှုက လက်ခံထားရှိသော စံနှုန်းလည်းဖြစ်နေပါသည်။ မည်သည့်အတွက်ကြောင့် ကျေးဇူးတင်ရတာလဲဆိုသည်ကို စဉ်းစားကြည့်သော် လူတို့၏လိုအပ်ချက်များကို ခက်ခဲအောင်ပြုလုပ်ထားသောစနစ်က ကျေးဇူးမတင်ဘဲမနေနိုင်အောင် ပြုလုပ်ထားခြင်းကြောင့် ကျေးဇူးတင်နေခြင်းဖြစ်ရပါသည်ဟု ဆိုနိုင်ပါသည်။

ထိုဆိုရှယ်လစ်ခေတ်တွင် လူ့အသုံးအဆောင်မှန်သမျှသည် ပြည်သူ့ဆိုင်၊ သမဝါယမဆိုင်တို့က ပြည်သူများကို ရောင်းချပေးရသည်ဆိုသော်လည်း လိုအပ်သောအချိန်၊ လိုအပ်သောအရေအတွက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိခြင်း၊ စားသုံးသူများအနေဖြင့် လွတ်လပ်စွာဝယ်ယူမရရှိနိုင်ခြင်း စသည့် ခက်ခဲမှုများကြောင့် ဝယ်ယူရရှိသူသည် ကျေးဇူးမတင်ဘဲမနေနိုင်လောက်အောင် စိတ်တွင်ခံစားမိရာမှ ကျေးဇူးသိတတ်မှုကို လက်ဆောင်ပဏ္ဏာများပြန်ပေးခြင်းဖြင့် မိမိတို့၏ကျေးဇူးတုံ့ပြန်မှုကိုပြသကြသည်။ ထိုကျေးဇူးပြုခံရမှုကြိမ်ဖန်များလာရာမှ ကျေးဇူးပြုခံရခြင်းသည် အခွင့်အရေးတစ်ရပ်ကဲ့သို့ ထင်မှတ်လာကာ လက်ဆောင်ပဏ္ဏာပေါ်တွင် သာယာလာမှုဖြစ်ပေါ်လာခဲ့သည်။ ထို့မှတစ်ဆင့် အကျင့်ပျက်ခြစားခြင်းသည် လုပ်ရိုးလုပ်စဉ်သဖွယ် အလေ့အကျင့် (Practice) ဖြစ်လာခဲ့ရသည်။ ထိုခေတ်ကမိမိမိတ်ဆွေအရာရှိကြီးတစ်ဦး၏သမီး မင်္ဂလာဆောင်ဖိတ်စာလာဖိတ်ရာ သတို့သားမှာသတို့သမီးထက် ရာထူးငယ်နေသည်ကို သတိထားမိသဖြင့် မိမိကပြောမိရာ မိမိသမက်လောင်းမှာ ရာထူးငယ်သော်လည်း ဝင်ငွေကောင်းတဲ့နေရာဖြစ်ကြောင်း ရှက်ရမှန်းမသိ ဂုဏ်ယူဝင့်ကြွားစွာပြန်ပြောသည်အထိ အတွေးအခေါ်များ အလေ့အကျင့်ဖြစ်ခဲ့ရပါသည်။

မြန်မာ့လူ့ယဉ်ကျေးမှုတွင် ကျေးဇူးတရားကိုတန်ဖိုးထားသောအလေ့အကျင့်ရှိနေခဲ့ပြီးဖြစ်သဖြင့် တာဝန်နှင့်ကျေးဇူးတရားကိုခွဲခြားခြင်းမရှိဘဲ ကျေးဇူးသိတတ်ခြင်းသည် အကျင့်ပျက်ခြစားခြင်း ဖြစ်လာစေရန် တွန်းအားတစ်ရပ်လည်းဖြစ်ခဲ့ပါသည်။ တာဝန်နှင့်ကျေးဇူးတရားကို ခွဲခြားနားလည်သောအတွေးခေါ် (Concept) ရှိမှသာလျှင် "မပေးလျှင်ကောင်းပါတယ်"ဟူသောအတွေးလွှမ်းမိုးလာကာ အကျင့်ပျက်ခြစားခြင်းကို တိုက်ဖျက်နိုင်မည်ဖြစ်ပါသည်။ "မပေးလျှင်ကောင်းပါ့မလား" ဟူသောအတွေးသည် အကျင့်ပျက်ခြစားခြင်းဖြစ်တည်လာမှု၏ မူလအစဖြစ်သဖြင့် ထိုအတွေးများကို ပထမဦးစွာတိုက်ဖျက်ရန်လိုအပ်ပါသည်။လာဘ်ပေးလာဘ်ယူတွင် လာဘ်ပေးခြင်းမရှိလျှင် လာဘ်ယူခြင်းလုံးဝမရှိနိုင်ပါ။ There cannot be a bribe received without a bribe given.

**တာဝန်နှင့်ကျေးဇူးတရား**

တာဝန်အရဆောင်ရွက်ပေးရသော ပြည်သူ့ဝန်ထမ်းတစ်ဦးနှင့် ထိုဆောင်ရွက်ပေးမှုအပေါ်တွင် အကျိုးခံစားခွင့်ရရှိသောပြည်သူတို့ကြားတွင် အပြန်အလှန် ကျေးဇူးမရှိပါ။ ပြည်သူ့ဝန်ထမ်းသည် မိမိအား ပေးအပ်ထားသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်တာဝန်ရှိပါသည်။ ပြည်သူတို့သည်လည်း နိုင်ငံတော်ကပေးသော အကျိုးခံစားခွင့်ကိုရယူခြင်းသာဖြစ်ပါသည်။

နိုင်ငံခြားရုပ်ရှင်ကား(ရုပ်ရှင်ကားအမည်မမှတ်မိ) တစ်ကားတွင် အာဖရိကမှ ဒုက္ခသည်တစ်စုသည် အမေရိကန်နိုင်ငံသို့ဝင်ခွင့်ရရှိသဖြင့် NGO တစ်ခုမှ ဝန်ထမ်းအမျိုးသမီးတစ်ဦးက လေဆိပ်တွင် လာရောက်ကြိုဆိုကာ နေရာထိုင်ခင်းမှအစ အလုပ်အကိုင်ရရှိသည်အထိ ဆောင်ရွက်ပေးခဲ့သည်။ ထိုကဲ့သို့ဆောင်ရွက်ပေးမှုကို ဒုက္ခသည်တစ်ဦးက ကျေးဇူးရှိသည့်အနေဖြင့် လက်ဆောင်ပစ္စည်းများသွားပေးရာ မိမိသည်ဆောင်ရွက်မှုအတွက် NGO မှ လစာရရှိထားပြီးဖြစ်သဖြင့် မိမိအလုပ်လုပ်ခြင်းသာဖြစ်သည်။ ကျေးဇူးရှင်မဟုတ်ပါ။ မိမိထမ်းဆောင်ရမည့်တာဝန်ကိုထမ်းဆောင်ခြင်းသာဖြစ်သဖြင့် လက်ဆောင်ပေးရန်မလိုကြောင်းငြင်းဆိုလိုက်ပါသည်။ ဤသာဓကသည် မြန်မာပြည်သူတို့ အတုယူရမည့် အလေ့အကျင့်ကောင်းတစ်ခုဖြစ်သည်ဟုမြင်မိပါသည်။

တာဝန်နှင့်ကျေးဇူးတရားကို ခွဲခြားနားလည်သောအယူအဆ "မပေးလျှင်ကောင်းပါ့မလား" ဆိုသည့်နေရာတွင် "မပေးလျှင်ကောင်းပါတယ်" ဆိုသည့် အယူအဆများကိုလိုက်နာရမည့် စည်းကမ်းတစ်ရပ်အဖြစ် ပထမဦးစွာလိုက်နာဆောင်ရွက်လျှင် စည်းကမ်းသည် လိုက်နာပါများလာလျှင် အလေ့အကျင့်ရလာကာ ထို့မှတစ်ဆင့် ကျင့်ဝတ်သဖွယ်ဖြစ်လာမည်ဖြစ်ပါသည်။

တာဝန်အရဆောင်ရွက်ပေးမှုကို လောကဝတ္တရားအရသော်လည်းကောင်း၊ လူ့ယဉ်ကျေးမှုအရသော်လည်းကောင်း "ကျေးဇူးတင်ပါတယ်"ဟု ပြန်ပြောခြင်းသည်သာ လိုအပ်ပါသည်။ ကျေးဇူးရှင်မဟုတ်ပါ။ ကျေးဇူးဆပ်ရန်မလိုအပ်ပါ။ အကျင့်ပျက်ခြစားခြင်းကို တိုက်ဖျက်ရန်ပြည်သူလူထုဘက်မှ "မပေးလျှင်ကောင်းပါတယ်"ဟူသော အတွေးများဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

အုပ်ချုပ်သူအစိုးရသည်လည်း ပြည်သူများနှင့်ထိတွေ့ဆက်ဆံရသည့်ကိစ္စများတွင် မလိုအပ်သောအဆင့်များ များနေမှုများကိုလျှော့ချကာ ပွင့်လင်းမြင်သာ၊ လွယ်ကူရိုးရှင်းသောစနစ်များဖြင့် ထိတွေ့ဆက်ဆံမှသာလျှင် ပြည်သူတို့ထင်မှတ်မှားနေသည့် "ကျေးဇူးရှင်"ဆိုသောအတွေးယူဆချက်များ ဖယ်ထုတ်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသော နှစ်သစ်ကူးမိန့်ခွန်းတွင် ဒီနိုင်ငံကိုမေတ္တာ၊ သစ္စာနဲ့အုပ်ချုပ်ပါ့မယ်ဟု ပြောကြားထားရာ ပြည်သူများဘက်မှလည်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံထိတွေ့ရာတွင် မေတ္တာရှေ့ထားပြီး နိုင်ငံအပေါ် သစ္စာစောင့်သိမည်ဆိုလျှင် အကျင့်ပျက်ခြစားခြင်းကင်းကာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးသို့ဦးတည်နိုင်မည်ဖြစ်ပါသည်။

■

# ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူ့သဘောထားနှင့်အသံကို အလေးထားဆောင်ရွက်ရန်လို



**မန္တလေး မေ ၂၁**

အစိုးရသစ်၏အပြောင်းအလဲ လုပ်ဆောင်မှုကာလတွင် ပြည်သူများနှင့်နီးစပ်ထိတွေ့မှုရှိနေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများ၏သဘောထားနှင့် အသံကို အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း မေ ၂၁ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲမှ သိရသည်။

အစိုးရသစ်လက်ထက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်ပတ်သက်သည့် တိုင်စာနှစ်သောင်းကျော်ရှိနေပြီး တိုင်းဒေသကြီးအတွင်းတွင်လည်း အလားတူတိုင်စာများ လက်ခံရရှိထားသည့်အတွက် ပြည်သူဗဟိုပြုအပြောင်းအလဲလုပ်ဆောင်နေသည့်အချိန်တွင် ပြည်သူနှင့်နီးစပ်စွာရှိနေသည့် မြို့နယ်/ခရိုင်အလိုက် အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

"အပြောင်းအလဲကာလမှာ အဓိကပြောင်းလဲရမှာက လူတိုင်းလူတိုင်းရဲ့ စိတ်နေစိတ်ထား Mind Set တွေ အရင်ပြင်ရမယ်။ ပြည်သူပေးတဲ့လခနဲ့ တာဝန်ထမ်းဆောင်နေရတဲ့အတွက် အစိုးရမျက်နှာကြည့်စရာမလိုဘူး။သစ္စာခံစရာမလိုဘူး။ ပြည်သူ့အပေါ်သစ္စာခံပြီး အကျိုးရှိမယ့်ပေါ်လစီကို ဖန်တီးကြရမယ်"ဟု ၎င်းကဆိုသည်။

အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများ၏လိုအပ်ချက်များ၊ မျှော်လင့်ချက်များကိုသိရှိပြီး ရပ်ကွက်မှကြည်ညိုလေးစားသည့် မြို့မိမြို့ဖများ၏ အကြံဉာဏ်ကောင်းများဖြင့် လက်တွဲလုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အုပ်ချုပ်ရေးမှူးဆိုပြီး နိုင်ထက်စီးနင်းအပြုအမူမရှိစေရဘူး။ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင် ၃ ရပ်ဟာ တစ်ခုနဲ့တစ်ခု လွှမ်းမိုးမှုမရှိဘဲ ထိန်းကျောင်းသွားရမယ်"ဟု ၎င်းကပြောသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများက ၎င်းတို့၏လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**




# အမြင့်ဆုံးအပူချိန် စံချိန်သစ်

**နေပြည်တော် မေ ၂၁**

မေ ၂၁ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန်စံချိန်သစ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | စခန်းအမည် | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုး ခဲ့သည့်နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့ သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | တောင်ငူ | ၄၂. ၇ | ၁၀၈. ၉ | ၄၂. ၃ | ၁၀၈. ၁ | ၁၈. ၄. ၁၉၈၃ | ၅၂ |
| ၂။ | ထားဝယ် | ၃၈. ၈ | ၁၀၁. ၈ | ၃၈. ၅ | ၁၀၁. ၃ | ၂၃. ၄. ၂၀၀၂ | ၇၀ |

# ဦးထင်ကျော် သို့မဟုတ် စာရေးဆရာ ဒလဘန်းရေးသည့် အဘမင်းသုဝဏ် စာအုပ်

**မြင့်ဆွေဦး**


ဆရာကြီးမင်းသုဝဏ်သည် မှတ်တမ်းမှတ်ရာများကို ငယ်စဉ်ကစ၍ အစဉ်တစိုက်ရေးသားခဲ့လေသည်။ ဆရာကြီး မင်းသုဝဏ်ရေးသားခဲ့သည့် မှတ်တမ်းမှတ်ရာစာအုပ်ကြီးငယ်အရွယ်အစားအမျိုးမျိုးရှိသည်။ မိသားစုဝင်များအကြောင်း၊ မိတ်ဆွေများအကြောင်းကစ၍ တွေ့ကြုံသည့်အကြောင်းများကို ဆရာကြီးက အသေးစိတ်မှတ်သားထားခဲ့လေသည်။ မှတ်တမ်းမှတ်ရာဆိုရာ၌ နေ့စဉ်မှတ်တမ်းများ အများဆုံးပါဝင်သည်။ နေ့စဉ်မှတ်တမ်းများဖြစ်သည့်အတွက် နေ့စဉ်ကြုံတွေ့ရသော ဖြစ်ရပ်များလည်း ပါဝင်လေသည်။ ရင်ထဲသို့ ရိုက်ခတ်လာသော ခံစားမှုများကို အသံတိတ်ရင်ဖွင့်ပြချက်များလည်းပါပါသည်။ ကာယကံရှင်က ဖော်ထုတ်ရေးသားခြင်းမပြုသည့်အတွက် အများပရိသတ်မသိသော အကြောင်းခြင်းရာများလည်း ပါပါသည်။

ဆရာကြီးမင်းသုဝဏ်သည် ထိုမှတ်တမ်းမှတ်ရာများ၊ နေ့စဉ်မှတ်တမ်းများထဲမှ သင့်နိုးရာရာများ ပြန်လည်ရှာဖွေပြီး ဆောင်းပါးများ ရေးသားခဲ့လေသည်။ နမူနာတစ်ခုပြရလျှင် ဆရာကြီးမင်းသုဝဏ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒီးဒုတ်ဦးဘချိုအကြောင်းကို "ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ" ဆောင်းပါးကိုရေးသားခဲ့လေသည်။ ထိုဆောင်းပါးကို ရေးသားခဲ့ရာ၌ ဆရာကြီးမင်းသုဝဏ်သည် နေ့စဉ်မှတ်တမ်း ၁၉၄၇ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် မှတ်တမ်းတင်ရေးသားထားခဲ့သည်များကို ပြန်လည်ရေးသားတင်ပြခဲ့ခြင်းဖြစ်သည်။ ဆရာကြီးမင်းသုဝဏ်သည် ထိုမှတ်တမ်းမှတ်ရာများ၊ နေ့စဉ်မှတ်တမ်းများထဲမှ အကြောင်းအရာအချို့ကို ထုတ်နုတ်၍ဆောင်းပါး အများအပြားရေးသားခဲ့လေသည်။

ဆရာကြီးမင်းသုဝဏ်သည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ရန်ကုန်မြို့ 'သပြေညို' နေအိမ်၌ ကွယ်လွန်သွားခဲ့ပါသည်။ ထိုသို့ ကွယ်လွန်သွားသည့်အခါ ဆရာကြီးမင်းသုဝဏ်စာအုပ်များနှင့် မှတ်တမ်းမှတ်ရာစာအုပ်များကို ဦးထင်ကျော်သည် အမွေဆက်ခံ ထိန်းသိမ်းခွင့်ရရှိခဲ့သည်။ မိဘနှစ်ပါးရှိစဉ်ကပင် ဦးထင်ကျော်သွားရောက်လည်ပတ်သည့်အခါ မိခင်ဖြစ်သူက "အဖေကြီးသားက စုဆောင်းတာဝါသနာပါတယ်။ မှတ်တမ်းတွေ သိမ်းခိုင်းပါလား"ဟု ပြောလေ့ရှိသဖြင့် ဆရာကြီးကလည်း သားဖြစ်သူ ဦးထင်ကျော်အား စာအုပ်နှင့်မှတ်တမ်းများကို နည်းနည်းချင်း ပေးလေ့ရှိသည်။ ထိုသို့ ဖခင်ကြီး သက်ရှိထင်ရှားရှိစဉ်က ပေးခဲ့သော စာအုပ်စာတမ်းများနှင့် ဖခင်ကြီးမရှိတော့သည့်အခါ မိခင်ကြီးက ဆက်၍ပေးသည့် စာအုပ်စာတမ်းများ၊ မိဘနှစ်ပါးစလုံး မရှိတော့သည့်အခါ ကျန်ရစ်သည့် စာအုပ်နှင့်စာတမ်းများကို ရှာတွေ့သမျှ ဆက်လက်ထိန်းသိမ်းခဲ့လေသည်။ သို့နှင့် ဆရာကြီးမင်းသုဝဏ် တစ်သက်တာပြုစုထိန်းသိမ်းစောင့်ရှောက်ထားသော စာအုပ်၊ စာတမ်းများ၊ မှတ်တမ်းများ အတော်ပြည့်ပြည့်စုံစုံ သိမ်းဆည်းခွင့်ရခဲ့ပါသည်။

ဆရာကြီးမင်းသုဝဏ်ထားရစ်ခဲ့သည့် စာအုပ်စာတမ်းများအပြင် မဂ္ဂဇင်းအစောင်စောင်တွင် ရေးသားခဲ့သော ကဗျာ၊ ဝတ္ထုဆောင်းပါးတို့မှ အများစုမှာ စာစုစာရင်းများတွင် စာရင်းပေါက်သော်လည်း စာမူစာသားများက အပြည့်အစုံမရှိတော့။ ထို့ကြောင့် ဦးထင်ကျော်သည် စာမူစာသားများ စုဆောင်းနိုင်ရေးအတွက် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ နေ့စဉ်လိုလိုသွားရောက်၍ ဆရာကြီးမင်းသုဝဏ်၏ စာများကို ရှာဖွေကူးယူထိန်းသိမ်းခဲ့ပေသည်။

ဆရာကြီးမင်းသုဝဏ်၏ မှတ်တမ်းမှတ်ရာနှင့် ပတ်သက်သည့် စာရေးသူ၏ အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ ၁၉၈၇-၈၈ ခုနှစ်လောက်က ဖြစ်မည်ထင်ပါသည်။ စာရေးသူက တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်သည်။ တစ်နေ့ ဆရာကြီးမင်းသုဝဏ်က ကျွန်တော့်ကို သူ့အိမ်သို့ လာခဲ့ရန် လှမ်းခေါ်လိုက်ပါသည်။ အိမ်သို့ ရောက်သွားသောအခါ ကျွန်တော့်အား ဆရာကြီးက ဖိုင်ကြီးတစ်ဖိုင် ပေးပါသည်။




(ဒီဖိုင်ထဲက စာတွေက ဦးစိန်တင်(သိပ္ပံမောင်ဝ)က ဆရာ့ဆီကို ရေးတဲ့စာတွေပဲ။ အကြောင်းအရာမျိုးစုံပဲ။ ပုဂ္ဂိုလ်ရေးတွေလည်းပါတယ်။ ဒါကြောင့် မင်းတို့ဆီမှာပဲ သိမ်းဆည်းထားရင် ကောင်းလိမ့်မယ်)။

ဤသို့နှင့် သိပ္ပံမောင်ဝပေးစာ ဖိုင်ကြီးကို ယူလာပြီး ဆရာဦးသော်ကောင်းထံ ပေးအပ်လိုက်ပါသည်။ ဆရာဦးသော်ကောင်းက ဖတ်ရှုကြည့်ပြီး မိုက်ခရိုဖလင်ရိုက်ပြီးထားရန် ညွှန်ကြားပါသည်။ ထို့ကြောင့် ကျွန်တော်သည် မိုက်ခရိုဖလင်ဌာနစိတ်မှ ဌာနမှူး ဦးမောင်မောင်သိန်းလက်သို့ပေးအပ်ပြီး မိုက်ခရိုဖလင်မိတ္တူများ ယူခဲ့ပါသည်။

ဆရာကြီးမင်းသုဝဏ် မှတ်တမ်းမှတ်ရာများနှင့် နေ့စဉ်မှတ်တမ်းများကို သားဖြစ်သူ ဦးထင်ကျော်သည် ဖခင်ကြီး၏စာများ၊ မှတ်တမ်းများကို လေ့လာဖတ်ရှုပြီး သင့်နိုးရာရာများကို ရွေးချယ်၍ ဆောင်းပါးများ ရေးသားခဲ့လေသည်။ ထိုသို့ ဆောင်းပါးများရေးသားရာ၌ ဦးထင်ကျော်သည် အထောက်အထားအချက်အလက်များကို ရှာဖွေ၍ ရေးသားခဲ့သည်။ အချို့အကြောင်းအရာများမှာ ဆရာကြီးမင်းသုဝဏ်က မှတ်တမ်းမှတ်ရာအဖြစ် ရေးသားခဲ့သော်လည်း ထိုမှတ်တမ်းမှတ်ရာ ဖတ်သူအဖို့ နားလည်ဖို့ ခက်သည်။ ထို့ကြောင့် သူ့ခေတ်သူ့အခါက အကြောင်းအရာများကို ရှာဖွေဖတ်ရှုဖို့ လိုအပ်ပေသည်။ ထို့ကြောင့် ဦးထင်ကျော်က သူရေးသားသည့် ဆောင်းပါးများတွင် ရည်ညွှန်းကိုးကားသည့် စာများပါသည်။ လိုအပ်လျှင် မှတ်ချက်များ ဖော်ပြသည်။ ထိုသို့ ရေးသားနိုင်ရန် ဦးထင်ကျော်အဖို့ မခဲယဉ်းပါ။

ဆရာကြီးမင်းသုဝဏ် မှတ်တမ်းမှတ်ရာများနှင့် နေ့စဉ်မှတ်တမ်းများကို သားဖြစ်သူ ဦးထင်ကျော်သည် ဖခင်ကြီး၏စာများ၊ မှတ်တမ်းများကို လေ့လာဖတ်ရှုပြီး သင့်နိုးရာရာများကို ရွေးချယ်၍ ဆောင်းပါးများ ရေးသားခဲ့လေသည်။ ထိုသို့ ဆောင်းပါးများရေးသားရာ၌ ဦးထင်ကျော်သည် အထောက်အထား အချက်အလက်များကို ရှာဖွေ၍ ရေးသားခဲ့သည်။ အချို့အကြောင်းအရာများမှာ ဆရာကြီးမင်းသုဝဏ်က မှတ်တမ်းမှတ်ရာအဖြစ် ရေးသားခဲ့သော်လည်း ထိုမှတ်တမ်းမှတ်ရာ ဖတ်သူအဖို့ နားလည်ဖို့ ခက်သည်။ ထို့ကြောင့် သူ့ခေတ်သူ့အခါက အကြောင်းအရာများကို ရှာဖွေဖတ်ရှုဖို့ လိုအပ်ပေသည်။ ထို့ကြောင့် ဦးထင်ကျော်က သူရေးသားသည့် ဆောင်းပါးများတွင် ရည်ညွှန်းကိုးကားသည့် စာများပါသည်။ လိုအပ်လျှင် မှတ်ချက်များ ဖော်ပြသည်။ ထိုသို့ ရေးသားနိုင်ရန် ဦးထင်ကျော်အဖို့ မခဲယဉ်းပါ။

ဦးထင်ကျော် စီးပွားရေးတက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ် ပညာရေးဌာန အထက်တန်းပညာဦးစီးဌာနမှ နေပြီး ၁၉၆၆ ခုနှစ် မတ်လကစ၍ တက္ကသိုလ်ပညာပဒေသာစာစောင်ကို တစ်နှစ်လျှင် လေးကြိမ်ထုတ်ဝေခဲ့သည်။ ထိုစာစောင်တွင် တက္ကသိုလ်အသီးသီး၊ ဆရာ ဆရာမများ၏ ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ စာတမ်းများကို ဖော်ပြခဲ့လေသည်။ ထိုပညာပဒေသာစာစောင် အတွဲ(၃) အပိုင်း(၃) ၁၉၆၈ ခုနှစ်တွင် ဦးထင်ကျော် ကျောင်းသားဘဝက ရေးသားခဲ့သော သုတေသနစာတမ်းတစ်စောင်ကို ဖော်ပြခဲ့ဖူးသည်။ ယင်းစာတမ်းမှာ "၁၁၆၄ ခုနှစ် အင်းလေးစစ်တမ်းကို စာရင်းအင်းဆိုင်ရာရှုထောင့်မှ လေ့လာချက်ဖြစ်သည်။"

ဦးထင်ကျော်အနေဖြင့် "အဘ ဆရာမင်းသုဝဏ်အကြောင်း" ဆောင်းပါးများရေးရာတွင် သာမန်ဆောင်းပါးတစ်ပုဒ်ကဲ့သို့မရေးဘဲ သုတေသနစာတမ်းဆန်ဆန် ရေးသားခဲ့သည်ကို တွေ့ရသည်။ ကျောင်းသားဘဝကတည်းကပင် သုတေသနစာတမ်းများကို ရေးသားခဲ့သည့် အတွေ့အကြုံအရ ယခုဆောင်းပါးများကိုလည်း အကိုးအကားအချက်အလက်များရှာဖွေ၍ ရေးသားခဲ့ခြင်းဖြစ်သည်။

ယခုစာအုပ်တွင် ဦးထင်ကျော်သည် အဘဆရာမင်းသုဝဏ်ဘဝမှ ကျေးဇူးရှင်ဆရာကြီးများအကြောင်းကို မှတ်တမ်း၊ နေ့စဉ်မှတ်တမ်းများကိုအခြေခံ၍ ဆက်လက်သုတေသနပြုပြီး အချက်အလက်ခိုင်မာအောင် လေ့လာပြီးမှ ရေးသားခဲ့သည်ကို တွေ့ရသည်။

ကျေးဇူးရှင်ဆရာကြီး ဦးဖေမောင်တင်ကြောင့် တက္ကသိုလ်ပညာရေးလမ်းခုလတ်မှ ထွက်ရတော့မည့် အဘမင်းသုဝဏ်၏ တက္ကသိုလ်ပညာရေးကို အသက်ဆက်နိုင်ခဲ့သည်။ ယင်းကို ဦးထင်ကျော်က "ဤသို့ဖြင့် တစ်ချိန်က ပညာရေးလမ်းဆုံးတော့မည့်အဘသည် ဆရာကြီးဦးဖေမောင်တင်၏ ဆရာကောင်း၊ ဆရာမြတ်တို့ စေတနာဖြင့် မြေတောင်မြှောက်အားပေးစောင့်ရှောက်မှုကြောင့် တက္ကသိုလ်ပြန်လည်တက်ရောက်ခွင့်ရပြီး ၁၉၃၅ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ဂုဏ်ထူးတန်းဖြင့်အောင်မြင်ကာ အောက်စဖို့ တက္ကသိုလ်ပညာရေးအထိပင် ခရီးဆက်နိုင်ခဲ့သည်"ဟု စာရေးသူ ဦးထင်ကျော်က ရေးသားခဲ့သည်။

ဦးထင်ကျော် ရေးသားပြုစုသော "အဘမင်းသုဝဏ်နှင့် သူ၏ဆရာများ" သည် ဆရာကြီးမင်းသုဝဏ်၏ မူလတန်းမှသည် တက္ကသိုလ်ကျောင်းသား၊ မဟာဝိဇ္ဇာတန်းကျောင်းသားဘဝများကို ဆရာ၏နေ့စဉ်မှတ်တမ်းများကို ကိုးကားကာ အချက်အလက်များကို သုတေသနပြုရှာဖွေရေးသားထားခြင်းများဖြစ်သည်။ ထို့ကြောင့် ဆောင်းပါးတိုင်းလိုလိုတွင် ရည်ညွှန်းကျမ်းကိုးများပါသည်။ လိုအပ်လျှင် မှတ်စုများဖော်ပြခဲ့သည်။

ဤစာအုပ်တွင် ဆရာကြီးမင်းသုဝဏ်၏ ကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာ့စာပေလောကတွင် ကလေးကဗျာများ ပေါ်ပေါက်လာခဲ့သည်။ ထိုအကြောင်းကို ဦးထင်ကျော်က "မင်းသုဝဏ် သို့မဟုတ် ကလေးသာသနာပြုလိုသူ"ဆောင်းပါးဖြင့် ဖော်ထုတ်တင်ပြထားပါသည်။

ဆရာကြီး မင်းသုဝဏ်အကြောင်းပုံဖော်ရာတွင် "ဘုန်းကြီးကျောင်းသား မောင်ဝန်ဘဝ၊ အမျိုးသားကျောင်းသားမောင်ဝန်ဘဝ၊ စိန်ဂျွန်း(သို့မဟုတ်) ဆရာမှတ်ကျောင်းသားမောင်ဝန်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝများကို အသေးစိတ်မီးမောင်းထိုးပြထားသည်။ 'အဘ'ဂုဏ်ထူးတန်းကျောင်းသားဘဝတွင် ထူးထူးခြားခြား မှတ်တမ်းတင်ခဲ့သော ရင်တွင်းခံစားချက် 'စိတ်ဝေဒနာအစဉ်' အကြောင်းကိုလည်း သိမ်မွေ့စွာဖော်ပြထားသည်။ ဆရာကြီးမင်းသုဝဏ်၏ ဘဝလမ်းကြောင်းကို ပုံဖော်ရာ၌ ဆိုင်ရာကာလများတွင် ဆရာကြီးအစဉ်တစိုက် ရေးဖွဲ့ခဲ့သော ကဗျာကလေးများနှင့် ဖွဲ့ယှက်၍ ပြသွားပုံမှာ လှလှပပရှိပါသည်"ဟု ဆရာ မောင်ခင်မင်ဓနုဖြူက အမှာစာတွင် ရေးသားခဲ့လေသည်။

ဆရာကြီး မင်းသုဝဏ်၏ တက္ကသိုလ်မှ ဇာတ်လမ်းတစ်ပုဒ်ကို ဦးထင်ကျော်က ပြန်လည်တင်ပြရာ၌ "ဖခင်ကြီး၏ ဘဝဇာတ်ကွက်လည်စေရန်တည်းဟူသော ရည်ရွယ်ချက်တစ်ခုတည်းဖြင့် သူ၏ မှတ်တမ်းများမှ ဖော်ပြသင့်သည်တို့ကို ရွေးချယ်ထုတ်နုတ်ပြီး ကဗျာများနှင့်အတူ ဖတ်သူတို့ထံ လေးစားစွာတင်ပြရန် ကြိုးစားသွားပါမည်။

"အတိတ်ဟူသည် ဖျောက်ဖျက်၍ရကောင်းသောအရာမဟုတ်ပါ"ဟူ၍ ရေးသားခဲ့ပြီး ဆရာကြီးမင်းသုဝဏ်၏ ရင်တွင်းခံစားချက်တစ်ခုကို ထုတ်နုတ်တင်ပြခဲ့သည်။

၅-၁၁-၃၁-မတွေ့ရသ်မှာ ကြာပြီ။ ယခုတွေ့တော့ ဝမ်းသာပါ၏။ သို့ပေမဲ့ သတင်းမလှပါဘူး၊ "မပန်သာသည် ရင်းဟာအကိုက်၊ အခက်နှင့်ပေကိုး။ မြော်လင့်ချက် ရောင်ခြည်ကို တောင်ဘီလာရှေ့က ဆီးလေပေ့၊ ရင်ထုပြီး အတွင်ငိုလိုက်ချင်တော့၊ ရင်ဖိုလှချည့်. . . . ငယ်ကျွန်များ"

အလွမ်းပိုသည့်မှတ်တမ်းကိုက ဇာတ်မူ၊ ဇာတ်ဟန်၊ ဇာတ်ဆန်ကလေးနှင့် နိဂုံးချုပ်ထားသည်။

ဆရာကြီးမင်းသုဝဏ် နေ့စဉ်မှတ်တမ်းတို့မှာ မြန်မာစာပေသမိုင်းတွင် အရေးပါသည့် အချက်အလက်များပါရှိသည်။ နိုင်ငံတကာတွင် ကွယ်လွန်သွားရှာပြီဖြစ်သော စာဆိုပညာရှင်များ၏ စာများ၊ နေ့စဉ်မှတ်တမ်းများ ပြန်လည်ဖော်ထုတ်၍ စာအုပ်အဖြစ် ထုတ်ဝေကြပါသည်။ ယခုလည်း ဆရာကြီးမင်းသုဝဏ်၏မှတ်တမ်း၊ နေ့စဉ်မှတ်တမ်းများကို စာအုပ်အဖြစ် တွေ့မြင်ရသော်။

## ပြည်တွင်းရေးရာ

### ❖ လေ့လာစရာများမှ

ယခုသော် လမ်းများခွဲ့ထားသဖြင့် သစ်လုံးကြီးများဖြင့် တည်ဆောက်ထားသောမုခ်ဦးကို မတွေ့ရတော့။ "မြန်မာ့ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမ" "Home of Teak" ဟူ၍ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဆိုင်းဘုတ်ကြီးနှင့်အတူ သစ်တောဦးစီးဌာနမှထိန်းသိမ်းထားသည့် ၁၉၆၇ ခုနှစ်က စိုက်ပျိုးထားသည့် ကျွန်းစိုက်ခင်းနှင့် ရှောက်ပင်တံတား အနီးရှိ မူလသက်တမ်းရှည်ကြာ ကျွန်းတောကြီး၊ ကျွန်းမျိုးစေ့စုဆောင်းသော သစ်စေ့ထုတ်ဧရိယာသဘာဝကျွန်းကြိုးဝိုင်းရှိသည်။ ထိုနေရာမှာ သစ်တောဦးစီးဌာနက ထိန်းသိမ်းထားသော ကျွန်းတောဖြစ်၏။ သက်တမ်းရင့်ကျွန်းပင်များဖြစ်၏။

မိုင် ၄၀ ကျော်သောအခါ ပုဂ္ဂလိကကျွန်းစိုက်ခင်းများ တွေ့လာရသည်။ ၄၄ မိုင်ရှိ ပေါ်လံလေးရွာရောက်သည် အထိ လမ်းဘေးဝဲ၊ ယာ၌ ကျွန်းစိုက်ခင်းများနှင့် တောကျွန်းများကို အပိုင်းလိုက်မြင်တွေ့သွားရသည်။ ကျွန်းစိုက်ခင်းများမှာ လမ်းဘေးဝန်းကျင်သာမဟုတ်။ လမ်းနှင့်ဝေးသော တောအတွင်းပိုင်းအထိ ရှိနေကြသည်။ ထိုနေရာကို တောင်နဝင်းကြိုးဝိုင်းနှင့် အလယ်နဝင်းကြိုးဝိုင်းဟုခေါ်သည်။ တောင်နဝင်းကြိုးဝိုင်းဧရိယာမှာ ၃၅၀၄၃ ဧက ကျယ်၍ အပိုင်းအကွက် ၅၂ ကွက်ရှိသည်။ ညောင်ဝန်းမှ ပေါ်လံလေး၊ ပေါ်လံကြီး ၄၆ မိုင်၊ ဘော်ဒါ ၅၂ မိုင်၊ ရွှေတောင် ငွေတောင် ၅၃ မိုင်၊ ကရင်မသေ ၆၃ မိုင် ရွာများဝန်းကျင်၌ သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ ကျွန်းစိုက်ခင်းများဖြစ်ထွန်းနေသော ကျွန်းပင်များကို တွေ့ရသည်။ ၅၉ မိုင်နေရာမှာ ပေါက်ခေါင်းမြို့နယ်နှင့် အုတ်တွင်းမြို့နယ် ဧရိယာအစပ်ဖြစ်၏။

ခရီးဆက်သော် ပြောင်ချောင်း ၆၈ မိုင်၊ မရမ်းချောင်း ၇၁ မိုင်၊ ကြက်သျှာ ၇၄ မိုင်၊ ကြက်မနက် မိုင် ၈၀ တစ်လျှောက် ကျွန်းစိုက်ခင်းများ၊ တောကျန်သစ်တောများဖြင့် သာယာသော တောတောင်ကြောလမ်းဖြစ်ပါသည်။ လမ်းဘေးဝဲ၊ ယာ တောနက်နက်ကို မျက်စိတစ်ဆုံးမြင်ရ၏။ ထိုလမ်း၌ ကြက်မနက်သည် အမြင့်ဆုံးနေရာဖြစ်သည်။

ကြက်မနက်နှင့် အုတ်တွင်းကြားမှာ မိုင် ၄၀ ကျော်ရှိ၍ ကြက်မနက်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းတို့ဆုံရာ အနီး ဗောဓိကုန်း မိုင် ၁၂၀ ကြား၌ ရွာကြီးရွာငယ် ၁၄ ရွာ ဖြတ်သွားရသည်။ ထိုအပိုင်း၌ စိန်ရေဘီနယ်၊ ခပေါင်းကြိုးပြင်ကာကွယ်တော၊ ခပေါင်းကြိုးဝိုင်း၊ ဘုန်းတောင်ကြိုးဝိုင်း၊ ပေါက်တောကြိုးဝိုင်း ဧရိယာများရှိသည်။ ထိုကြိုးဝိုင်းများ၌ သစ်တောဦးစီးဌာနပိုင် ကျွန်းတောများ ရှိသကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီဆိုင်းဘုတ်စိုက်ထူထားသော ကျွန်းစိုက်ခင်းဧရိယာများကို မြင်တွေ့ရသည်။ ပုဂ္ဂလိကကျွန်းစိုက်ခင်းဟု အမည်တပ်ကာ ဧကမည်ရွေ့မည်မျှဟု ဆိုင်းဘုတ်ထူထားသော်လည်း ပေါက်ခေါင်းဘက်ဧရိယာလောက် မစည်ပင်၊ ကျွန်းစိုက်ခင်းအများစုမှာ ပါးလျားလှသည်ကို အားမရဖွယ်တွေ့ရသည်။

ပေါက်ခေါင်း-အုတ်တွင်းလမ်းတစ်လျှောက် ပုဂ္ဂလိကစိုက်ခင်းဧရိယာများမှာ ၂၀၀၇ ခုနှစ်က စတင်စိုက်ပျိုးခဲ့ကြရာ စနစ်တကျ ဖိဖိစီးစီးစိုက်ကာ ပြုစုပျိုးထောင်ကြသော အခင်းအများအပြားမှာ အတော်ပင်ဖြစ်ထွန်းနေကြပြီဖြစ်ပြီး မျောအဆင့်ပင်ညှပ်များပင် ခုတ်ထုတ်နိုင်သောအနေအထားမြင်တွေ့ရသည်။

ပြည်-အုတ်တွင်း ပဲခူးရိုးမဖြတ်လမ်း၏ တစ်ချိန်က လမ်းအနေအထားမှာ လမ်းအဖြစ်အဆင့်သာရှိခဲ့ဖူးသော်လည်း ယခုအခါ၌ ချဲ့ထွင်သင့်သည့်နေရာတွင် ချဲ့ထွင်၊ အကွေ့အတက်ကြမ်းသော နေရာများကို ဖြေ၊ ဖြတ်၊ ဖြောင့်၊ ပြုပြင် ကတ္တရာလမ်းချောအဖြစ်လည်း မွမ်းမံခဲ့ရာ လမ်းကောင်းတစ်လမ်းဖြစ်နေပေပြီ။ နေ့စဉ် အချိန်မှန် ပြေးဆွဲသော ခရီးသည်တင်ယာဉ်များပင် ပြေးဆွဲနေသည်ကို တွေ့ရသည်။ ပေါင်းတလည်၊ ပေါက်ခေါင်းသာမက လမ်းပေါ်ရှိ ရွာများမှာလည်း များစွာဖွံ့ဖြိုးလာနေသည်။

မျက်မှောက်အချိန်ကာလတွင် ရုက္ခဗေဒဆိုင်ရာ လေ့လာသူများ၊ သစ်တောဘက်ဆိုင်ရာလေ့လာသူများ၊ ကျွန်းသစ်တော၊ ကျွန်းစိုက်ခင်းလေ့လာသူများ ထိုဒေသသို့ မကြာမကြာလာရောက်ကြကြောင်း သိရသည်။ လာရောက်လေ့လာကြသူများအတွက် အခက်အခဲမှာ တည်းခိုနေထိုင်ရန်၊ စခန်းချရန် အခက်အခဲရှိကြ၍ ပြည်၊ အုတ်တွင်းတို့မှ နေ့ချင်းပြန်လာရောက်မှုသာပြုနိုင်ကြသည်။ အဆက်အသွယ်ရှိသူ လူနည်းစုအနေဖြင့်မူ ကျွန်းစိုက်ခင်းစခန်းအချို့၌ ညအိပ်ညနေတည်းခိုခွင့်ရရှိကာ ဒေသလေ့လာရေးသွားရောက်နိုင်ကြသည်။




တောဆင်ရိုင်းသတိပေးဆိုင်းဘုတ်ကို တွေ့ရစဉ်။



ကျေးရွာလူထုပိုင် ဆင်ယဉ်ကို တွေ့ရစဉ်။

မိုင် ၄၀ ကျွန်းစိုက်ခင်းဧရိယာမှ မိုင် ၈၀ ကြက်မနက်ရွာ ဝန်းကျင်အထိ ဒေသတွင်း ကျက်စားနေထိုင်သော ငှက်များကို လေ့လာခွင့်၊ ဓာတ်ပုံရိုက်ခွင့် ရခဲ့သည်။ ထိုလမ်းတစ်လျှောက် လမ်းဘေးရှိ ကျွန်းစိုက်ခင်းများ၊ သဘာဝတောကျန်နှင့် တောအုပ်များ၌ ငှက်မျိုးစိတ်အတော်များများ တွေ့ခဲ့ရသည်။ အထူးသဖြင့် မိုင် ၄၀ ခန့်မှ ကရင်မသေရွာ(မိုင် ၆၀ ကျော်)အတွင်း လမ်းဘေးဝဲ၊ ယာ သစ်တောနှင့် ကျွန်းစိုက်ခင်းများကြား၌ ဒေါင်း၊ လင်းယုန်၊ အောက်ချင်း၊ သစ်တောက်ငှက်၊ ငှက်တော်မြီးရှည်၊ နဖလားကြူး၊ ဝါဖတ်လေး စသည့် တွေ့ရခဲ့သော ငှက်များအပါအဝင် ငှက်မျိုးစိတ် ၆၇ မျိုး တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။ ယခုထက် အချိန်ပေးရှာဖွေပါက နောက်ထပ်မျိုးစိတ်များ တွေ့နိုင်သေးသည်ဟု မျှော်လင့်ရသည်။

စာရေးသူအတွက် ကုသိုလ်ကံကောင်းစွာ မိတ်ဆွေကြီး ဗိသုကာအင်ဂျင်နီယာ ဦးအောင်စိုးမြင့်၏အကူအညီဖြင့် ၄၃ မိုင်ရှိ ဖြိုးစည်သူကျွန်းစိုက်ခင်းရုံးစခန်း၌ တည်းခိုခွင့်ရခဲ့၏။ ထိုရုံးစခန်း၊ ဝန်ထမ်းရိပ်သာ၊ ဝန်ထမ်းတည်းခိုဆောင်များ ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေးတာဝန်ကို ဦးအောင်စိုးမြင့်က နှစ်အတန်ကြာကပင် ဆောင်ရွက်နေရာသူကပင် ထိုဝန်းကျင်၌ ငှက်များပေါကြောင်း၊ ဒေါင်းများတွေ့ရကြောင်း သတင်းပေး၍ လာရောက်လေ့လာရန် ဖိတ်ခေါ်ခဲ့ပါသည်။ ဦးအောင်စိုးမြင့်မှာ ပန်းချီအနုပညာနှင့် ငှက်ဝါသနာရှင်တစ်ဦး ဖြစ်သည်။

ရောက်ရှိနေထိုင်ကာ ငှက်များရှာဖွေလေ့လာခဲ့ချိန်အတွင်း စိုက်ခင်းမန်နေဂျာ ဦးလှသောင်းနှင့် ရုံးဝန်ထမ်းများ၊ အထူးသဖြင့် စိုက်ခင်းတာဝန်ခံတစ်ဦးဖြစ်သူ ထိုစိုက်ခင်းပတ်ဝန်းကျင်ဒေသနှင့် တောအထူးကျွမ်းကျင်၍ ငှက်များအကြောင်း အတော်သိသူ ဦးဟန်စိန်တို့၏ အကူအညီ လမ်းညွှန်၊ လမ်းပြမှုကြောင့် များစွာအကျိုးရှိခဲ့သည်။

မိုင် ၄၀ ကျွန်းစိုက်ခင်းဧရိယာမှ မိုင် ၈၀ ကြက်မနက်ရွာဝန်းကျင်အထိ ဒေသတွင်းကျက်စားနေထိုင်သော ငှက်များကို လေ့လာခွင့်၊ ဓာတ်ပုံရိုက်ခွင့်ရခဲ့သည်။ ထိုလမ်းတစ်လျှောက် လမ်းဘေးရှိ ကျွန်းစိုက်ခင်းများ၊ သဘာဝတောကျန်နှင့် တောအုပ်များ၌ ငှက်မျိုးစိတ်အတော်များများတွေ့ခဲ့ရသည်။ အထူးသဖြင့် မိုင် ၄၀ ခန့်မှ ကရင်မသေရွာ(မိုင် ၆၀ ကျော်)အတွင်း လမ်းဘေးဝဲ၊ ယာ သစ်တောနှင့် ကျွန်းစိုက်ခင်းများကြား၌ ဒေါင်း၊ လင်းယုန်၊ အောက်ချင်း၊ သစ်တောက်ငှက်၊ ငှက်တော်မြီးရှည်၊ နဖလားကြူး၊ ဝါဖတ်လေး စသည့် တွေ့ရခဲ့သောငှက်များ အပါအဝင် ငှက်မျိုးစိတ် ၆၇ မျိုးတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။ ယခုထက်အချိန်ပေးရှာဖွေပါက နောက်ထပ်မျိုးစိတ်များတွေ့နိုင်သေးသည်ဟု မျှော်လင့်ရသည်။

ရိုးမဖြတ်လမ်းတစ်ကြောတွင် ပေါ်လံကြီး၌ သစ်တောဌာန၏ ဆင်အိုစခန်းရှိသည်။ ထိုတစ်ကြော၌ တောဆင်ရိုင်းများလည်း ဖြတ်သန်းလေ့ရှိသည်။ ကြက်မနက်နှင့် တောက်တဲ့ရွာ (၁၁၃ မိုင်)ကြား၌ တောဆင်ရိုင်းများနှင့် ပတ်သက်၍ သတိပေးဆိုင်းဘုတ်များ စိုက်ထူထားသည်။ ရွာအချို့၌ မွေးမြူ၍ အလုပ်စေခိုင်းသော ဆင်ယဉ်များလည်းတွေ့ခဲ့ရသည်။ ပေါက်တော (မိုင် ၁၀၀) နှင့် ကြောင်ချောင်း(မိုင် ၁၁၀)ကြား ဘုန်းတောင်ကြိုးဝိုင်းဧရိယာ၌ သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်းဌာနမှ ဆင်ဆေးရုံရှိသည်။ ၁၀၅ မိုင်၌ ဖြစ်သည်။

မိုင် ၁၀၀ ကျော်သာရှိသော ပဲခူးရိုးမဖြတ်လမ်းသို့ သွားရောက်လေ့လာခွင့်ကြုံခဲ့ရာ၌ ဤဒေသတွင် မြန်မာ့ကျွန်းသစ်မူလဒေသ၊ ကျွန်းတော၊ ကျွန်းစိုက်ခင်းများ၊ သဘာဝတောနှင့် မြန်မာ့ဒေသတွင်း သစ်ပင်များ၊ ဆင်များ၊ ငှက်များကို လေ့လာနိုင်သောနေရာဖြစ်သည်။ အထူးသဖြင့် ငှက်ကြည့်ဝါသနာရှင်များအတွက် ဤနေရာသည် ရန်ကုန်နှင့် များစွာမဝေးကွာလှသောနေရာတစ်ခုဖြစ်ရာ သွားရောက်နိုင်ရန် သတင်းမျှဝေလိုက်ရပါသည်။ များမကြာမီတွင် ထိုဒေသသို့သွားရောက်လေ့လာလိုသူများအတွက် တည်းခိုနေထိုင်စခန်းချနိုင်မည့် အခွင့်အလမ်းတစ်ခု တွေ့ခဲ့ရသည်။ ၄၂ မိုင် သစ်တောအတွင်း၌ ဖြိုးစည်သူ ထရိတ်ဒင်းကုမ္ပဏီမှ သဘာဝအပန်းဖြေစခန်း (Natural Resort) တစ်ခုတည်ဆောက်နေရာ ၂၀၁၆ ခုနှစ်လယ်ပိုင်းတွင် စတင်ဖွင့်လှစ်မည်ဟုဆိုပေသည်။ ပထမအဆင့်အနေဖြင့် တစ်ဦးနေ၊ နှစ်ဦးနေ၊ မိသားစုအဖွဲ့(ငါးဦး)နေ ဘန်ဂလိုတည်းခိုဆောင်များ၊ စားသောက်ဆိုင်နှင့် အစည်းအဝေး၊ သင်တန်းခန်းမများပါဝင်သည့် လူ ၃၀ ကျော် တစ်ပြိုင်တည်း တည်းခိုနိုင်သည့်စခန်းဟုဆိုသည်။ ထိုစခန်းဖွင့်ပြီးပါက သဘာဝတော၊ ကျွန်းတောနှင့် ငှက်ကြည့်သူလေ့လာရေးသမားများအတွက် များစွာအဆင်ပြေနိုင်သည်။

ပဲခူးရိုးမ မြန်မာ့ကျွန်းမူလဒေသတွင် ပုဂ္ဂလိကကျွန်းစိုက်ခင်းဧရိယာအများအပြားရှိသော ထိုရိုးမဖြတ်လမ်းဧရိယာတွင် စာရေးသူအမြင်၌ မြေနေရာဦးကာ စိုက်ခင်းဧရိယာများယူထားကြသူများ၌ စနစ်တကျစိုက်ခင်းများ၊ အောင်မြင်သော စိုက်ခင်းများဖြစ်ရန်မှာ ယခုထက်အားထုတ်လုပ်ဆောင်ကြရန် လိုနေသည်ဟု မြင်မိပါသည်။

စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှုသည် မြန်မာ့ကျွန်းသစ်မျိုးဆက်မပြတ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် များစွာအရေးပါလှပေသည်။ ။

**✻ ရှေ့ဖုံးမှ**

ထိုသို့ ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရာတွင် ရည်ရွယ်ထားသည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများ ဖွဲ့စည်းမှုကို ယခင်က တစ်လ၊ နှစ်လခန့် ကြာမြင့်မည်ဟု ခန့်မှန်းထားသော်လည်း ယခုဆောလျင်စွာ ဖွဲ့စည်းနိုင်မည်ဟု ထင်ပါကြောင်း၊ ဆောလျင်စွာ ဖွဲ့စည်းနိုင်ပါက မြန်မြန်ဆန်ဆန် အလုပ်ဖြစ်မည် ဖြစ်ပါကြောင်း။

သို့သော်လည်း ဆောလျင်စွာ ဖွဲ့စည်းသည့်အတွက် နောင်တွင် ပြင်ဆင်စရာများ ရှိလာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် လက်တွေ့လုပ်ကြည့်မှ အပိုအလိုကိုသိမည်ဖြစ်ကြောင်း၊ ယခုဝန်ကြီးဌာနအသီးသီး ပြန်လည်ပြင်ဆင်ဖွဲ့စည်းမည့် ကိစ္စတွင် တစ်ဦးနှင့်တစ်ဦး အသိပေးအကြံပြုစရာများရှိပါက အသိပေးအကြံပြုစေလိုကြောင်း၊ အစည်းအဝေးတွင် မပါဝင်သောဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲလွယ်သည့် အခြေအနေဖြစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံ ပြင်ဆင်ရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌတို့က ဝန်ကြီးဌာနများ ဖွဲ့စည်းပုံ အသစ်ပြင်ဆင်ရေးဆွဲမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်က စာရင်းစစ်ချုပ်ရုံး၏ သဘောထားမှတ်ချက်ကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံ ပြင်ဆင်ရေးဆွဲခြင်းအား အမြန်ဆုံးအကောင်အထည်ဖော်ရန် ကူညီဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ဝန်ကြီးဌာနအသီးသီး၏ တင်ပြချက်များအပေါ် မိမိအနေဖြင့် အားတက်မိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများသည် အတော်အတန် ခရီးရောက်နေပြီဟု မြင်ပါကြောင်း၊ ကြိုတင်ပြင်ဆင်ရေး၊ ပြုပြင်ရေးလုပ်ငန်းများ ခရီးရောက်နေပြီဖြစ်သည့်အတွက် မှန်းထားသည့်အချိန်ထက် ဆောလျင်စွာပြီးစီးမည်ဟု ယူဆပါကြောင်း၊ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ သီးခြားအစည်းအဝေးများတွင် တင်ပြဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအစည်းအဝေးတွင် အတည်ပြုချက်ရရှိပြီးနောက် ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနများအနေဖြင့် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန စသည်တို့၏ ခွင့်ပြုချက်များကို အမြန်ဆုံးရရှိအောင်ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး သဘောတူခွင့်ပြုချက် ရရှိရေးအတွက် အမြန်ဆုံး ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ မြန်မာ့လက်ရွေးစင်အသင်းမှ**

မြန်မာ့လက်ရွေးစင်အသင်းသည် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအတွက် ယနေ့ စတင်လေ့ကျင့်ခြင်းဖြစ်ပြီး ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်တွင် ကစားသမားစုံလင်ခြင်းမရှိခဲ့ပေ။ မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်ကို ကစားသမား ၁၄ ဦးသာ လာရောက်လေ့ကျင့်နိုင်ခဲ့ပြီး AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင်ရမည့် ရန်ကုန်အသင်းမှ ကစားသမား ခုနစ်ဦး၊ ဧရာဝတီအသင်းမှ နှစ်ဦးတို့မှာ မေ ၂၇ ရက် နောက်ပိုင်းမှသာ ပူးပေါင်းလေ့ကျင့်နိုင်မည်ဖြစ်သည်။ တိုက်စစ်မှူး အောင်သူမှာ မေ ၂၂ ရက်မှသာ လက်ရွေးစင်အသင်းသို့ ရောက်ရှိမည်ဖြစ်သည်။ ခွင့်ဖြင့် နေရပ်သို့ ပြန်သွားသော မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်မှာ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် မေ ၂၃ ရက်မှ ပြန်လည်ရောက်ရှိမည်ဖြစ်ရာ လက်ထောက် နည်းပြများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ ဂတ်ဖရိုင်းဒရစ်သည် မူလက မေ ၂၀ ရက်တွင် ပြန်လည်ရောက်ရှိရမည်ဖြစ်သော်လည်း သုံးရက်နောက်ကျခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနှင့်ခြေစမ်းကစားမည့် MNL ညွှန့်ပေါင်းအသင်း ကို ဖွဲ့စည်းရန် စီစဉ်နေပြီး လူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်သည်။ MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းကို လက်ရှိ MNL ပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်သူများဖြင့် ဖွဲ့စည်းနိုင်မှသာ မြန်မာ့လက်ရွေးစင်အသင်းအတွက် အကျိုးရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် မေ ၂၈ ရက်၌ မလေးရှားအသင်းခြေစမ်းပွဲ၊ ဇွန်လဆန်းပိုင်းတွင် လေးနိုင်ငံဖိတ်ခေါ် ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း (ရတနာပုံ)၊ ပြည့်ဖြိုးအောင်(southern)၊ နောက်တန်း-နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ သီဟထက်အောင်(ရန်ကုန်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ အောင်ဇော်(ဟံသာဝတီ)၊ ဟိန်းသီဟဇော်(ရှမ်း ယူနိုက်တက်)၊ အလယ်တန်း-ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ သီဟဇော်(ဧရာဝတီ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရဲကိုဦး၊ မျိုးကိုထွန်း၊ လှိုင်းဘိုဘို(ရတနာပုံ)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ ရှေ့တန်း-အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)နှင့် ဆောင်လမန်(ချင်းယူနိုက်တက်)တို့ ပါဝင်ကြသည်။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Conference Room) ၌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



ယင်းနောက် ဌာနခွဲအလိုက် ဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရုပ်မြင်သံကြား သတင်း ထုတ်လွှင့်မှုနှင့် Central Equipment Room တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# ပုပ္ပားတောင်မကြီး တောမီးမှတစ်ဆင့်ကူးစက်လောင်ကျွမ်းခဲ့သော ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ စက်ပစ္စည်းများအား စစ်ဆေးပြင်ဆင်လျက်ရှိ

**နေပြည်တော် မေ ၂၁**

ပုပ္ပားတောင်မကြီး၌ မေ ၂၀ရက် ညနေ ၄နာရီ၄၅မိနစ်က တောမီးလောင်ကျွမ်းမှုမှတစ်ဆင့် လေပြင်းတိုက်ခတ်မှုကြောင့် ပုပ္ပားရုပ်သံစက်ရုံ၏ အဆောက်အအုံနှင့် စက်ပစ္စည်းအချို့အား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်ကျွမ်းမှုအား စက်ရုံရှိ တာဝန်ကျဝန်ထမ်းများ၊ သက်ဆိုင်ရာမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် စက်ရုံတွင် တပ်ဆင်ထားသည့် စက်ပစ္စည်းအချို့ မီးသင့်ခဲ့သဖြင့် မိုင် ၃၀ဧရိယာအတွင်း မြန်မာ့ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်မှုများနှင့် မြန်မာ့အသံ၊ ချယ်ရီFM၊ ပတ္တမြား FM၊ ရွှေ FM၊ ပုဂံ FM တို့၏ ထုတ်လွှင့်မှုများသည် အချို့နေရာများတွင် ပြတ်တောက်လျက်ရှိသည်။ ပရိသတ်များအတွက် အမြန်ဆုံး ၁၀ရက်ခန့်ကာလအတွင်း ဝန်ဆောင်မှုပြန်လည်ပေးအပ်နိုင်ရန် စက်ပစ္စည်းများအား စစ်ဆေးပြင်ဆင် လျက်ရှိသည်။ သို့ဖြစ်ပါ၍ အဆိုပါဒေသများရှိ ပြည်သူများအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်များကို မိတ္ထီလာ၊ မင်းဘူး၊ ပခုက္ကူ၊ စစ်ကိုင်းနှင့် ချောက်တို့မှ ထုတ်လွှင့်လျက်ရှိသည့် လှိုင်းနှုန်းများကို ပြောင်းလဲ၍ ဖမ်းယူကြည့်ရှုနိုင်ကြောင်း သိရသည်။

ဖမ်းယူရမည့် လှိုင်းနှုန်းများမှာ မိတ္ထီလာစက်ရုံမှ Analogue စနစ်ဖြင့် လှိုင်းနှုန်း Channel J-17၊ DVB-T2 စနစ်ဖြင့် လှိုင်းနှုန်း Channel E-30 ဖြင့်လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း (၈၈ ဒသမ ၀ မီဂါဟတ်စ်) ဖြင့်လည်းကောင်း၊ မင်းဘူးစက်ရုံမှ Analogue စနစ်ဖြင့် လှိုင်းနှုန်း Channel J-8၊ DVB-T2 စနစ်ကို လှိုင်းနှုန်း Channel E-27 ဖြင့်လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း ၉၂ ဒသမ ၅ မီဂါဟတ်စ်ဖြင့်လည်းကောင်း၊ ပခုက္ကူစက်ရုံမှ Analogue စနစ်ဖြင့်လှိုင်းနှုန်း Channel J-26၊ DVB T-2 စနစ်ကို လှိုင်းနှုန်း Channel E-32 ဖြင့်လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း ၈၉ ဒသမ ၂ မီဂါဟတ်စ် ဖြင့်လည်းကောင်း၊ စစ်ကိုင်းစက်ရုံမှ Analogue စနစ်ဖြင့် လှိုင်းနှုန်း Channel G-6၊ DVB-T2 စနစ်ကို လှိုင်းနှုန်း Channel E-31 ဖြင့်လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း (၉၄ ဒသမ ၆ မီဂါဟတ်စ်)ဖြင့်လည်းကောင်း၊ ချောက်မြို့တွင် DVB-T2 စနစ်ကို လှိုင်းနှုန်း Channel E-37 ဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ မင်းဘူးနှင့် စစ်ကိုင်းစက်ရုံတို့မှာ Analogue စနစ်ဖြင့် MRTV NEWS Channel ကို VHF Antenna ဖြင့်ဖမ်းယူရမှာဖြစ်ပြီး မိတ္ထီလာ၊ ပခုက္ကူစက်ရုံ များမှာ UHF Antenna ဖြင့်လည်းကောင်း ဖမ်းယူရမှာဖြစ်သည်။ အလားတူ မိတ္ထီလာ၊ မင်းဘူး၊ ပခုက္ကူ၊ စစ်ကိုင်းနှင့် ချောက်စက်ရုံတို့မှ Digital DVB-T2 စနစ်ဖြင့် ဖမ်းယူမည်ဆိုပါက UHF Antenna ဖြင့် ဖမ်းယူရရှိနိုင်ပါကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပဲခူးမြို့ရွှေမော်ဓောဘုရားပွဲသို့ လှည်းများဖြင့် ရက်ရှည်လာရောက်မှုရှိ

**ပဲခူး မေ ၂၁**

ပဲခူးမြို့ သမိုင်းဝင်တန်ခိုးကြီးဘုရားဖြစ်သည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသော ဘုရားပွဲတော်အား တန်ခူးလဆန်း ၁၁ ရက်တွင် စတင်ခဲ့ရာ ဇာတ်ပွဲအများအပြားကပြဖျော်ဖြေခြင်းဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

ယင်းဘုရားပွဲသို့ ပဲခူးမြို့၏ အနီးတစ်ဝိုက်ရှိရွာများမှ လှည်းများဖြင့် မိသားစုလိုက် နှစ်ရက်၊ သုံးရက်ကြာ ဘုရားခြေတော်ရင်း၌ပင် ရပ်နား၍ ဘုရားဖူးကြခြင်း၊ ဇာတ်ပွဲများကြည့်ခြင်း၊ ရွာအပြန်ဘုရားပွဲဈေးဝယ်ကြခြင်းများဖြင့် ရက်ရှည်လာရောက်မှု ရှိနေကြသည်ကို မြင်တွေ့နေရပြီး တစ်နှစ်တာလုံး အလုပ်လုပ်ကိုင်ပင်ပန်းခဲ့သမျှ ဘုရားပွဲ ကာလမိသားစုလိုက် နှစ်စဉ်လာရောက်အပန်းဖြေကြကြောင်း အလိုင်နီရွာမှဒေသခံတစ်ဦးက ပြောသည်။ **ရွှေဘုန်းအောင်(ပဲခူး)**

**✻ သိမ်ကြီးဈေးမှ**

"ဈေးပထမထပ်မှာရှိတဲ့ စကြံပတ်လမ်းက မဟာဗန္ဓုလခုံးကျော်နဲ့ အနော်ရထာလမ်းခုံးကျော်တံတားကို ပေါင်းကူးဆက်သွယ်ပေးတယ်။ ဒါပေမယ့် ဈေးမျက်နှာစာ စကြံလမ်းတစ်လျှောက် ဘီယာဆိုင် နှစ်ဆိုင်က အခိုင်အမာဆောက်လုပ်ပိတ်ဆို့ထားပြီး နေ့ရောညပါ ရောင်းနေတယ်။ ပထမထပ်အလယ် စကြံလမ်းမှာ ဈေးအတွင်း အဝင်အထွက်ပေါက်ကို ဘီယာဆိုင်ကပဲ အဖွင့်အပိတ်လို လုပ်နေတယ်။ ခုံးကျော်တံတားကနေ ဖြတ်သွားဖြတ်လာ ဈေးသွားဈေးလာတွေ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ မြို့လယ်ကောင်ကြီးဖြစ်ပြီး နိုင်ငံခြားသားတွေလည်း သိရှိနေတဲ့ ဈေးကြီးပါ။ ဥပဒေစိုးမိုးမှုမရှိဘဲ စည်းကမ်းမဲ့ ပြုမူရောင်းချနေတာတွေ၊ ဂိုဒေါင်တွေ ပြုလုပ်ထားတာတွေ၊ တရားမဝင်ဆိုင်တွေ ဖွင့်နေတာတွေက အပြင်က ဈေးဝယ်တွေ ဈေးအတွင်းကို လုံးဝမလာသလောက် ဖြစ်သွားပြီး အပြင်ဘက်က ပျံကျဈေးတန်းမှာပဲ စည်ကားနေတယ်။ ဈေးအဂ်ါရပ်နဲ့ လုံးဝမညီညွတ်သလို သက်ဆိုင်ရာကို တင်ပြတော့လည်း ဘာတုံ့ပြန်မှုမှ မရှိသေးဘူး။ စည်ပင်သာယာဥပဒေကိုလည်း လုံးဝမလိုက်နာဘူး"ဟု သိမ်ကြီးဈေးစီရုံပထမထပ်မှ ဆိုင်ရှင်တစ်ဦးကပြောသည်။

သိမ်ကြီးဈေးစီရုံသည် ဆိုင်ခန်းပေါင်း ၃၄၄ ခန်းရှိပြီး ယခင်က အထပ်လေးထပ်လုံး စည်ကားသိုက်မြိုက်မှုရှိခဲ့သော်လည်း ယခုအခါ မြေညီနှင့် ပထမထပ်တို့၌သာ ဆိုင်ခန်းများရှိတော့ကြောင်း သိရသည်။ ဈေးပိတ်ရက်ရှိသော်လည်း စားသောက်ဆိုင်များ၊ ဘီယာဆိုင်များမှာ ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချနေကြပြီး မူးယစ်ရမ်းကားသူများ၏ အန္တရာယ်၊ စည်းကမ်းမဲ့ အပေါ့အလေး စွန့်ပစ်နေမှု၊ အမှိုက်ပစ်နေမှုနှင့် လုံခြုံရေးပိုင်းဆိုင်ရာတို့တွင် အားနည်းချက်များစွာရှိနေသည့်အတွက် စိုးရိမ်မှုများစွာ ဖြစ်ပေါ်နေရသည်ဟု ဈေးသူဈေးသားများက ဆိုသည်။ နှစ်စဉ်ဈေးပြင်ဆင်စရိတ်များ ဘတ်ဂျက်ချထားပေးမှုများရှိ သော်လည်း ပြုပြင်ထိန်းသိမ်းမှု၊ ဝန်ဆောင်မှုများတွင်လည်း အားနည်းလျက်ရှိသည်ဟုသိရသည်။ ယင်းအပြင် မီးလောင်လွယ်သော ပစ္စည်းများကို သိုလှောင်ထားသည့်အတွက်ကြောင့်လည်း လုံခြုံရေးပိုင်းဆိုင်ရာတွင် အားနည်းနေသည်ဟု သိရသည်။

ဈေးကြီးအတွင်းရောင်းဝယ်ဖောက်ကားမှု မရှိသလောက်ဖြစ်ပေါ်နေသည့်အတွက် ဈေးပြင်ပလမ်းဘေးဈေးသည်၊ ပျံကျဈေးသည်များ နေရာတွင်သာ စည်ကားလျက်ရှိပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ကာ သိမ်ကြီးဈေးပတ်လည်သည် အမြဲပိတ်ဆို့ရှုပ်ထွေးမှုများဖြစ်ပေါ်လျက်ရှိသည်ဟု သိရသည်။

"သိမ်ကြီးဈေး အေရုံ၊ ဘီရုံ၊ စီရုံတွေအလိုက် စည်ကားမှုရှိပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်း ခုံးတံတားက ကူးပြီးရင် ဈေးထဲ မဝင်ဖြစ်တော့ဘူး။ ဆိုင်တွေလည်း မရှိတော့သလို၊ ဘီယာဆိုင် အရက်ဆိုင်နဲ့ဆိုတော့ ဖြတ်လျှောက်ရတာ အဆင်မပြေဘူး။ မြို့လယ်ကောင် ဈေးကြီးဖြစ်ပြီး ဘာမှမရှိဘူး။ အဲဒီနေရာတစ်ဝိုက်က တရားမဝင်တွေများပြီး မှောင်ခိုလိုဖြစ်နေတယ်။ အပြင်ဘက်ကနေပဲ ဖြတ်လျှောက်ဖြစ်တော့တယ်"ဟု ရန်ကုန်မြို့ခံတစ်ဦးကပြောသည်။

အဆိုပါ သိမ်ကြီးဈေးစီရုံစီမံခန့်ခွဲမှု အခြေအနေများ၊ အခက်အခဲများနှင့်ပတ်သက်၍ မြို့တော်ဝန်၊ ဈေးများဌာနနှင့် သက်ဆိုင်ရာတို့သို့ တင်ပြတိုင်ကြားမှုများရှိသော်လည်း တုံ့ပြန်မှုများမရှိသည့်အတွက် လက်ရှိ အုပ်ချုပ်စီမံဆောင်ရွက်နေသည့် အစိုးရနှင့် မြို့တော်ဝန်တို့ထံသို့ ထပ်မံတင်ပြအကြောင်းကြားသွားမည်ဖြစ်ကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

## ရခိုင်ပြည်နယ် စစ်တွေမြို့ သဲချောင်းအဝ ပင်လယ်ပြင်တွင် စက်လှေနစ်မြုပ်

# လူ ၁၈ ဦးသေဆုံးပြီး ၂၀ ပျောက်ဆုံး

**စစ်တွေ ဧပြီ ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ သဲချောင်း(ဗေဒါမော်ကျွန်း)နှင့် လုံခြုံရေးကင်းစခန်းအနီး တစ်မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီခန့်က စက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ စက်လှေပေါ်ပါ ၄၉ ဦးအနက် ၁၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၁၈ ဦး၏ ရုပ်အလောင်းများ ဆယ်ယူနိုင်ခဲ့သော်လည်း ၂၀ မှာ ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါစက်လှေသည် ပေါက်တောမြို့နယ် ဆင်တက်မော်ကယ်ဆယ်ရေးစခန်းမှ မောင်းနှင်လာခြင်းဖြစ်ပြီး စက်လှေအမျိုးအစားမှာ အလျား ၁၅ ပေ၊ အနံ ၁၂ ပေ၊ ရေစူး ခြောက်ပေ၊ ဂျင်ဒေါင်း ၂၅ ကောင် သစ်သားကိုယ်ထည်စက်လှေဖြစ်ကာ စက်လှေပေါ်တွင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၄၉ ဦး လိုက်ပါခဲ့ပြီး သဲချောင်းကျေးရွာတွင် ဈေးဝယ်ရန် လိုက်ပါလာကြခြင်း ဖြစ်သည်။

စက်လှေနစ်မြုပ်ရာမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၁ ဦးတို့အား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ပဲ့နင်းမောင်းကြီးအပါအဝင် အမျိုးသားလူကြီးတစ်ဦး၊ အမျိုးသမီးလူကြီး ခုနစ်ဦး၊ အမျိုးသားလူငယ် လေးဦး၊ အမျိုးသမီးငယ် ခြောက်ဦး စုစုပေါင်း ၁၈ ဦး၏ ရုပ်အလောင်းများအား ဆယ်ယူရရှိခဲ့သော်လည်း ကျန် ၂၀ မှာ ပျောက်ဆုံးလျက်ရှိသဖြင့် ဆက်လက်ရှာဖွေလျက်ရှိသည်။

အဆိုပါ အသက်ရှင်ကျန်ရစ်သူများအနက် ဒဏ်ရာအနည်းငယ်ရရှိသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ သက္ကေပြင်ဆေးရုံတွင်လည်းကောင်း၊ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးမှာ စစ်တွေဆေးရုံကြီးတွင်လည်းကောင်း ဆေးကုသမှုခံယူလျက်ရှိပြီး သေဆုံးခဲ့သူ ၁၈ ဦးနှင့်ပတ်သက်၍ စစ်တွေရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နှစ်သစ်ကူးလက်ဆောင်ပါ ငွေကျပ်သိန်း ၅၀ ဖြင့် သောက်သုံးရေလိုအပ်လျက်ရှိသော သနပ်ပင်မြို့နယ်မှ ကျေးရွာငါးရွာရှိ ရေကန်ဟောင်းငါးကန်အား ပြန်လည်တူးဖော်ပြုပြင်သွားမည်

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်သမ္မတရုံးက ဧပြီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သော အရေးကြီးပုဂ္ဂိုလ်၏ ကိုယ်ရေးအရာရှိအား မီဒီယာကုမ္ပဏီကြီးတစ်ခုမှ နှစ်သစ်ကူးလက်ဆောင်အဖြစ်ပေးအပ်သော ငွေကျပ်သိန်း ၅၀ အား နွေရာသီတွင်ရေရှားပါးသည့် သောက်သုံးရေရရှိရေး ဆောင်ရွက်သည့်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ရာ အဆိုပါငွေဖြင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ရေကန်ဟောင်းငါးကန်အား ပြန်လည်တူးဖော်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သနပ်ပင်မြို့နယ်အတွင်းရှိ ရွာပေါင်း ၂၅ ရွာမှ မြေသားရေကန်များမှာ နှစ်ကာလကြာမြင့်ပြီး ရေငန်ရေစိမ့်ဝင်မှုကြောင့် သောက်ရေအဖြစ် အသုံးမပြုနိုင်ဘဲ သုံးရေအနေဖြင့်သာ အသုံးပြုနိုင်ကြောင်း၊ ယင်းကျေးရွာများအနက် အထက်ကျုံပါကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊ ခလပ်စုကျေးရွာ၊ သနတ္တန်းကျေးရွာနှင့် ကျီးပင်စုကျေးရွာများတွင် သောက်သုံးရေဦးစားပေးလိုအပ်လျက်ရှိရာ ယင်းရွာများရှိ ရေကန်ဟောင်းငါးကန်ကို ပြန်လည်တူးဖော်နိုင်ခြင်းဖြင့် ရက်သတ္တနှစ်ပတ်အတွင်း သောက်သုံးရေပြန်လည်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကန်များပြုပြင်မှုအတွက် တစ်ကန်လျှင် ငွေကျပ် ၁၀ သိန်းခန့်ဖြင့် ငွေကျပ်သိန်း ၅၀ ခန့် ကုန်ကျမည်ဖြစ်ရာ ယင်းကန်များ ပြုပြင်ပြီးစီးပါက ကျေးရွာငါးရွာရှိ အိမ်ထောင်စု ၂၉၄၉ စုရှိ လူဦးရေ စုစုပေါင်း ၁၂၇၉၅ ဦးအတွက် သောက်သုံးရေဖူလုံနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျွန်တော်တို့နိုင်ငံက အသားငါးတွေကို ကျက်အောင်ချက်စားကြတယ် ဒါက ရောဂါကိုကာကွယ်ပေးထားတဲ့ လူနေမှုစနစ်ဖြစ်ပါတယ်



ဒေါက်တာရဲထွန်းဝင်း

### ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**ဖိုးသန့်၊ ရှင်မင်း မေးမြန်းစုစည်းသည်**
**ဓာတ်ပုံ - ဖိုးသန့်**

မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ရှိ မွေးမြူရေးလုပ်ငန်းတစ်ခုတွင် အသက် ၁၀ လအရွယ် ဥစားကြက်အကောင် ၅၅၀ မွေးမြူထားမှုအနက်မှ ၁၂၃ ကောင်သည် မတ် ၃၁ ရက်မှ ဧပြီ ၃ ရက်အတွင်း ပုံမှန်မဟုတ်သော သေဆုံးမှုဖြစ်ပွားခဲ့သည်။

ထိုသို့ သေဆုံးခဲ့မှုအပေါ် ခြံပိုင်ရှင်နှင့် ကြက်မွေးမြူရေးဇုန်ကော်မတီတို့ ညှိနှိုင်းသုံးသပ်သဘောတူညီမှုရယူပြီး အဆိုပါကြက်ခြံမှ ကျန်ရှိသော ၄၂၇ ကောင်ကို ယခုလ ၃ ရက်က သုတ်သင်ရှင်းလင်းပြီး မြေမြှုပ်ခဲ့သည်။

မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်တွင် ကြက်ကောင်ရေ တစ်သိန်းသုံးသောင်းနှင့် တစ်သိန်းခွဲဝန်းကျင်မွေးမြူလျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် ယခုလ ၂၀ ရက်အထိ မုံရွာမွေးမြူရေးဇုန်အတွင်းရှိ ပိုင်ရှင် ၃၃ ဦး၏ ကြက်ခြံ ၅၄ ခြံမှ ကြက်ကောင်ရေ ၂၆၈၃၀ ကိုလည်း ဆက်လက်သုတ်သင်ရှင်းလင်းခဲ့သည်။

ထို့ပြင် ကြက်မွေးမြူရေးဇုန်အတွင်းနှင့် ဇုန်ပြင်ပတွင် ကြက်သေဆုံးမှု ရှိ၊ မရှိ စူးစမ်းထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ ဖြစ်ပွားရာ ကြက်ခြံအနီးရှိ ကြက်ခြံများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ဇီဝလုံခြုံမှုတိုးမြှင့်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းနှင့် ဇုန်အဝင်အထွက်များ ကြပ်မတ်ဆောင်ရွက်ခြင်းတို့ကို ဇုန်ကော်မတီနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရောဂါဆက်လက်မဖြစ်ပွားစေရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့်အဖွဲ့သည် ယခုလ ၈ ရက်မှစတင်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ မုံရွာမြို့ ကြက်မွေးမြူရေးဇုန်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပုံမှန်မဟုတ်တဲ့ ကြက်သေဆုံးမှုနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ကျွန်တော်တို့ဌာနက သုတေသနနဲ့ ရောဂါထိန်းချုပ်ရေးဌာနခွဲက ဦးဆောင်ပြီး ပြီးခဲ့တဲ့ ဧပြီ ၅ ရက်က မုံရွာမြို့ကို သွားရောက်ခဲ့ပြီးတော့ ရောဂါစူးစမ်းထောက်လှမ်းရေးလုပ်ငန်းတွေကို အဲဒီဒေသက ဌာနခွဲနဲ့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီကြက်ခြံတွေက ရောဂါနမူနာပစ္စည်းတွေကိုယူပြီး ရောဂါပိုးအတည်ပြုနိုင်ဖို့ ရန်ကုန်နဲ့ မန္တလေးက ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေကို ဆက်လက်ပေးပို့ခဲ့ပါတယ်။ စစ်ဆေးမှုတွေအရ H 5 နဲ့ H9 ဗိုင်းရပ်စ်ပိုးမျိုးခွဲတွေ ဖြစ်တယ်လို့ သိရပြီးတော့ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ဖို့၊ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေဖို့ ဇီဝလုံခြုံမှုပိုမိုမြှင့်တင်စေဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နဲ့ ဒေသဆိုင်ရာရည်ညွှန်းကိုးကားဓာတ်ခွဲခန်းဖြစ်တဲ့ ဩစတြေးလျနိုင်ငံ (Geelong) ဂီလောင်းက တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းတွေဆီကိုလည်း ဗိုင်းရပ်စ်ရောဂါပိုးမျိုးခွဲ N နဲ့ပတ်သက်ပြီး အတည်ပြုနိုင်ဖို့ ပေးပို့ထားပါတယ်။

**မေး။ ဗိုင်းရပ်စ်ရောဂါပိုးမျိုးခွဲ N နဲ့ပတ်သက်တဲ့ အဖြေကို ဘယ်အချိန်လောက်မှာ သိရှိနိုင်မလဲဆိုတာလည်း ရှင်းပြပေးပါ။**

ဖြေ။ ပုံမှန်အရ ဒီဓာတ်ခွဲခန်းတွေရဲ့အဖြေက တစ်ပတ်၊ ဆယ်ရက်ကြာတတ်ပါတယ်။ ရရှိတာနဲ့ ထုတ်ပြန်ဆောင်ရွက်ပေးသွားမှာပါ။

**မေး။ ဒီကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးဆက်စပ်မှုကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ဒီကြက်ငှက်တုပ်ကွေးရောဂါက တိရစ္ဆာန်ကနေ လူကို ကူးစက်နိုင်ပြီးတော့ ကူးစက်မှုကလည်း မြန်တယ်။ လေထဲကနေတစ်ဆင့် လျင်မြန်စွာ ကူးစက်နိုင်တယ်။ တိရစ္ဆာန်ထက် လူက ပိုအရေးကြီးတယ်။ ဒါကြောင့် လူတွေကို မကူးစက်နိုင်ဖို့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ရတာဖြစ်ပါတယ်။

ထိန်းချုပ်ရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါ အခြေခံမှုအဖြစ် ရောဂါဖြစ်ပွားတဲ့နေရာကို သီးသန့်ခွဲခြားကန့်သတ်တာ၊ သုတ်သင်ရှင်းလင်းတာ၊ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးတဲ့တိရစ္ဆာန် အသေတွေ၊ အစာတွေနဲ့ မစင်တွေကို စနစ်တကျ စွန့်ပစ်တာ၊ သန့်ရှင်းရေးလုပ်ငန်းတွေနဲ့ ပိုးသတ်ဆေးဖျန်းတာ၊ ရောဂါထိန်းချုပ်ရေးနယ်မြေတွေ သတ်မှတ်ပြီးတော့ ရွှေ့လျားရောင်းဝယ်မှုတွေ ကန့်သတ်တာတွေကို အရေးပေါ် ထိန်းချုပ်ရေးစီမံချက်အဖြစ် ရေးဆွဲဆောင်ရွက်ရပါတယ်။

**မေး။ ဒီကြက်ငှက်တုပ်ကွေးနဲ့ပတ်သက်ပြီး ပြည်သူတွေ စိုးရိမ်မှုတွေ ဖြစ်ပေါ်နေတဲ့အပေါ် ဘယ်လိုများ ပြောကြားချင်ပါလဲ။**

ဖြေ။ ကြက်ငှက်တုပ်ကွေးရောဂါပိုးနဲ့ပတ်သက်လို့ H တွေ N တွေရှိပါတယ်။ H က တစ်ကနေပြီး တစ်ဆယ့်ခြောက်အထိ ရှိတယ်။ N ဆို တစ်ကနေ ကိုးအထိရှိတယ်။ ဒီ H နဲ့ N နဲ့ ပေါင်းပြီးတော့မှ ကြက်တွေရောဂါပိုးဖြစ်စေတယ်။ ဒီရောဂါပိုးကြောင့် စီးပွားဖြစ် မွေးမြူတဲ့ကြက်တွေကို ပျက်စီးဆုံးရှုံးမှုများစေတယ်။ ဒ့ါအပြင် လူတွေကိုလည်း ကူးစက်စေနိုင်တယ်။ မျိုးရိုးဗီဇ တဖြည်းဖြည်း ပြောင်းလဲလာနိုင်တဲ့အတွက် ဒီရောဂါပိုးကဖြစ်ရင် အရင်ဆုံးကာကွယ်ရှင်းလင်းရပါတယ်။

**မေး။ မြန်မာနိုင်ငံမှာ ကြက်ငှက်တုပ်ကွေးနဲ့ ပတ်သက်ပြီး လူတွေ အသက်အန္တရာယ်ဖြစ်တဲ့အထိ ဖြစ်ပွားခဲ့ဖူးပါသလား။**

ဖြေ။ မရှိခဲ့ဖူးပါ။ ဘာလို့လဲဆိုရင် ကျွန်တော်တို့နိုင်ငံက အသားငါးတွေကို ကျက်အောင်ချက်စားကြတယ်။ ဒါက ရောဂါကို ကာကွယ်ပေးထားတဲ့ လူနေမှုစနစ် ဖြစ်ပါတယ်။ ဒီရောဂါပိုးက စနစ်တကျကြပ်မတ်ကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် အထူးစိုးရိမ်စရာမရှိဘူး။ လတ်တလောတော့ ဖြစ်ပွားရာဒေသတွေမှာ ကြက်သားနဲ့ကြက်ဥ စားသုံးမှုကို ခေတ္တရှောင်ကြဉ်သင့်ပါတယ်။ ဒီဒေသတွေက ထွက်တဲ့ ကြက်သားနဲ့ ကြက်ဥတွေကိုလည်း ကျွန်တော်တို့ဌာနတွေက စစ်ဆေးပေးပါတယ်။ ကျန်းမာရေးအတွက် စိတ်ချရမှ အပြင်မှာ ရောင်းချစားသုံးခွင့်ပြုပါတယ်။

**မေး။ တခြားဖြည့်စွက်ပြီး ရှင်းပြချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ အထူးသဖြင့် ကြက်မွေးမြူရေးလုပ်ငန်းတွေကို စည်းကမ်းတကျ၊ စနစ်တကျလုပ်မယ်ဆိုရင် ကြက်ငှက်တုပ်ကွေးက အခုလောက်ဖြစ်မှာမဟုတ်ဘူး။ ပိုပြီးလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်မှာပါ။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်ကြီးတံခွန်၊ အမရပူရ၊ စဉ့်ကိုင်၊ ကျောက်ဆည်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို၊ ခင်ဦး၊ ရေဦး၊ ကန့်ဘလူနှင့် မုံရွာမြို့နယ်များတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ်ကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ မှော်ဘီ၊ မြောက်ဥက္ကလာပမြို့နယ်များတွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ သနပ်ပင်နှင့် လက်ပံတန်းမြို့နယ်များတွင်လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ သံဖြူဇရပ်မြို့နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတုံနှင့် မိုင်းဖြတ်မြို့နယ်များတွင်လည်းကောင်း ဖြစ်ပွားခဲ့ဖူးပြီး ရှမ်းပြည်နယ်တွင် လူတစ်ဦး ကူးစက်မှုရရှိခဲ့သော်လည်း သေဆုံးမှုမရှိခဲ့ပေ။

ထို့ပြင် ၂၀၁၀ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မရမ်းကုန်းနှင့် မင်္ဂလာဒုံမြို့နယ်များ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ယင်းမာပင်မြို့နယ်၌ လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တန့်ဆည်၊ ဒီပဲယင်းနှင့် ရေဦးမြို့နယ်များ၌ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချောင်းဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့နယ်၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့နယ်၌ လည်းကောင်း ဖြစ်ပွားခဲ့ရာ မှတ်တမ်းများအရ မုံရွာမြို့နယ်၌ ဖြစ်ပွားမှုမှာ သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။

အဆိုပါ မုံရွာမြို့ ကြက်မွေးမြူရေးဇုန်တွင် ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေမှုနှင့် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များရှိ ကြက်၊ ငှက်များတွင်သာမက လူများအထိ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုမရှိစေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာထားရှိသည်။ ■



# ရဝမ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည့် ဒဘူအဇီးခေါင်ပွဲတော်ကျင်းပ

**မြစ်ကြီးနား ဧပြီ ၂၁**

ရဝမ်လူမျိုးတို့သည် နတ်စားဘဝမှ ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်ပြီး အချိန်တိုကာလအတွင်း ၎င်းတို့ဒေသတွင် ဘက်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးလာသည့်အတွက် ဝမ်းမြောက်သည့်အနေဖြင့်ကျင်းပသည့် ရဝမ်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော် ဒဘူအဇီးခေါင်ပွဲတော် (၂၀၁၆) ဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီတွင် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်စာပေနှင့် ယဉ်ကျေးမှု ကော်မတီရုံးရှေ့မှုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရယ်ဒမ်တန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဇီးခန်းမ၌ ဖွင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌက ပွဲတော်ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရသစ်သည် တိုင်းရင်းသားများ၏အရေးကို အလေးထားပါကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံအနှံ့ တရားဥပဒေစိုးမိုးရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေး၊ တစ်နိုင်ငံလုံးငြိမ်းချမ်းသာယာရေးတို့ကို စွမ်းနိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသနှင့် တိုင်းရင်းသားအရေးများကို လူထုတာဝန်ပေးထားသည်နှင့်အညီ အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ ရဝမ်တိုင်းရင်းသားများအနေဖြင့် မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှု မပပျောက်အောင် ထိန်းသိမ်းသကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် လူမှုဘဝတိုးတက်ရေးကဏ္ဍအသီးသီးတွင် ဆက်လက်ပါဝင်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သင်းအုပ်ဆရာများက ကချင်ပြည်နယ်အစိုးရအဖွဲ့သစ်အတွက် ဆုတောင်းပေးကြပြီး မနောကွင်းအတွင်း တိုင်းရင်းသား တိုင်းရင်းသူများ၏ သရုပ်ဖော်အက ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌဦးဒိန်ခန်ဖုန်(ခ) ဦးခန်လင်၊ ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးရန်နမ်းဖုန်၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်တို့သည် ဒေသခံတိုင်းရင်းသားများနှင့်အတူ ရဝမ်းရိုးရာယဉ်ကျေးမှု ဒဘူအဇီးခေါင်ပွဲတော်၏ စုပေါင်းအဇီးလမ်အကကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# နောက်ဆက်တွဲငလျင်အခြေအနေများကို ကွင်းဆင်းလေ့လာ၍သတင်းထုတ်ပြန်ပေးမည်

**မန္တလေး ဧပြီ ၂၁**

မြန်မာနိုင်ငံငလျင်ကော်မတီအဖွဲ့နှင့် စင်ကာပူနိုင်ငံငလျင်ပညာရှင်များ ပူးပေါင်း၍ ငလျင်ဗဟိုချက်မှစက်ဝိုင်းပုံဏ္ဍာန်ပတ်၍ နောက်ဆက်တွဲငလျင်အခြေအနေများကို အသေးစိတ်လေ့လာကွင်းဆင်းမှုများပြုလုပ်ကာ သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၃ ရက်က မြန်မာနိုင်ငံကို ဗဟိုပြု၍လှုပ်ခတ်ခဲ့သည့်ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိသည့် ငလျင်ဒဏ်၏အဖျားခတ်မှုကို ရန်ကုန်၊ ဧရာဝတီ၊မန္တလေး၊စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်ခံစားခဲ့ရပြီး အဆိုပါငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် အထိအခိုက်အပျက်အစီးများနှင့် နောင်ဆက်လက်ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲငလျင်အခြေအနေများကိုလေ့လာနေပြီး ခန့်မှန်းတွက်ချက်၍သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငလျင်ကော်မတီအဖွဲ့မှအဖွဲ့ဝင် ဒေါက်တာလှမျိုးအောင်(မန္တလေးနည်းပညာတက္ကသိုလ်)က ပြောကြားသည်။

"လှုပ်သွားခဲ့တဲ့ ငလျင်ဗဟိုချက်ကို စက်ဝိုင်းပုံသဏ္ဍာန်ပတ်ပြီးအသေးစိတ်ကွင်းဆင်းလေ့လာမှုတွေ ပြုလုပ်နေပါတယ်။စင်ကာပူနိုင်ငံရဲ့အထောက်အပံ့နဲ့ လုပ်တာပါ။ငလျင်ကော်မတီက အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်ငါးဦးနဲ့ စင်ကာပူနိုင်ငံနန်ယန်းတက္ကသိုလ်ကပညာရှင်နှစ်ဦး စုစုပေါင်းခုနစ်ဦးနဲ့လေ့လာနေပါတယ်"ဟု ၎င်းကဆိုသည်။

ငလျင်သဘောတရားနှစ်မျိုးတွင် တိမ်သည့်ငလျင် (Shallow Earthquake)နှင့် နက်သည့် ငလျင်(Deep Earthquake)ဟူ၍ရှိပြီး ကမ္ဘာမြေထု၏ အပေါ်ပိုင်းတွင်လှုပ်ခတ်ပါက ထိခိုက်မှုပိုများပြီး နက်ရှိုင်းသည့်မြေထုအောက်ပိုင်းတွင်လှုပ်ခတ်ပါက ထိခိုက်မှုနည်းသည့် သဘောသဘာဝရှိကာ ဧပြီ ၁၃ ရက်က လှုပ်ခတ်ခဲ့သည့်ငလျင်မှာနက်ရှိုင်းသည့်မြေထုအောက်ခြေမှ လှုပ်ခတ်ခဲ့ခြင်းကြောင့်အပျက်အစီးနည်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

"လှုပ်ခဲ့တဲ့ငလျင်က ပြင်းအား ၆ ဒသမ ၉ ဆိုပေမယ့် မြေထုရဲ့ နက်ရှိုင်းတဲ့နေရာကလှုပ်ခဲ့တဲ့အတွက် အထိအခိုက်နည်းသွားခဲ့တယ်။ လှုပ်သွားခဲ့တဲ့ အခြေအနေကတော့ အယ်နီညိုရာသီဥတုကြောင့်မဟုတ်ဘဲ အိန္ဒိယနိုင်ငံက မြေထုချပ်ကြီးတွေက ရွေ့လျားလာပြီး မြန်မာနိုင်ငံရဲ့မြေလွှာထုထဲကို တိုးဝင်ပြီး လှုပ်ခတ်ခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

အဆိုပါလေ့လာမှုခရီးစဉ်ကို ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ မုံရွာ၊ ကနီ၊ ကလေးဝ၊ ကလေး၊ မော်လိုက်၊ ရွှေဘို၊ ပခုက္ကူနှင့်မန္တလေးမြို့များတွင်စက်ဝိုင်းပုံစံပတ်၍လေ့လာမှုများပြုလုပ်မည်ဖြစ်ပြီး အသေးစိတ်တွေ့ရှိချက်များကို သုံးသပ်၍ နောင်ဖြစ်ပေါ်လာမည့်ငလျင်အခြေအနေများကို ခန့်မှန်းပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သင်္ကြန်အလွန်သုံးရက် ဘုရင့်နောင်ပွဲရုံအလုပ်သမားများဝင်ငွေကောင်း

**ရန်ကုန် ဧပြီ ၂၁**

သင်္ကြန်အလွန် ဧပြီ ၁၈ ရက်မှ ၂၀ ရက်ထိ သုံးရက်တာကာလအတွင်း ဘုရင့်နောင်ပွဲရုံအချို့တွင် ကုန်တင်ကုန်ချလုပ်ငန်းများ ကောင်းသဖြင့် ယင်းသုံးရက်တာကာလအတွင်း လုပ်ခငွေကျပ် ၅၀၀၀၀ ကျော်ရရှိသည်ဟု ရေတမာလမ်းရှိ ကြက်သွန်၊ အာလူး၊ ကြက်သွန်ဖြူ ရောင်းချသည့် ပွဲရုံမှ သိရသည်။

ဧပြီ ၁၈ ရက်တွင် ပွဲရုံအတွင်းသို့ ကုန်ချသည့်လုပ်ငန်းမှ လုပ်အားခ ကျပ် ၁၀၀၀၀၀ ၊ ဧပြီ ၁၉ ရက်တွင်မှ ကျပ် ၁၀၀၀၀၊ ဧပြီ ၂၀ရက်တွင် ကျပ် ၅၀၀၀၀ ဝန်းကျင်ရရှိခဲ့သည်။

ပွဲရုံမှ ကုန်များနယ်ပို့ကားများပေါ်သို့ ပြန်တင်ရာမှ လုပ်ခ ဧပြီ ၁၈ ရက်တွင် ငွေကျပ် ၅၀၀၀၀၊ ဧပြီ ၁၉ ရက်တွင် ငွေကျပ် ၆၀၀၀၀၊ ဧပြီ၂၀ ရက်တွင် ငွေကျပ် ၆၀၀၀၀ ဝန်းကျင် ရရှိသည်ဟု သိရသည်။

ပုံမှန်ပွဲရုံလုပ်ငန်းတွင် ကုန်တင်ကုန်ချအလုပ်သမားဦးရေ ၁၃ ဦးရှိရာ ဧပြီ ၁၈ ရက်တွင် ခုနစ်ဦးအလုပ်ဆင်းခဲ့ပြီး တစ်ဦးလျှင် လုပ်ခ ကျပ် ၂၄၀၀၀ ရရှိသည်။ ယင်းနေ့တွင် ည ၁၀ နာရီကျော်မှ အလုပ်ခွင်သိမ်းခဲ့သည်ဟု သိရသည်။



ပွဲရုံအလုပ်သမားများ အနေဖြင့် နံနက် ၆ နာရီဝန်းကျင် ပွဲရုံအရောက် အလုပ်ဆင်းရသည်။ ကြက်သွန်နီ တစ်အိတ်လျှင် ယခင်က ၃၅ ပိဿာ၊ အာလူးတစ်အိတ်လျှင် ပိဿာ ၅၀ ခန့် ထည့်သွင်းခဲ့သည်။ သို့သော် ယနေ့ ကာလတွင် ကြက်သွန်နီတစ်အိတ်လျှင် ၂၅ ပိဿာဝန်းကျင်၊ အာလူးတစ်အိတ်လျှင် ပိဿာ ၃၀ ဝန်းကျင်သာ ထည့်သွင်းမှုရှိသည်။

ကြက်သွန်နီ တစ်အိတ်လျှင် ချိန်/တင်အလုပ်သမားခ ၇၅ ကျပ်၊ အာလူးတစ်အိတ်လျှင် ကျပ် ၁၀၀ နှုန်း ရှိသည်။ သကြားတစ်အိတ်လျှင် အလုပ်သမားတင်ခ ကျပ် ၅၀ နှုန်း၊ ၁၀ ပိဿာဝင် ထန်းလျက်တစ်ဘူးလျှင် ကျပ် ၃၀ နှုန်းပေးရသည်ဟု သိရသည်။ ပွဲရုံလုပ်ငန်းကောင်းချိန်တွင် အလုပ်ပင်ပန်းသကဲ့သို့ ဝင်ငွေလည်း ပိုမိုရရှိသည်။

ပွဲရုံသို့ကုန်အဝင်နည်း၍ အလုပ်အကိုင်မကောင်းသည့်အခါ ပွဲရုံကုန်တင် ကုန်ချအလုပ်သမားများအား လုပ်အားခငွေဖြည့်ပေးမှုများရှိသည်။ တစ်ရက်လျှင် လုပ်အားခ ကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ အတွင်း အနည်းဆုံးရရှိသည်။ ယခုနှစ်ကဲ့သို့ ရာသီဥတုပူပြင်းသောအချိန်ကာလများတွင် နေ့လယ်ပိုင်းပွဲရုံအရိပ်အတွင်းတွင်သာ အလုပ်လုပ်ကိုင်မှုများသည်။ ကုန်ပစ္စည်းများ လှည်းဖြင့်သယ်ဆောင်ခြင်းများကို နေ့လယ်အပူချိန်ပြင်းသည့်အချိန်များတွင် သတိထားလုပ်ကိုင်နေရသည်ဟု အလုပ်သမားတစ်ဦးကဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်းတွင် ကုန်စည်မျိုးစုံရောင်းဝယ်နေကြရာ အလုပ်သမားများအနေဖြင့် ပွဲရုံအလုပ်သမားဂန်ဘားခေါ် ပျံကျအလုပ်သမားဟူ၍ ရှိသည်။ ပွဲရုံများတွင် အလုပ်သမားလိုအပ်လျှင် ဂန်ဘားပျံကျလုပ်သားများ ခေါ်ယူအသုံးပြုရာတွင် ပွဲရုံအလုပ်သမားထက် လုပ်အားခနှုန်းပိုမိုပေးရလေ့ရှိသည်ဟု ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။




၂၀၁၅ ခုနှစ်အတွင်းသတ်မှတ်ပြဋ္ဌာန်းခဲ့သော တစ်ရက်တာ အနိမ့်ဆုံး လုပ်ခကြေးငွေကျပ် ၃၆၀၀ ထက် ဘုရင့်နောင်ပွဲရုံဝင်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ ပိုမိုရရှိသော်လည်း တစ်ရက်လျှင် အလုပ်လုပ်ရသည့် နာရီအချိန်သတ်မှတ်ချက်မရှိကြပေ။ လုပ်ငန်းပေါ်မူတည်၍ ဝင်ငွေကောင်းခြင်း၊ အချိန်စောအလုပ်သိမ်းခြင်း၊ အလုပ်သိမ်းချိန်နောက်ကျခြင်းများရှိ တတ်သည်။ ပွဲရုံလုပ်သားများအနေဖြင့် ကုန်ပစ္စည်းအတင်အချအပြင် ကုန်ကားလုပ်သားများက ပေးခဲ့သော ကွမ်းဖိုး၊ လက်ဖက်ရည်ဖိုး အပိုဝင်ငွေများ လည်းရရှိသည်ဟု နှစ်ပေါင်း ၂၀ ကျော် ပွဲရုံတွင် အလုပ်လုပ်နေဆဲဖြစ်သော လှိုင်သာယာမြို့နယ်နေ အလုပ်သမားခေါင်းဆောင် ဦးအေးမြင့်က ပြောပြသည်။ **မောင်စေအောင်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ကွာကျသွားသည် ရွှေသက်န်းများကို မူလအတိုင်း အမြန်ဆုံးပြန်လည်ကပ်လှူပူဇော်သွားမည်

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏီတ)

**ရန်ကုန် မေ ၂၁**
ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေသက်န်းများ ကွာသွားခြင်းကို သက်ဆိုင်ရာအဖွဲ့နှင့်ညှိနှိုင်းမှုများ ပြုလုပ်၍ မူလအတိုင်း အမြန်ဆုံးပြန်လည်ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ကြီး၏ ရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေ က ယနေ့ညနေတွင် မြန်မာ့သတင်းစဉ်သို့ပြောသည်။

"သစ်စေးသုတ်တဲ့အခါမှာ လိုအပ်ချက်တွေရှိလို့ ကွာသွားတာမျိုးဖြစ်နိုင်သလို သဘာဝဘေးဒဏ်အပြင် ငှက်နှုတ်သီးနဲ့ထိုးမိလို့ ဖြစ်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ တာဝန်ယူဆောင်ရွက်ခဲ့တဲ့အဖွဲ့နဲ့ ညှိနှိုင်းမှုတွေလုပ်ပြီး မူလအတိုင်း အမြန်ဆုံးရွှေသက်န်းကပ်လှူပူဇော်သွားမှာပါ "ဟု ၎င်း က ပြောသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် ရွှေသက်န်းတော်ကပ်သည့် အဖွဲ့ လေးဖွဲ့ကို တင်ဒါစနစ်ဖြင့်ခေါ် ယူ၍ ကန်ထရိုက်ပေးခဲ့ရာ ရွှေငါးကြင်း မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် စေတီ၏ တောင်ဘက်ခြမ်းရှိ ရှစ်မြောင့် (ဗုဒ္ဓဟူးဘားနှင့် အင်္ဂါထောင့်) တွင် ယင်းကဲ့သို့ ရွှေမျက်ပါးလွှာ ဧရိယာရှိ ရွှေသက်န်းများမှာ မတ်လအတွင်းက ကွာကျခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ငါးနှစ်တစ်ကြိမ် ရွှေသက်န်း ကပ်လှူပူဇော်လေ့ရှိပြီး ယခုအခါ ကပ်လှူပြီး တစ်နှစ်ခန့်အကြာတွင် ရွှေမျက်ပါးသက်န်းများ ကွာကျခဲ့သည့်အတွက် ကန်ထရိုက် စာချုပ်ပါ စည်းကမ်းချက်များအရ ငါးနှစ်မပြည့်ခင် ပျက်စီးခဲ့သည့်အတွက် တာဝန်ယူ ကပ်လှူပူဇော်ခဲ့ သည့် "ရွှေငါးကြင်း" ရွှေမျက်ပါး သက်န်းကပ်အဖွဲ့က ပြန်လည်ကပ်လှူပေးရမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရှစ်မြောင့်နေရာမှ အောက်ခြေအထိရှိ ကြေးပြားများပေါ်တွင် ရွှေမျက်ပါး သက်န်းကပ်လှူရန် တစ်ပေပတ်လည်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် သိန်း ၂၆၀ ကျော် အကုန်အကျခံကာ လုပ်ကိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

"သစ်စေးဆိုတာက ပူရင် ပျော်တတ်တဲ့အတွက် အခုချိန်မှာလုပ်ရင် သစ်စေးသုတ်ဖို့အခက်အခဲဖြစ်တယ်။ ဒီရာသီဥတုနဲ့ လုပ်ရင် ကောင်းတဲ့နေရာတွေပါ ပျက်စီးသွားနိုင်တဲ့အတွက် သီတင်းကျွတ်နဲ့ တန်ဆောင်မုန်းလောက်မှ ပြန်လည်ပြုပြင်ပေးဖို့ သဘောတူထားပြီးပါပြီ" ဟု "ရွှေငါးကြင်း" ရွှေမျက်ပါး သက်န်းကပ်အဖွဲ့ မှ တာဝန်ရှိသူ ဦးသန်းဝင်း က ဆိုသည်။

လတ်တလော အခြေအနေအရ ရာသီဥတု ပူပြင်းသောကြောင့် ရွှေသက်န်းများကွာသွားသည့် နေရာကို မူလအတိုင်း ပြန်လည်၍ ရွှေသက်န်း ကပ်လှူရန် အခက်အခဲဖြစ်သဖြင့် သီတင်းကျွတ်ကာလ၌သာ ပြန်လည်ကပ်လှူပေးရန် ယင်းအဖွဲ့မှ ဂေါပကအဖွဲ့ထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း လတ်တလော အခြေအနေအရ နှစ်ဖက်ညှိနှိုင်းမှုများ ပြန်လည်ပြုလုပ်၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါစေတီတော်ရုံးအဖွဲ့ ထံမှ သိရသည်။

ရွှေတိဂုံစေတီတော်ကြီးတွင် ရွှေပြားသက်န်းတော်နှင့်ရွှေမျက်ပါးလွှာသက်န်းတော်ဧရိယာနှင့် Gold Coating ဧရိယာတို့ဖြင့် သက်ဆိုင်ရာနေရာအလိုက် ကပ်လှူပူဇော်ထားရှိပြီး ၂၀၁၀ ခုနှစ်ခန့်ကလည်း သဘာဝဘေးကြောင့် ထိုကဲ့သို့ ရွှေမျက်ပါးလွှာ သက်န်းတော်ကွာကျမှုဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာအဖွဲ့မှ တာဝန်ယူ၍ ပြန်လည်ကပ်လှူပူဇော်ခြင်းများ ပြုလုပ်ပေးခဲ့ရကြောင်း သိရသည်။

# ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း (၂) နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး မေ ၂၁**
မန္တလေးမြို့မှ ဆရာကြီးဦးဝင်းတင်ချစ်သူများ ဦးစီးကျင်းပသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်၊ သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း (၂) နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းကပ်လှူခြင်းနှင့် အောက်မေ့ဖွယ်အခမ်းအနားကို မေ ၂၁ ရက် နံနက်ပိုင်းက မန္တလေးခရိုင် အမရပူရမြို့ တောင်သမန်အင်းအနီးရှိ တောင်လေးလုံးကျောင်းတိုက် သူဌေးဘုရားရင်ပြင်တွင် ကျင်းပသည်။

အခမ်းအနားသို့ စာရေးဆရာ၊ ကဗျာဆရာ၊ နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များတက်ရောက်ကြပြီး ကဗျာဆရာ၊ စာရေးဆရာကြီးများဖြစ်သည့် ဆရာဦးကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာမောင်မောင်သစ်လွင် (လူထု)၊ ဆရာတက္ကသိုလ်ထွန်းဝေ၊ ဆရာဦးသိန်းတန်၊ ဆရာသိုက်ထွန်းသက်၊ ဆရာငြိမ်းသစ်၊ ဆရာညီစေမင်းတို့က ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားကြပြီး တက်ရောက်လာသူများက တောင်လေးလုံးကျောင်းတိုက်တွင် ဟံသာဝတီဦးဝင်းတင် အထိမ်းအမှတ်အဖြစ် ယမန်နှစ်က စိုက်ပျိုးထားသောသစ်ပင်အားရေလောင်းကာ ဂုဏ်ပြုကြသည်။

အလားတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)မှ ဦးစီးကာ ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း (၂) နှစ်ပြည့် အထိမ်းအမှတ် ဘုံဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းဆက်ကပ်လှူတန်းပွဲကို မေ ၂၁ ရက် နံနက် ၅ နာရီက မန္တလေးမြို့(၇၂) လမ်းနှင့် (၃၃) လမ်းထောင့်ရှိတိုင်းဒေသကြီးရုံးတွင် ကျင်းပခဲ့သည်။

ဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ၁၉၃၀ ခုနှစ် မတ် ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် မွေးဖွားခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် မေ ၂၁ ရက် နံနက် ၆း၃၀ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်တွင် ကွယ်လွန်ခဲ့သည်။ **(ဝဝ၂)**

# နွား ၈၂ ကောင်ကို စစ်ကိုင်းမြို့နယ် ဦးမှတ်ဘေးမဲ့ခြံသို့ ပို့ဆောင်မည်

**စစ်ကိုင်း မေ ၂၁**
နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့တိုင်း စည်ပင်စီ လိုင်စင်ဖြင့် သတ်အုံ့ဆဲဆဲ နွားများကို မုံရွာမြို့အလယ်ရပ် ချမ်းသာကြီးဘုရားဂေါပကအဖွဲ့နှင့်အလှူရှင် များစုပေါင်းကာ ယခုနှစ်တွင် (၃၄) ကြိမ်မြောက်အဖြစ် စုစုပေါင်း နွား၈၂ ကောင်ကို ဘေးမဲ့လှူနိုင်ခဲ့ကြောင်း ဂေါပကအဖွဲ့ဝင် ဦးတင့်လွင် ထံမှသိရသည်။

"စည်ပင်သာယာက လိုင်စင်စီနဲ့သတ်တော့မယ့် နွား ၂၂ ကောင်ကိုနှစ်ဆန်းတစ်ရက်မှာ ကျပ်၉၁ သိန်းခွဲနဲ့ ဝယ်ယူခဲ့ပါတယ်။ အဲဒီနွား ၂၂ ကောင်က နှစ်ဆန်းတစ်ရက်နေ့မှာ သတ်မယ့် နွားတွေဖြစ်တဲ့အတွက် ကယ်တင်နိုင်သမျှ ကယ်တင်နိုင်ခဲ့ပါတယ်။အနယ်နယ်အရပ်ရပ်က လာလှူတဲ့နွားကောင်ရေက၃၀ရှိပြီး ဒီပဲယင်းစိုင်ပြင်နယ် ရွှေဒါးကန်ကျေးရွာက ခြံပြတ်အဖြစ် အကောင် ၃၀ ကို လှူဒါန်းတာရှိတဲ့အတွက် ဒီနှစ်အလှူရှင်တွေနွား အကောင်လိုက်လာလှူတာပိုများတယ်လို့ ပြောလို့ရပါတယ်" ဟု ဦးတင့်လွင် က ပြောသည်။

အဆိုပါဘေးမဲ့နွား၈၂ ကောင်ကို စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာ ဦးမှတ် ဘေးမဲ့ခြံသို့ နှစ်ဆန်း ၅ ရက် တွင် အလှူငွေ နွားစာဖိုး နွားစာများနှင့်အတူသွားရောက် လှူဒါန်းကြမည်ဖြစ်သည်။ ချမ်းသာကြီးဘုရား ဂေါပကအဖွဲ့အနေဖြင့် ၁၃၄၅ခုနှစ် ပထမအကြိမ်မှစ၍ နွား၊ ကျွဲ၊ ဆိတ်များကို လှူဒါန်း ဒါနပြုလာရာ ပထမအကြိမ်မှပြီးခဲ့သည့် (၃၃) ကြိမ်မြောက်အထိ နွားအကောင် ၆၂၀ (တန်ဖိုးကျပ် ၅၅၅၃၂၀၀၀)၏ အသက်များကို ကယ်တင်နိုင်ခဲ့သည်။ ယခုနှစ်တွင် ထူးထူးခြားခြားခြံအဖြစ် နွားအကောင် ၃၀ကိုရွှေဒါးကန်ကျေးရွာမှ ဦးဝင်းဗိုလ် က လာရောက်ဘေးမဲ့ပြုလှူဒါန်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံနေရာအနှံ့မှလည်း နွားအကောင်လိုက်လှူသူ အလှူငွေလှူဒါန်းသူများ ယခင်နှစ်ကထက်ပိုများကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

■

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

**ညောင်လေးပင် မေ ၂၁**
ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မေ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလယ်ရွာ ရွာမကျေးရွာ၌ ကျင်းပသည်။ ရှေးဦးစွာ မီးလင်းရေးဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဌ ဦးသိန်းနိုင်၊ ပြွန်တန်ဆာမြို့ လျှပ်စစ်မှူး ဦးခင်မောင်ထွန်း၊ အလှူရှင် ရန်ကုန်မြို့နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မီးလင်းရေးကော်မတီဥက္ကဌ ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ထရန်စဖော်မာအား ပြွန်တာဆာမြို့ ဇမ္ဗူအေးတောရ အင်းဝိုင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယ၊ အလယ်ရွာ ရွာမကျောင်းဆရာတော် သာသနဓဇဓမ္မာစရိယဦးခေမာစာရနှင့် အလှူရှင် ရန်ကုန်မြို့နေ သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်တို့က နံ့သာရည်များပက်ဖျန်းပေးကြသည်။

ယခုဖွင့်လှစ်သော အလယ်ရွာ ရွာမကျေးရွာသည် အိမ်ခြေ ၁၉၀ လူဦးရေ ၅၇၉ ဦးရှိပြီး မီးကြိုး၊ ဓာတ်တိုင်၊ ဆက်စပ်ပစ္စည်းများကို ကိုယ်ထူကိုယ်ထ ငွေကျပ် သိန်း ၂၁၀ ကုန်ကျခံကာတည်ဆောက်ခဲ့ပြီး လိုအပ်သော ငွေကျပ် ၂၁၅ သိန်းတန် 200 KVA ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်မြို့နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်မိသားစုက လှူဒါန်းပေးခဲ့၍ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီး ဒေသခံပြည်သူများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ လျှပ်စစ်မီးသုံးစွဲခွင့်ရပြီဖြစ်၍ များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဂွ-ငါးသိုင်းချောင်း တောင်ကြောလမ်းတစ်လျှောက်ရှိကျေးရွာများသို့ သောက်သုံးရေများ အိမ်တိုင်ရာရောက်ဖြန့်ဝေလှူဒါန်း

**ရေကြည် မေ ၂၁**
ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ဂွ-ငါးသိုင်းချောင်း တောင်ကြောကားလမ်းမဘေးဝဲယာရှိ သောက်သုံးရေအခက်အခဲရှိသော မိဿလင်ကျေးရွာအုပ်စု မိုင် ၂၀ နှင့် ၂၂မိုင် ကျေးရွာများသို့ မေ ၂၁ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့တို့မှ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်နှစ်စီးဖြင့် အိမ်ထောင်စု ၇၅စု နှင့် လူဦးရေ ၃၁၄ ဦးတို့အတွက် အိမ်တိုင်ရာရောက် သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထို့အပြင် ဂွ-ငါးသိုင်းချောင်းလမ်းအရှေ့ဘက်ရှိ ဒရယ်ခုန်ကျေးရွာ အိမ်ခြေ ၁၃၇ အိမ်သို့လည်း ဒုတိယအကြိမ် ရေဂါလန် ၁၆၀၀ ထပ်မံဖြန့်ဝေလှူဒါန်းခဲ့ပြီး အဆိုပါကျေးရွာများမှာ ရေတွင်းများ တူးဖော်မရရှိနိုင်သောကျောက်တောင်မြေအမျိုးအစားဖြစ်ခြင်း၊ ရေသိုလှောင်ထားရှိရန်အတွက် နွေအခါစိမ့်စမ်းရေလုံလောက်စွာမရရှိခြင်းတို့ကြောင့် နှစ်စဉ်သောက်သုံးရေပြတ်လပ်မှုနှင့်ရင်ဆိုင်နေကြရကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

ဆက်လက်၍ သောက်သုံးရေများအပြင် စေတနာရှင်ပြည်သူများကလှူဒါန်းထားသော ရေသန့်ဘူးအလုံး၅၀၀ကိုလည်း ဆက်လက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရ သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

■



## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂ - ၄ -၂၀၁၆ (သောကြာနေ့)]

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၄၀ "စံထားရမည့်ယဉ်ကျေးမှု" တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃၉)
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၇)
၁၀:၁၀ ခေတ်သစ်ပျိုမေ
၁၀:၅၅ အနုပညာမိုးကောင်းကင်
၁၁:၁၀ Food & Decor
၁၁:၄၀ MRTV-4 Stage
၁၂:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၁)
၁၂:၅၀ ရန်ကုန်မြင်ကွင်းကျယ်
[(၂၁)နှစ်မြောက် မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား]
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၇)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၀)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၈)
၈:၁၅ ရသစုံညွန့်တမ်းများ
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈၈)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၂)
၁၀:၀၅ MRTV-4 Stage
၁၀:၃၀ World of Knowledge (Dog Whisperer Bites Back Male Phobia)

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ "မန္တလေး မဟာမုနိရုပ်ပွားတော်မြတ် ကြီးရောင်တော်ဖွင့်ရေကင်းသံ"
၉:၃၅ ပြည်သူတို့ရဲ့စကားသံများ
၁၀:၃၅ ASEAN Fashion
၁၁:၁၅ Weekly Sports Info
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၄)
၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၄)
၂:၀၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)
၃:၃၅ "သဘာဝအဆင်အသွေးနဲ့ ထင်ရှေးလို့ အလှခြယ်"
၄:၁၅ "ဘောလုံးအားကစားနည်း၏ အခြေခံနည်းစနစ်များ" (နောက်တန်းကစားသမား) (ဒုတိယပိုင်း)
၄:၃၅ Football Magazine (ရတနာပုံယူနိုက်တက်အသင်း)
၅:၁၅ Catch Asia News
၅:၃၅ Hyper Sports
၆:၃၅ The Farmer
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၅)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၅) -ချစ်သောဤကမ္ဘာမြေ -သမိုင်းကို ဖော်ပြသော ဝါကျများ "ဇာတ်မင်းသမီးကြီး ဒေါ်ဥသြကြည်နှင့် တွေ့ဆုံခြင်း"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆:၃၀ ပြည်သူ့နီတိ "မြေ"
၆:၅၀ တေးဂီတအစီအစဉ်
၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၂၉)
၇:၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၂၉)
၈:၃၀ ကာတွန်းအစီအစဉ် "Epic" (အပိုင်း-၂)
၉:၁၀ တေးဂီတအစီအစဉ်
၉:၂၀ English Premier League (Review) (အပိုင်း-၃)
၉:၃၀ နိုင်ငံတကာ ရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၅၀ ပန်းချီဆရာကြီးဦးလွန်းကြွယ် အစီအစဉ်
၁၀:၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "မင်္ဂလာဦးည"

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### mitv

07:26 To The Land Of Countless Temples - Bagan Trip (EP-1)
07:51 Mt. Naw Bu Baw
08:03 News
08:26 Living in Off-Season
08:38 A May Yay Yin Nat Festival (Episode-2)
08:54 Kyeikhteeyoe: Welcome All
09:26 Nay Pyi Taw Zoological Garden "Well-Trained Elephants"
09:36 Shwe U Min Natural Cave In Kalaw
09:52 Beach Food Delivery

# ကမ္ဘာ့အလှဆုံး အမျိုးသမီးအဖြစ် ရွေးချယ်ခံရတဲ့ ဂျနီဖာအန်နစ်စတန်

ဟောလိဝုဒ်ရဲ့ထိပ်တန်းကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မင်းသမီးဂျနီဖာအန်နစ်စတန်ဟာ အမေရိကန်နိုင်ငံထုတ် ပီးပဲလ်မဂ္ဂဇင်းကြီးက ရွေးချယ်လိုက်တဲ့ ယခုနှစ်အတွက် အလှဆုံးအမျိုးသမီးအဖြစ် ရွေးချယ်ဖော်ပြခြင်းခံခဲ့ရကြောင်း အီးအွန်လိုင်း ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျနီဖာအန်နစ်စတန်ဟာ ပီးပဲလ်မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်ကလည်း အဆိုပါမျက်နှာဖုံးမှာ ဖော်ပြခြင်းခံခဲ့ရတဲ့အတွက် ယခုတစ်ကြိမ်ဟာ အန်နစ်စတန်အတွက် ဒုတိယအကြိမ် ဖော်ပြခံခဲ့ရခြင်းဖြစ်ပါတယ်။

အဆိုပါမဂ္ဂဇင်းမှာ အသက် ၄၇ နှစ်ရှိပြီဖြစ်တဲ့ မင်းသမီးအန်နစ်စတန်ရဲ့ အလှအပနဲ့ နေထိုင်စားသောက်ပုံတွေနဲ့ပတ်သက်ပြီး မေးမြန်းထားတဲ့ အင်တာဗျူး တစ်ခုလည်း ပါဝင်ပါတယ်။ အဆိုပါအင်တာဗျူးမှာ မင်းသမီးက သူ့ရဲ့အလှအပ လျှို့ဝှက်ချက်ကတော့ ဆယ်စုနှစ်နဲ့ချီပြီး လေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ခဲ့ခြင်းပဲ ဖြစ်တယ်လို့ ဆိုပါတယ်။ သူက အစားအသောက်နဲ့ပတ်သက်လို့ အစားရှောင် လေ့ရှိပေမယ့် သီးသန့်စားသောက်တဲ့ ပုံစံတော့မရှိကြောင်း ဖြေကြားခဲ့ပါတယ်။

ဆက်လက်ပြီး အလှအပဆိုတဲ့အဓိပ္ပာယ်ကို မေးမြန်းခဲ့ရာ အန်နစ်စတန်က သူ့အတွက်တော့ လူတစ်ဦးရဲ့အလှတရားဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိခြင်း၊ တည်ကြည်ငြိမ်းချမ်းတဲ့စိတ်ရှိခြင်း၊ ကြင်နာတတ်ခြင်းနဲ့ ရိုးသားမှုရှိခြင်းတို့ပဲ ဖြစ်တယ်လို့ ဖြေကြားခဲ့ပါတယ်။ ညဘက်ကောင်းစွာအိပ်ပျော်ခြင်းဟာလည်း အရွယ်တင်လှပဖို့အတွက် အဓိကလိုအပ်တဲ့ အချက်တစ်ချက်ဖြစ်ပြီး ရေကို လုံလောက်အောင်သောက်သုံးပေးဖို့လည်း မင်းသမီးက အလှအပနဲ့ပတ်သက်ပြီး အကြံပေးပြောကြားခဲ့ကြောင်း သိရပါတယ်။






# အချမ်းသာဆုံးလူငယ်ဂီတပညာရှင်စာရင်းမှာ ထိပ်ဆုံးကရပ်တည်နေတဲ့ အဒဲလ်

ဗြိတိန်ပေါ့ပ်အဆိုတော်အဒဲလ်ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "25"ရဲ့ ရောင်းရငွေ ပေါင်သန်း ၃၀ ရရှိခဲ့ပြီးတဲ့နောက်မှာတော့ ဂရမ်မီဆု များရှင် အဒဲလ်ဟာ ဆန်းဒေးတိုင်းစ်သတင်းစာကဖော်ပြခဲ့တဲ့ အချမ်းသာဆုံး အသက် ၃၀ အောက် လူငယ်ဂီတပညာရှင်စာရင်းမှာ နံပါတ်တစ်နေရာက ရပ်တည်နေခဲ့ကြောင်း ရိုက်တာဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်း ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်အဖြစ်လည်း စံချိန်တင်နိုင်ခဲ့တဲ့ ယင်းတေးအယ်လ်ဘမ်ကို ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ် နိုဝင်ဘာလ အတွင်းက စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး လတ်တလောအချိန်အထိ ယင်းတေး အယ်လ်ဘမ်ရောင်းရငွေစုစုပေါင်း ပေါင် ၈၅သန်းခန့် ရရှိထားပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် (၂၇)နှစ်အရွယ် အဒဲလ်ရဲ့နောက်မှာ အချမ်းသာဆုံးသောလူငယ် ဂီတပညာရှင်အဖြစ် ရပ်တည်နေတဲ့သူကတော့ တေးရေး၊ တေးဆို အက်ဒ်ရှီးရန်ပဲ ဖြစ်ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

# "BEAST" တေးဂီတအဖွဲ့မှ နုတ်ထွက်လိုက်ပြီဖြစ်တဲ့ ဟွန်ဆန်း

တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BEAST"မှ အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဟွန်ဆန်းဟာ အဖွဲ့မှနုတ်ထွက်သွားခဲ့ပြီဖြစ်ပြီး ယခုလို နုတ်ထွက်သွားခဲ့တဲ့အတွက် အဆိုပါတေးဂီတအဖွဲ့ရဲ့ အနာဂတ်အနုပညာလှုပ်ရှားမှုတွေကို အဖွဲ့ဝင်ငါးဦးနဲ့သာ ဆက်လက် လှုပ်ရှားသွားတော့မှာဖြစ်ကြောင်း ကေပေါ့ပ်စတားဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဟွန်ဆန်းအနေနဲ့ အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီဖြစ်တယ်ဆိုတဲ့သတင်းကို ကျူ့ပ်ဖျော်ဖြေရေးအေဂျင်စီက ပြီးခဲ့တဲ့ မေ ၁၉ ရက်မှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုလိုနုတ်ထွက်ခဲ့ရတာနဲ့ပတ်သက်ပြီး ကျူ့ပ်ဖျော်ဖြေရေးအေဂျင်စီက "ဂျန်ဟွန်ဆန်းဟာ BEAST ကနေနုတ်ထွက်သွားခဲ့ပါပြီ။ ကျန်ရှိတဲ့အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ယွန်းဒူဂျွန်၊ လီဂီကွမ်၊ ယန်ယိုစွတ်၊ ယန်းဂျန်ဟွန်၊ ဆန်းဒေါင်ဝင် စတဲ့အဖွဲ့ဝင်ငါးဦးနဲ့ ဆက်လက်လှုပ်ရှားသွားမှာပါ။ ဂျန်ဟွန်းဆန်းအနေနဲ့ အဖွဲ့ကနေနုတ်ထွက်လိုက်ရတဲ့အကြောင်းအရင်းကတော့ သူ့အနေနဲ့ အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေ ပြုလုပ်ရတာထက် တစ်ဦးတည်းရပ်တည်ကာ ဆိုလို တေးသံရှင်တစ်ဦးဖြစ်လိုတဲ့ ရည်ရွယ်ချက်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်"လို့ ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ယင်းဖျော်ဖြေရေးအေဂျင်စီက BEAST တေးဂီတအဖွဲ့အနေနဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်သွားနိုင်ဖို့ ကြိုးပမ်းလျက်ရှိပြီး နိုင်ငံအတွင်း၌သာမက ပြည်ပနိုင်ငံတွေကိုပါသွားရောက်ဖျော်ဖြေနိုင်ဖို့ အစီအစဉ်တွေ ရေးဆွဲ ထားကြောင်းနဲ့ BEAST ကို ခုနစ်နှစ်ကျော်ကြာ ဂီတလောကမှာ ရပ်တည်နိုင်အောင် အားပေး လာခဲ့တဲ့ ပရိသတ်ကြီးအနေနဲ့ သီခြားစီလှုပ်ရှားနေကြတဲ့ BEAST နဲ့ ဟွန်ဆန်းတို့ကို ဆက်လက်အားပေးသွားစေလိုကြောင်းလည်း တိုက်တွန်းပြောကြားခဲ့ပါတယ်။

ဂျန်ဟွန်ဆန်းအဖွဲ့က နုတ်ထွက်မယ်ဆိုတဲ့သတင်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတည်းက ပေါ်ထွက်လာခဲ့တာဖြစ်ပေမယ့် ယခုအချိန်မှ ကျူ့ပ်ဖျော်ဖြေရေးအေဂျင်စီက အဆိုပါသတင်းကို အတည်ပြုပေးခဲ့တာဖြစ်ပါတယ်။ အဖွဲ့ကနုတ်ထွက်ခဲ့ပေမယ့် ဂျန်ဟွန်ဆန်းဟာ လတ်တလောမှာ ကျူ့ပ်ဖျော်ဖြေရေးအေဂျင်စီနဲ့ပဲ စာချုပ်ချုပ်ဆိုကာ ဆိုလိုတေးသံရှင်တစ်ဦးအဖြစ် အနုပညာ လှုပ်ရှားမှုတွေကို ရှေ့ဆက်သွားမှာဖြစ်ကြောင်း သိရပါတယ်။



# ၂၀၁၅-၂၀၁၆ ဥရောပရွှေဖိနပ်ဆု ပြေးလမ်းတွင် စီရိုနယ်လ်ဒို ထိပ်ဆုံးတွင် ဦးဆောင်နေ



ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစတားစီရိုနယ်လ်ဒိုသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွက် ပေးအပ်မည့်ဥရောပရွှေဖိနပ်ဆု ပြေးလမ်းကြောင်းတွင် အခြားသောဥရောပကစားသမားများ၏ ထိပ်ဆုံးတွင် သွင်းဂိုး ၃၁ ဂိုးဖြင့် ဦးဆောင်လျက်ရှိသည်။

ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီမှာမူ ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ပါ ကစားသမားဘဝ တစ်လျှောက် သွင်းဂိုး ၅၀၀ ပြည့်မြောက်အဖြစ် စံချိန်တင် သွင်းယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဂိုးပေါက်ပျောက်ဆုံးသည့်ပွဲစဉ်များပင် ရှိခဲ့သည်။

ပရီမီယာလိဂ်ပြိုင်ပွဲတွင်မူ လက်စတာစီးတီးအသင်းက တိုက်စစ်မှူး ဗာဒီနှင့် စပါးအသင်းက တိုက်စစ်မှူး ဟယ်ရီကိန်းတို့သည်လည်း သွင်းဂိုး ၂၂ ဂိုးစီဖြင့် ဥရောပရွှေဖိနပ်ဆုအတွက် လျာထားခံရသည့်စာရင်းထဲတွင် ပါဝင်လာခဲ့သော်လည်း တိုက်စစ်မှူးဗာဒီမှာမူ ဝက်စ်ဟမ်းနှင့်ပွဲတွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရတာကြောင့် ယခုတစ်ပတ်အတွင်း နောက်ထပ်ဂိုးရဖို့ အခွင့်အရေးပျက်ပြယ်ခဲ့ရသည်။

လက်ရှိဥရောပတစ်ဝန်းရှိ ပြိုင်ပွဲအသီးသီးတွင် ဂိုးအများဆုံးသွင်းယူထားနိုင်ခဲ့သည့် ကစားသမားများကို ဖော်ပြရမည်ဆိုပါက စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်နှင့်အတူ သွင်းဂိုး ၃၁ ဂိုး၊ ဂျိုးနက်စ်သည် ဘင်ဖီကာနှင့်အတူ သွင်းဂိုး ၃၀၊ ဟီဂူအင်သည် နာပိုလီနှင့်အတူ သွင်းဂိုး ၃၀၊ လီဝမ်ဒေါစကီးသည် ဘိုင်ယန်နှင့်အတူ သွင်းဂိုး ၂၇ ဂိုး၊ ဆွာရက်ဇ်သည် ဘာစီလိုနာနှင့်အတူ ၂၆ ဂိုး၊ ဆလီမန်နီသည် စပို့တင်း စီပီနှင့်အတူ ၂၄ ဂိုး၊ အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီနှင့်အတူ ၃၂ ဂိုး၊ ဇာဟာဗီသည် မက်ကာဘီတဲလ်အဗစ်နှင့်အတူ ၃၁ ဂိုး၊ အော့ဘာမေယန်သည် ဒေါ့မွန်နှင့်အတူ ၂၃ ဂိုး၊ မက်ဆီသည် ဘာစီလိုနာနှင့်အတူ ၂၃ ဂိုး၊ ဟယ်ရီကိန်းသည် စပါးနှင့်အတူ ၂၂ ဂိုး၊ ဗာဒီသည် လက်စတာစီးတီးနှင့်အတူ ၂၂ ဂိုး၊ ဘင်ဇီမာသည် ရီးယဲလ်မက်ဒရစ်နှင့်အတူ ၂၂ ဂိုး၊ အဂူရိုသည် မန်စီးတီးနှင့်အတူ ၂၀ ဂိုး အသီးသီးသွင်းယူထားကြသည်။

(ငွေကြယ်)

## မန်စီးတီးအားရင်ဆိုင်ရမည့် ချန်ပီယံလိဂ်ပွဲစဉ်အား ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒို လွဲချော်နိုင်

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ဗီလာရီးယဲလ်အား ရင်ဆိုင်ခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူရန် ကြိုးပမ်းရာမှ လဲကျကာ ဒဏ်ရာရရှိသွားခဲ့သဖြင့် မန်စီးတီးအား ရင်ဆိုင်မည့်ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်ခြင်းရှိ၊ မရှိဆိုသည်ကို အသေးစိတ်မသိရှိရသေးကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။

ယင်းပွဲစဉ်တွင် စီရိုနယ်လ်ဒိုမှာ ဒဏ်ရာရရှိခဲ့သောကြောင့် မိနစ်၉၀ပြည့် ပါဝင်နိုင်ခြင်းမရှိဘဲ ကွင်းထဲမှ ထွက်ခွာခဲ့ရရာ ယခုနှစ် ဘောလုံးရာသီတွင် သူ့အတွက် ပွဲချိန်ပြည့် ဝင်ရောက်ကစားနိုင်ခြင်းမရှိသည့် ပထမဆုံး ပွဲစဉ်ဖြစ်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဗီလာရီးယဲလ်အား ဘင်ဇီမာ၊ ဘက်စကွက်စ်နှင့် လူကာမိုဒရစ်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သော်လည်း စီရိုနယ်လ်ဒို ဒဏ်ရာရရှိသွားချိန်တွင် လူစားလဲသုံးယောက်ပြည့်သွားခဲ့ပြီဖြစ်၍ လက်ကျန်မိနစ်များကို ၁၀ ယောက်တည်းဖြင့် ကစားခဲ့ရသည်။

ဆေးစစ်မှုများပြုလုပ်နေပြီး တိတိကျကျ အဖြေမထွက်သေးသော်လည်း ပဏာမစစ်ဆေးချက်များအရ ပေါင်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စီရိုနယ်လ်ဒိုသည် ဝုဖ်ဘတ်အား အနိုင်ရရှိသည့် ပွဲစဉ်တွင်လည်း တစ်ဦးတည်းသုံးဂိုးသွင်းယူကာ ခြေစွမ်းပြခဲ့သူဖြစ်ပြီး ယခုနှစ် ချန်ပီယံလိဂ်တွင် သွင်းဂိုး ၁၆ ဂိုး၊ ဂိုးဖန်တီးမှုလေးကြိမ်အထိပြုလုပ်ထားနိုင်သော ကစားသမားဖြစ်ရာ အကယ်၍ စီရိုနယ်လ်ဒိုသာ မပါဝင်နိုင်ခဲ့လျှင် ရီးယဲလ်မက်ဒရစ်အနေဖြင့် သေချာပေါက် ခက်ခဲတော့မည်ဖြစ်သည်။

ရီးယဲလ်နည်းပြ ဇီဒန်းက " စီရိုနယ်လ်ဒိုအနေနဲ့ ဒဏ်ရာဘယ်လောက်ပြင်းထန်တယ်ဆိုတာ အသေးစိတ်တော့ မသိရသေးပါဘူး။ သူမပါဘဲ ကစားရမယ်ဆိုရင်လည်း စိုးရိမ်စရာအခြေအနေမရှိအောင် ပြင်ဆင်ရမှာပါ။ ဒါပေမယ့် အဝတ်လဲခန်းမှာ သက်သောင့်သက်သာရှိနေတဲ့ သူ့ရဲ့ပုံစံကြောင့် ကျွန်တော်စိတ်သက်သာရာရခဲ့တာတော့ အမှန်ပါပဲ" ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စီရိုနယ်လ်ဒိုအား နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းထားပြီး ညှိနှိုင်းဆွေးနွေးမှုများအား စတင်လုပ်ဆောင်နေပြီဖြစ်သည်။ မူလစာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ်အထိဖြစ်၍ စာချုပ်သစ်ထပ်မံချုပ်ဆိုဖြစ်လျှင် ၂၀၂၀ ခုနှစ်ရောက်မှသာ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ယင်းကာလတွင် စီရိုနယ်လ်ဒိုမှာ အသက်(၃၅)နှစ်ရှိနေမည်ဖြစ်သည်။ ရီးယဲလ်တာဝန်ရှိသူများက စီရိုနယ်လ်ဒိုအနေဖြင့် လက်ရှိနည်းပြ ဇီဒန်းကဲ့သို့ ရီးယဲလ်၌သာ ကစားသမားဘဝအဆုံးသတ်သွားရန် ဆန္ဒရှိနေကြောင်း သိရသည်။



မေလှဲ့သင်း - စုစည်းသည်

## ဘာရာဂမ်ကို နေမာ ဘယ်လိုခွဲခြားဆက်ဆံခဲ့သလဲ

ဘာစီလိုနာတိုက်စစ်မှူးနေမာနဲ့ ဗလင်စီယာနောက်ခံလူ ဘာရာဂမ်တို့ မေ ၁၅ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ် ပွဲသိမ်းခရာမှုတ်သိမ်းချိန်မှာ အချင်းများခဲ့တဲ့ ဖြစ်စဉ်ဟာ ဒီရက်သတ္တပတ်အတွင်းအလှုပ်ခတ်ဆုံးဖြစ်စဉ်ပါ။ နေမာက ပွဲပြီးသွားချိန် ဘာရာဂမ်နဲ့ အခြားအသင်းဖော်နှစ်ဦး ပွေ့ဖက်လို့ အောင်ပွဲခံချိန်မှာ ဘာရာဂမ်ရဲ့နောက်ကျောနောက်ကနေ လက်နဲ့ပါးကိုလှမ်းပြီး ရိုက်ခဲ့တာဖြစ်ပါတယ်။ ဒီဖြစ်စဉ်ကို ဒိုင်လူကြီး ဖာနန်ဒက်ဇ်ဘော်လလန်က မြင်တွေ့ခဲ့ခြင်းရှိပေမယ့် ဗီဒီယိုအနှေးပြကွက်တွေမှာ နေမာရဲ့ အပြုအမူနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မြင်တွေ့ခဲ့ရပါတယ်။

ဒီဖြစ်ရပ်က အခုလာလီဂါပွဲစဉ်ရောက်မှသာ စတင်ဖြစ်ခဲ့တာမဟုတ်ဘဲ ဖေဖော်ဝါရီလအတွင်းတွေ့ဆုံခဲ့တဲ့ ကိုပါဒယ်ရေး ပွဲစဉ်ကတည်းက စတင်သန္ဓေတည်ခဲ့တယ်လို့ စပိန်သတင်းရင်းမြစ်တွေက ဆိုပါတယ်။ အဲဒီပွဲစဉ်မှာ ဘာစီလိုနာက ဗလင်စီယာကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ ပွဲစဉ်မှာ နေမာက ခြေစွမ်းပြသနိုင်ပေမယ့် အခုလာလီဂါပွဲစဉ်မှာတော့ ဘာစီလိုနာက မထင်မှတ်ဘဲ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ရပါတယ်။



ပွဲကစားချိန်အတွင်းမှာ ဘာရာဂမ်က နေမာကို တားဆီးရင်း "ပရော်ဖက်ရှင်နယ်ဆန်တဲ့ ယဉ်ကျေးတဲ့ အပြုအမူ မရှိသူ" လို့ စွပ်စွဲခဲ့လို့ နေမာက " ခင်ဗျားပါးစပ်ကို ပိတ်ထားလိုက်စမ်းပါဗျာ။

ခင်ဗျားထက် ကျွန်တော်က ဝင်ငွေဆယ်ဆလောက် ကောင်းတဲ့သူဆိုတာ သိထားစမ်းပါ" လို့ တုံ့ပြန်ခဲ့ပြီး နောက်ပွဲအပြီးမှာ အခုလိုဖြစ်ရပ်တွေထိ ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

အဲဒီနောက် အဝတ်လဲခန်းသွားရာ ဥမင်လမ်းတစ်လျှောက်မှာ အော်ဟစ်သံတွေ အရာဝတ္ထုတွေနဲ့ ပစ်ပေါက်မှုတွေဖြစ်ခဲ့လို့ အဲဒီပွဲကို "ပုလင်းပျံပွဲ" ပရိသတ်တွေက ကင်ပွန်းတပ်ခဲ့ကြတယ်ဆိုပြီး ထရီဘယ်လ်ဖွတ်ဘော ဝက်ဘ်ဆိုက်က ဖော်ပြပါတယ်။ ■

## နိုင်ပွဲပြန်လည်ရှာဖွေကြမယ့် အာဆင်နယ်နဲ့ လက်စတာ

## ပရီမီယာလိဂ်ရင်ခုန်သံ - ၃၅

**ပရီမီယာလိဂ်ပွဲစဉ်(၃၅)ကို လာမယ့် မေ ၂၃၊ ၂၄၊ ၂၆ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အက်ဖ်အေဖလားပွဲစဉ်ကြောင့် ပွဲတိုင်းယှဉ်ပြိုင်ကစားသွားမှာမဟုတ်ဘဲ ခုနစ်ပွဲတည်းသာ ယှဉ်ပြိုင်သွားမှာ ဖြစ်နေပါတယ်။ ဒီပွဲစဉ်မှာတော့ အာဆင်နယ်၊ လက်စတာတို့ နိုင်ပွဲပြန်ရနိုင်ပါတယ်။**

**မန်စီးတီး - စတုတ်** ည ၆း၁၅ (၂၃-၄-၁၆)

မန်စီးတီးဟာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့အတွက် အားစိုက်ကစားနေသလိုခြေစွမ်းလည်းကောင်းမွန်နေပါတယ်။ ချန်ပီယံလိဂ် ကစားရမှာဖြစ်ပေမယ့် အိမ်ကွင်းလည်းဖြစ်လို့မန်စီးတီးကသာ ခြေစွမ်းအသာစီးနဲ့ကစားသွားနိုင်မှာသေချာပါတယ်။ စတုတ်ခြေကလည်း အားနည်းမှုတွေရှိနေကာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တာကို တွေ့ရပါတယ်။အထူးသဖြင့် ခံစစ်ပိုင်းကအားနည်းမှုတွေများလွန်းနေကာ ပွဲတိုင်းနီးပါးဂိုးတွေပေးနေရပါတယ်။ ဒါကြောင့်တိုက်စစ်ပိုင်းကအစအားကောင်းလာတဲ့ မန်စီးတီးရဲ့ အိမ်ကွင်းဖိအားပေးမှုကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ မန်စီးတီးပဲအနိုင်ရသွားနိုင်ပါတယ်။

**ဘုန်းမောက် - ချယ်လ်ဆီး** ည ၈း၃၀ (၂၃-၄-၁၆)

ဘုန်းမောက်က တန်းမဆင်းရဖို့အတွက် သေချာမှုမရှိသေးတာကြောင့် အားစိုက်ကစားလာမှာသေချာပါတယ်။ အိမ်ကွင်းလည်းဖြစ်သလိုချယ်လ်ဆီးခြေကလည်း မတည်ငြိမ်ပါဘူး။ ဒါကြောင့်ဘုန်းမောက်ရဲ့အိမ်ကွင်းရှန်းကန်အားကိုချယ်လ်ဆီးတို့ခက်ခက်ခဲခဲကျော်ဖြတ်ရနိုင်ပါတယ်။ ချယ်လ်ဆီးတို့နိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာဖြစ်ပေမယ့် ဘုန်းမောက်ရဲ့ ခံကစားအားကြောင့် အခက်အခဲနဲ့ရင်ဆိုင်ရနိုင်ကာ သရေကျသွားနိုင်ပါတယ်။

**လီဗာပူး - နယူးကာဆယ်** ည ၈း၃၀ (၂၃-၄-၁၆)

လီဗာပူးဟာလက်ရှိအချိန်မှာ ဥရောပဝင်ခွင့်မျှော်လင့်နိုင်တဲ့ အခြေအနေမှာရှိနေတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဘုန်းမောက်ကိုအနိုင်ရခဲ့သလို တိုက်စစ်ကလည်းဂိုးသွင်းခြေရရှိလာတာကို တွေ့ရပါတယ်။ နယူးကာဆယ်ကတော့ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို နောက်ဆုံးပွဲမှာ ဆွမ်ဆီးကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် အဝေးကွင်းခြေကတော့ အားနည်းမှုတွေရှိနေပါတယ်။ လီဗာပူးကသာ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

**ဗီလာ - ဆောက်သမ်တန်** ည ၈း၃၀ (၂၃-၄-၁၆)

ဗီလာဟာတန်းဆင်းသွားရဖို့သေချာနေခဲ့ပြီဖြစ်ပေမယ့်လည်း အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက်တော့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဆောက်သမ်တန်ခြေကကောင်းမွန်နေကာ ဥရောပဝင်ခွင့်ရယူနိုင်ဖို့အတွက်လည်း မျှော်လင့်ချက်ရှိနေတာကြောင့် အမှားခံမှာတော့မဟုတ်ပါဘူး။ လက်ရှိအချိန်မှာ အသင်းလိုက်ကစားအားကလည်းဆောက်သမ်တန်ကပိုမို ကောင်းမွန်နေပါတယ်။ ဆောက်သမ်တန်ပဲအနိုင်ရမှာပါ။

**ဆန်းဒါးလန်း - အာဆင်နယ်** ည ၇း၃၅ (၂၄-၄-၁၆)

ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရဖို့တောင် အခက်တွေ့လာရတဲ့ အာဆင်နယ်ဟာနိုင်ပွဲရယူနိုင်ရေးအတွက်အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာအာဆင်နယ်ရဲ့ခြေက အားနည်းမှုတွေရှိနေကာနောက်ဆုံးနှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ပေမယ့်လည်း ဆန်းဒါးလန်းခြေကသာမန်သာရှိပါတယ်။ ဆန်းဒါးလန်းအနေနဲ့တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာဖြစ်တဲ့အတွက် အာဆင်နယ်အနည်းငယ်အခက်တွေ့နိုင်ပေမယ့်လည်း ဒီပွဲမှာတော့ ကပ်ပြီးအနိုင်ရသွားနိုင်ပါတယ်။

**လက်စတာ - ဆွမ်ဆီး** ည ၉း၄၅ (၂၄-၄-၁၆)

ချန်ပီယံဖြစ်ဖို့အတွက်အားစိုက်ကစားနေတဲ့ လက်စတာတို့ နိုင်ပွဲရယူနိုင်ရေးအတွက်ခြေကုန်ဆုတ်ကစားလာမှာသေချာနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဝက်စ်ဟမ်းနဲ့သရေကျခဲ့တာကြောင့်လည်း လက်စတာတို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ ပိုမိုအားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်ဆွမ်ဆီးကလည်းတန်းမဆင်းရဖို့ ခြေကုန်ထုတ်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လက်စတာတို့အနည်းငယ်အခက်တွေ့နိုင်တာကိုတော့ သတိပြုရမှာပါ။ လက်စတာအနိုင်ရမှာဖြစ်ပေမယ့်လည်း ဂိုးတော့မပြတ်ဘူး။

**စပါး - ဝက်စ်ဘရွန်း** နံနက် ၁း၃၀ (၂၆-၄-၁၆)

လက်စတာကိုဖိအားပေးနိုင်ဖို့အတွက် စပါးတို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိစပါးရဲ့ခြေကလည်း ကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဝက်စ်ဘရွန်းကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတာကြောင့် စပါးစ်အိမ်ကွင်းအားကိုထိန်းချုပ်နိုင်ဖို့ ခက်ခဲမှုတွေရှိလာမှာသေချာနေပါတယ်။ နောက်ဆုံး လေးပွဲဆက်တိုက်အနိုင်မရခဲ့သလို တိုက်စစ်ကလည်းဂိုးသွင်းခြေကျဆင်းနေပါတယ်။ စပါးကသာ အိမ်ကွင်းမှာဖိအားပေးပြီးအနိုင်ကစားသွားမှာ သေချာနေပါတယ်။

[ရှိုင်းမင်းမင်း]

# ပုပ္ပားတောင်မကြီးတွင် လောင်ကျွမ်းလျက်ရှိသည့်တောမီးမငြိမ်းသေး၊ ဆေးမွှန်တောင်ဝန်းကျင်တွင် ဆက်လက်လောင်ကျွမ်းလျက်ရှိ



**ကျောက်ပန်းတောင်း မေ ၂၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ အမြင့် ၄၉၈၁ ပေမြင့်သော ပုပ္ပားတောင်မကြီးထိပ်တွင် မေ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်က တောမီးစတင်လောင်ကျွမ်းခဲ့ရာ လေပြင်းများတိုက်ခတ်မှုကြောင့် တောမီးမှာ လျင်မြန်စွာပျံ့နှံ့ပြီး ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် တောင်ထိပ်ရှိ MRTV ရုပ်သံထပ်ဆင့်လွှင့်စက်ရုံအား မီးစွဲလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါတောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ၁၀ပေ×၂၅ပေ ထပ်ဆင့်လွှင့်စက်ရုံအဆောက်အအုံတစ်ခု၊ ၆၀ KVA မီးစက်တစ်လုံး၊ ၁၂ ဗို့ဘက်ထရီ ၃၂ လုံး၊ Outdoor Unit နှစ်လုံးနှင့် လေအေးပေးစက်များမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယင်းထပ်ဆင့်လွှင့်စက်ရုံ မီးကူးစက်လောင်ကျွမ်းမှုဖြစ်စဉ်အား ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံမှတာဝန်ကျဝန်ထမ်း၏ဆက်သွယ်သတင်းပေးမှုဖြင့် MRTV၊ Micro နှင့် MEC စက်ရုံဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ပုပ္ပားရဲစခန်းစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၇၈) ခြေလျင်တပ်ရင်းမှတပ်မတော်သားများ၊ပုပ္ပားကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများ၊ ကျောက်ပန်းတောင်းမြို့ပေါ်မှ ပြည်သူများ ဝိုင်းဝန်းစုပေါင်းငြိမ်းသတ်ခဲ့ကြရာ ည ၈ နာရီခွဲခန့်တွင် စက်ရုံ၌လောင်ကျွမ်းနေသောမီးထိန်းနိုင်ခဲ့ပြီး ပစ္စည်းများနေရာရွှေ့ပြောင်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တောမီးမှာ တောင်ထိပ်မှတစ်ဆင့် တောင်အောက်ဘက်သို့ဆက်လက်လောင်ကျွမ်းနေရာမှ မေ ၂၁ ရက် မွန်းတည့်၁၂နာရီခန့်တွင် ရဟတ်ယာဉ်ကွင်း (ဦးနုတိုက်ဟောင်း)အထက်ဘက် ဆေးမွှန်တောင်ကုန်းဝန်းကျင်ရှိ ထင်းရှူးတောနှင့် မြက်ခြောက်တောများအား ဆက်လက်လောင်ကျွမ်းလျက်ရှိကြောင်း သိရသည်။

ပုပ္ပားတောင် MRTV ထပ်ဆင့်လွှင့်စက်ရုံ တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်စဉ်အား အသေးစိတ်သိရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယအင်ဂျင်နီယာချုပ်ဦးအောင်ဌေးဦးနှင့် အဖွဲ့ဝင်လေးဦး၊ ပခုက္ကူထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူး ဦးကြည်ရွှင်တို့ရောက်ရှိ၍ ပျက်စီးဆုံးရှုံးမှုအခြေအနေများအား စစ်ဆေးလျက်ရှိကြောင်းသိရသည်။

တောမီးလောင်ကျွမ်းမှုအခြေ အနေများကို မြို့နယ်တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ အမှတ်(၇၈) ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များကစောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး လူနေအိမ်ခြေများသို့ ကူးစက်လောင်ကျွမ်းမှုမရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**
မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် (၁၄၉) လမ်းထောင့်တွင် တွေ့ရှိသူ နေမင်းအောင်(ခ)ဖိုက်ဇဲအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀ ကို သိမ်းဆည်း ရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ မခင်စိုးသန်း(ခ)မနီအား တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ဗညားဒလလမ်းရှိ MR.SUM FANCY & SPY CAMERA ဆိုင်အနီးသို့ စိုးမိုးနိုင်(ခ)ဂတုံးနှင့်အတူ TOYOTA BELTA အမျိုးအစား မော်တော်ယာဉ်ဖြင့်ရောက်ရှိလာ၍ ရှာဖွေရာ စိုးမိုးနိုင်(ခ)ဂတုံးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ၊ မြန်မာငွေကျပ် ၅၀၀၀၀၊ မခင်စိုးသန်း(ခ) မနီထံမှ စိတ်ကြွရူးသွပ်ဆေးပြား၁၇၀၀ စုစုပေါင်းစိတ်ကြွရူးသွပ် ဆေးပြား ၁၇၈၀၊ အိုက်စ်ခြောက်ဂရမ်၊ မြန်မာငွေကျပ် နှစ်သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား ထပ်မံသိမ်းဆည်းရမိသည်။



နေမင်းအောင်(ခ)ဖိုက်ဇဲ၊ မခင်စိုးသန်း(ခ)မနီနှင့် စိုးမိုးနိုင်(ခ) ဂတုံးတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ တောင်ကြီးမြို့ ချမ်းသာရပ်ကွက် နယ်မြေ(၈) အောင်မြတ်လမ်းနေ စိုးသီဟဇော်လတ်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မျိုးကိုကိုအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀ အား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# မင်းဘူးခရိုင်အတွင်း သင်္ကြန်ကာလ၌ မှုခင်း၂၃ မှု ဖြစ်ပွား

**မင်းဘူး မေ ၂၁**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင် ၁၃၇၇ ခုနှစ် သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုများနှင့် အခြားအမှုများဖြစ်ပွားပေါ်ပေါက်ခဲ့သည်။

သင်္ကြန်ကာလအတွင်း မီးလောင်မှုများ၊ မှုခင်းများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် အပူရှိန်မြင့်မားမှုများမှကာကွယ်နိုင်ရန်အတွက် သင်္ကြန်ကာလမတိုင်မီ မတ်လအတွင်းမှစ၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ခရိုင်မီးသတ်တပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်များအတွင်းရှိ ကျေးရွာများသို့စိမ်ချက်များရေးဆွဲ၍ ကွင်းဆင်းကာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့သည်။

သင်္ကြန်ကာလအတွင်း အေးချမ်းစွာရေကစားနိုင်စေရန် လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် နေ့၊ ည ဆောင်ရွက်ပေးလျက်ရှိသော်လည်း မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များအတွင်း၌ သင်္ကြန်အကြိုနေ့တွင်တစ်မှု၊ အကျနေ့တွင်ခြောက်မှု၊ အကြတ်နှစ်ရက်တွင် ၁၃ မှု၊ အတက်နေ့တွင်သုံးမှုဖြစ်ပွားခဲ့ပြီး ယင်းအမှုများတွင် ယာဉ်တိုက်မှုရှစ်မှု၊ အခြားအမှု ၁၅ မှု စုစုပေါင်း ၂၃ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# သင်္ကြန်ကာလအတွင်း ဖမ်းဆီးထားသော စည်းကမ်းချိုးဖောက်သည့် မော်တော်ဆိုင်ကယ်များအား မော်တော်ယာဉ်ဥပဒေအရ အရေးယူမည်

**မုံရွာ မေ ၂၁**
၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အတွင်း စည်းကမ်းချိုးဖောက်သည့် မော်တော်ဆိုင်ကယ် ၁၂၈ စီးအား မော်တော်ယာဉ်ဥပဒေများဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း မုံရွာမြို့ အမှတ် (၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ သိရသည်။

"သင်္ကြန်ကာလအတွင်းမှာ ဖမ်းဆီးထားတဲ့မော်တော်ဆိုင်ကယ်တွေကို မြို့မရဲစခန်းမှာ အမှုဖွင့်မယ်။ တရားရုံးမှာ ဆိုင်ကယ်ပိုင်ရှင်တွေအနေနဲ့ အမှုရင်ဆိုင်ပြီး မြို့နယ်တရားရုံးကချမှတ်တဲ့ ဥပဒေအတိုင်းခံယူရမှာပါ။ အမှုပြီးပြတ်သွားရင်တော့ ဆိုင်ကယ်တွေကို ပိုင်ရှင်တွေထံ ပြန်လည်ပေးအပ်သွားမှာပါ" ဟု မုံရွာမြို့ အမှတ်(၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစည်းကမ်းပျက်မော်တော်ဆိုင်ကယ်များ (၂၀၁၅)မော်တော်ယာဉ်ဥပဒေများဖြစ်သော ပုဒ်မ ၄၅(က) ယာဉ်လိုင်စင်မပါဘဲ မောင်းနှင်ခြင်း၊ ပုဒ်မ၄၇(က) ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်းနှင့် ၅၄(ဇ) အိတ်ဇောစက်သံဆူညံစွာ မောင်းနှင်ခြင်း စသည့်ပုဒ်မများနှင့် အရေးယူသွားမည်ဖြစ်ပြီး ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း မုံရွာမြို့နယ်အတွင်း ယာဉ်မတော်တဆမှုငါးကြိမ်ဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်မတော်တဆမှုဖြင့် တစ်ဦး၊ မော်တော်ဆိုင်ကယ်မတော်တဆမှုဖြင့် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**



# မန်ကျည်းရွက်ခူးနေစဉ် မိုးကြိုးထိမှန်၍ သေဆုံး

**နေပြည်တော် မေ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကင်းကျေးရွာတွင် လူတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးကြောင်းသတင်းအရ မြောင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက မေ ၁၉ ရက် နံနက် ၇ နာရီခွဲခန့်တွင် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အဆိုပါကျေးရွာနေ ဦးပုလဲ(၄၂)နှစ်ဖြစ်ကြောင်းသိရသည်။ မေးမြန်းချက်အရ ၎င်းသည် အိမ်နီးချင်းဖြစ်သူ ဦးစိန်ကတုံး၏နေအိမ်အတွင်းရှိ မန်ကျည်းပင်ပေါ်၌ မန်ကျည်းရွက်ခူးနေစဉ် လျှပ်စီးများလက်ပြီး မိုးကြိုးထိမှန်ကာ သစ်ပင်အောက်သို့ ပက်လက်လန်ပြုတ်ကျ၍ ဒဏ်ရာများရရှိသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းသိရသဖြင့် မြောင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိထားသူအား စစ်ဆေးရာမှ လက်ကိုင်ဖုန်းခိုးမှုဖော်ထုတ်နိုင်

**နေပြည်တော် မေ ၂၁**
မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် မပေါ်ပေါက်သေးသည့်အမှုများအား ကူညီဖော်ထုတ်ရန် မေ ၁၉ ရက် နံနက် ၉ နာရီခန့်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်းနှင့် စက်မှုပန်းခြံလမ်းထောင့်အရောက် ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ကောင်းမြတ်ထွန်း(ခ)ကောင်းကောင်း(၁၇)နှစ်အား OPPO အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ လက်ကိုင်ဖုန်းအား လွန်ခဲ့သောသုံးလခန့်က ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူခဲ့ကြောင်းသိရှိရသဖြင့် သက်သေခံပစ္စည်းကို သိမ်းဆည်းပြီး ၎င်းအား အောင်ပင်လယ် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေး လျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

**နန်းတွင်းမှ မင်းမှုထမ်းများ ရွှေ့ပြောင်းလာခဲ့ကြပုံ**

ဤတွင်နန်းတော်အတွင်းမှ မှူးတော်မတ်တော်တို့ မြို့ထဲရွှေ့ပြောင်း နေထိုင်ခဲ့ကြရပုံမှာလည်း အများအပြား ရှိသည်။ ရွှေနန်းတော် တည်ဆောက်ပြီးနောက် မှူးတော် မတ်တော်တို့မှာ နန်းတော်အတွင်း၌ အကွက်ချ နေထိုင်ကြသည်။ ၎င်းတို့နေထိုင်ရာ အိမ်ကြီးများမှာလည်း ဝင်းကျယ်ကြီးများဖြစ်သည်။ သီပေါမင်း အိန္ဒိယသို့ ပါတော်မူပြီးနောက် အင်္ဂလိပ်အစိုးရက နန်းတွင်းရှိ နန်းတော်၌ တပ်စွဲချထားသည်။

မြန်မာဘုရင်မင်း၏ ဆွေတော်မျိုးတော်၊ မှူးတော် မတ်တော်အစ အမှုထမ်းအရာထမ်းငယ်များအထိ မြို့-ပြင်သို့ ထွက်နေကြရန် စီမံစေသည်။ မှူးတော်မတ်တော် ကြီးများမှာ မြို့တွင်း၌ အိမ်ဝင်းခြံကျယ်ကြီးများဖြင့် တပည့်ငယ်သား အများအပြားများနှင့် နေထိုင်ရသူများ ဖြစ်၍ အသိုက်အအုံကြီးနှင့် ရွှေပြောင်းကြရသည်။ မြို့ပြင်တွင် ကြိုက်ရာမြေကွက် ဝယ်ယူနေထိုင်ကြရန် အင်္ဂလိပ်အစိုးရက ငွေထုတ်ပေးသည်။ ဘုရင့်ဆွေတော် မျိုးတော်များအား ပင်စင်လစာငွေများလည်း ထောက်ပံ့ ပေးထားသေးသည်။

ဝက်မစွတ်ဝန်ထောက်သည်လည်း နန်းမြို့တွင်း အိမ်မှပါလာသော တပည့်ငယ်သားများနှင့် ယိုးဒယား ဈေးအရှေ့ဘက်ဝင်း မြေဝယ်နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။ တပည့်ငယ်သားများကိုလည်း ဘေးတစ်ဝိုက်အတန်းများ ၌ နေထိုင်စေသည်။ အိမ်ငယ်ကလေးများ ခြံရံဆောက်လုပ် နေထိုင်ကြသည်။ ထို့နောက် ဝန်ကတော်၏ ဖခင် မိုင်းခိုင်းမြို့စား အတွင်းဝန်မင်း ကွယ်လွန်သဖြင့် မိုင်းခိုင်း မြို့စားအတွင်းဝန်မင်း၏ ဝင်းနေရာ အိမ်သစ်ဆောက် ရွှေ့ပြောင်းနေထိုင်သည်။ ယိုးဒယားဈေးဝင်းဟောင်းရှိ အိမ်ဟောင်းကို ဖျက်၍ ကျောင်းဆောက်လှူဒါန်းသည်။ ဝက်မစွတ်မြို့စားမင်းကြီး နေထိုင်ရာ အိမ်ကိုအရှေ့ဝင်း အိမ်ဟုခေါ်ဆိုကြောင်း ဒေါ်ဒဂုန်ခင်ခင်လေး၏ မှတ်သား ချက်များအရ သိရသည်။

**ယိုးဒယားဈေးဝင်း**

အကွက် (၅၈၄)မှာ ယိုးဒယား ဈေးဝင်းဟု ရှေးက လူသိများသည်။ ရေစင်ဝင်းဟုလည်း ရပ်ကွက်က ခေါ် သည်။ အဝီစိတွင်း ရေစင်ကြီးရှိသည်။ ချမ်းအေးသာစံ အရှေ့ ၈၂လမ်းနှင့် ၈၁လမ်းကြား၊ ၂၉လမ်းနှင့် ၃၀လမ်း ကြားရပ်ကွက်ဖြစ်သည်။ မန္တလေးတည်စဉ်က ယိုးဒယား ဈေးအကွက်ဖြစ်သည်။ အမှတ်(၈) ရဲစခန်းနှင့် ဗဟို မီးသတ်တို့ ထင်ရှားသည်။

မင်းမှုထမ်းမဟုတ်သော ယိုးဒယားများ နေပြည်တော်ဝန်းကျင် ဆင်ခြေဖုံးရပ်ကွက်တို့၌ နေထိုင်ခဲ့ ကြရာ၌ ၎င်းတို့၏ ရိုးရာအထိမ်းအမှတ်၊ အခေါ်အဝေါ်၊ အလုပ်အကိုင်၊ အမည်နာမများ ကျန်ရစ်ခဲ့သဖြင့် နှောင်းလူ တို့ပြောဆို နိုင်ကြခြင်းဖြစ်သည်။ ဆန်ရွှေချိုမုန့်၊ မုန့်တီ၊ ရွှေထမင်း၊ မုန့်လက်ဆောင်းမုန့်များမှာ ၎င်းတို့၏ ရိုးရာ လုပ်ငန်းအမည်များဖြစ်ကြောင်း မှတ်သားရသည်။ ထို့ပြင် ကြယ်ခတ်ခြင်း၊ မှန်စီရွှေချခြင်း၊ ယွန်းထည်ပြုလုပ်ခြင်း၊ ရွှေချည်ထိုးခြင်း၊ ရွှေထိုးခတ်ခြင်းလုပ်ငန်းတို့ကိုလည်း လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြောင်း မှတ်သားရ သည်။

**အိုးတော်ဗလီဝင်း**

ချမ်းအေးသာစံ အရှေ့အကွက် (၅၉၃) မှာ အိုးတော် ဗလီဝင်းဖြစ်သည်။ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၂၈လမ်း နှင့် ၂၉လမ်းကြားဝင်းဖြစ်ရာ ရှေးကအိုးတော်ပြုလုပ် သူများ နေထိုင်ရာဝင်းဖြစ်သည်။ မြင်းဝင်း၊ ရတနာဝင်း၊ ဒေါ်မမကြီး ဝင်းဟုလည်း ခေါ်ဝေါ်သည်။ ဝင်းအတွင်းသို့ လေးဘက်လေးတန်မှ ဝင်နိုင်၊ထွက်နိုင်သည်။ ရတနာဝင်း ဟု ခေါ်ဆိုခြင်းမှာ ရတနာပစ္စည်းများ လုပ်ကိုင်နေသူများ ရှိသဖြင့် ခေါ်ဆိုခြင်းဖြစ်သည်ဟု မှတ်သားရသည်။

ဗဟိုမီးသတ်၏ မြောက်ဘက်ရပ်ကွက်ကြီးဖြစ်၏

**ရွှေတော်ပြေးဝင်း**

ချမ်းအေးသာစံရှေ့ လမ်း၈၀နှင့် ၈၁လမ်းကြား၊ ၂၈လမ်းနှင့် ၂၉လမ်းကြား အကွက် (၅၉၄) မှာ ရွှေတော် ပြေးဝင်းဖြစ်သည်။ မင်းတုန်းမင်းလက်ထက် ရွှေတော် ပြေးမှူး၊ ရွှေတော်ပြေးအမှုထမ်းများအတွက် နေရာချထား သောဝင်းဖြစ်သည်။ မြန်မာမင်းလက်ထက် ရွှေတော်ပြေး စည်တော်ရွမ်းရသော အမှုထမ်းလူ (၆၄)ဦးတို့မှာ လယ် (၆၄)ပယ်စား သနားတော်မြတ်ခံရသည်။ လောကီ လောကုတ္တရာ မင်္ဂလာအခမ်းအနားကြီးများတွင် ရှေးထုံးစံ အတိုင်း ခင်းကျင်းတီး မှုတ်ရွမ်းရမြဲ၊ အလှူတော်များတွင် လည်း လမ်းလျှောက်လိုက်ပါ တီးရွမ်းရမြဲ၊ ရွှေတော်ပြေး စည်တော်စုံအမှုထမ်း (၁၆၄) တို့ကို ရွှေတော်ပြေးမှူးက ကြီးကြပ်အုပ်ချုပ် ထမ်းရွက်ရသည်။ ရွှေတော်ပြေးအိုးစည် အနုပညာသည် အစုအမှုထမ်းများပင်ဖြစ်သည်။

ရွှေတော်ပြေးဝင်းအတွင်း ရွှေတော်ပြေးမဏ္ဍာရုံကြီး

> **သီပေါမင်း အိန္ဒိယသို့ ပါတော်မူပြီးနောက် အင်္ဂလိပ်အစိုးရက နန်းတွင်းရှိနန်းတော်၌ တပ်စွဲချထားသည်။**
>
> **မြန်မာဘုရင်မင်း၏ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော် အစ အမှုထမ်းအရာထမ်းငယ်များအထိ မြို့ပြင်သို့ ထွက်နေကြရန် စီမံစေသည်။**

တည်ဆောက်ထားသည်။ နာမည်ထင်ရှားသူများအနက် ပန်းချီဆရာကြီး ဦးဘသက် နေထိုင်ခဲ့သည်။ မြောက် ဘက် ၂၈လမ်းတွင် မြို့မငြိမ်းအိမ် တည်ရှိသဖြင့် ရွှေတော် ပြေးဝင်းမှာ အနုပညာနွယ်လျက်ရှိခဲ့သည်။ ယခု ဆင် ခြောက်ကောင်ဖိနပ်လုပ်ငန်း၊ ရွှေကျားပျံ ဖိနပ်လုပ်ငန်း များဖြင့် ထင်ရှားသောဝင်းဖြစ်သည်။ ဝင်း၏တောင်ပေါက် မှာ ၂၉လမ်းဖြစ်ပြီး ဘဏ်အဆောက်အအုံ၊ ဟိုတယ် စသည်ဖြင့် တရုတ်တန်း၏ မြို့လယ်ရပ်ကွက်ဖြစ်သည်။

**ဂွန်းဗလီဝင်း**

ချမ်းအေးသာစံဝင်းအရှေ့အကွက် (၅၉၆)မှာ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၂၇လမ်းနှင့် ၂၈လမ်းကြား ဂွန်းဗလီဝင်းဖြစ်သည်။ အပြင်အတန်းများအား ဂွန်းတန်း ဟုလည်းခေါ်သည်။ ဂွန်း(ကျွမ်းထိုး) အမှုထမ်းများ နေထိုင်ရာအရပ်ဖြစ်၍ ကျွမ်းဝင်းမှ ဂွန်းဝင်းဖြစ်သည်။ ဗလီရှိသဖြင့် ဂွန်းဗလီဝင်းတွင်သည်။ ဘိုးတော်ဘုရား လက်ထက်ကစ၍ ဂွန်း(ကျွမ်း) မှုထမ်းများ နေထိုင်ခဲ့ကြ- သည်။ ဆက်ကပ်၊ ကျွမ်းထိုးပညာသည်များဖြစ်သည်။ အမရပူရခေတ်တွင် ထိုပညာသည်များ နေပြည်တော် ရောက်လာရာ ဘုရင်က ပြန်ခွင့်မပေးဘဲ အမရပူရ နေပြည်တော်မှာပင် နေရာချထားပေးခဲ့သည်။ ပညာပြန့်ပွားစေသည်။ ရှင်ဘုရင်နှင့် နန်းတွင်းသူ၊ နန်းတွင်းသားများအား ကပြဖျော်ဖြေစေသည့် အမှုထမ်းများ ဖြစ်သည်ဟု မှတ်သားရသည်။ ရတနာပုံ မန္တလေးခေတ်သို့ ရောက်သောအခါ ဘုရင့်အဝယ်တော် ဦးဖိုးက မင်းတုန်းမင်းထံခွင့်တောင်းပြီး ဗလီတည်ဆောက် လှူဒါန်းခဲ့သည်။ ရှင်ဘုရင်က အပြီးအပိုင်မြေပေးသနား တော်မူခဲ့သည်။

**မြို့မရုပ်ရှင်ရုံ**

ချမ်းအေးသာစံအရှေ့ အကွက်(၅၉၅)မှာ လမ်း ၈၀ တရုတ်တန်း၊ ၈၁လမ်းနှင့် ၂၇လမ်း၊ ၂၈လမ်း ကြားတည်ရှိသည်။ ယခင်က မိုးဇက်ဝင်းဟုခေါ်သည်။ ယခု တရုတ်ဘုံကျောင်း ကွမ်တုံတရုတ်ဗုဒ္ဓဘာသာကျောင်း ရှိသည်။ ၂၇လမ်း၊ ၈၁လမ်းထောင့်တွင် မဟာပိန္နဲ ဘုရားကျောင်းတော်ကြီး တည်ရှိသည်။ အရှေ့ဘက်တန်း တွင် ရွှေနဂါးရုပ်ရှင်ရုံဝင်း၊ အနောက်မြောက်ထောင့်တွင် မြို့မရုပ်ရှင်ရုံတို့ တည်ရှိသည်။ မြို့မရုပ်ရှင်ရုံမှာ ယခင်က ပါရာမောက်ရုပ်ရှင်ရုံ ဖြစ်သည်။ မြို့မရုပ်ရှင်ရုံ မြောက် ဘက်တွင် ဒိုဘီဝင်း၊ ချစ်တီးဝင်းများရှိပြီး ၂၈လမ်း မြောက်ဘက်ခြမ်းတွင် အလင်္ကာကျော်စွာ မြို့မငြိမ်း၊ ဒေါ်သန်းသန်းတို့ နေအိမ်တည်ရှိသည်။

**ရွှေတိုက်ရုံ၊ ရွှေတိုက်ဝင်း**

ချမ်းအေးသာစံအရှေ့အကွက်(၆၀၅)မှာ ရွှေတိုက်ရုံ ဝင်းဖြစ်သည်။ လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ ၂၆ လမ်း၊ ၂၇ လမ်းကြားတည်ရှိသည်။ ရှေးယခင်က အယ်လ်ဖင် စတုန်းရုပ်ရှင်ရုံ၊ ၂၆ လမ်းဘက် မျက်နှာပြုရှိခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ရွှေတိုက်ရုံမှာ ဝင်းအတွင်း ဖြစ်လာသည်။ အင်္ဂလိပ်ဇာတ်ကားများ ပြသခဲ့သည်။ ၂၆ လမ်း၊ အယ်လ်ဖင်စတုန်းရုံရှေ့၌ ၁၃၀၀ ပြည့် အရေးတော်ပုံ ချီတက်စဉ် အာဇာနည်သံဃာတော်များ ပစ်ခတ်ခံရ သဖြင့် ရုပ်ရှင်ရုံရှေ့ လဲကျနေသည့် မှတ်တမ်းပန်းချီကား ချပ်ကြီး ဦးခန္တီပြတိုက်ထဲတွင် ယခုတိုင် ပြသထားရှိ သည်။ ရွှေတိုက်ရုံဝင်းမှာ ရွှေတိုက်ဝန်မင်း နေထိုင်ခဲ့သဖြင့် ရွှေတိုက်ဝန်မင်းဝင်းတွင်သည်။

ကိုလိုနီခေတ်က ဇာတ်ပွဲများလည်း ကပြခဲ့ကြသည်။ ဂရိတ်ဦးဖိုးစိန်ကြီး အနောက်တောင်ကျုံးထောင့်၌ ကပြ- တိုင်း ရွှေတိုက်ရုံဝင်းအတွင်း၌ မင်းသားကြီး ဦးစိန်ကတုံး က ရွက်ထည်ရုံကြီးထိုး ကပြကြောင်း မှတ်သားရသည်။ ထိုခေတ်က ရုံဝင်ခ ငါးမူးသာရှိသည်။ ယခုရွှေတိုက်ရုံ ဝင်း အမည်သာကျန်ရှိပြီး ရုပ်ရှင်ရုံမှာပျောက်ကွယ်သွား သည်။

**တရုတ်တန်း**

ချမ်းအေးသာစံ အလယ်ကွက် အမှတ်(၆၀၄)မှာ ၈၁ လမ်း၊ ၈၂ လမ်းကြား၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား တည်ရှိပြီး လေလာဝင်းခေါ် လေလ္လာဝင်းဖြစ်သည်။ လေလ္လာဟူသော အဓိပ္ပာယ်မှာ လှူဒါန်းခြင်းဖြစ်သည်။ ဗလီအတွက် လှူဒါန်းသည့်ဝင်းဖြစ်သည်။ ချမ်းအေးသာစံ အရှေ့ရပ်ကွက်သည် လမ်း ၈၀ တရုတ်တန်းလမ်းမကြီး၏ အနောက်ဘက်အတန်းများထိ ပါဝင်ပြီး အရှေ့ဘက်တန်း လမ်း ၈၀ နှင့် ၇၉ လမ်းမှာ ဟေမာဇလရပ်ကွက်ထဲပါ ဝင်သည်။ တရုတ်တန်းလမ်းမကြီးမှာ မန္တလေးမြို့လယ် အစည်ကားဆုံး လမ်းမကြီးဖြစ်သည်။ တရုတ်တန်းမှာ အမရပူရနေပြည်တော်တွင်လည်း တရုတ်တန်းရှိပြီး ၎င်းမှ မန္တလေးရွှေ့ပြောင်းလာခြင်းဖြစ်သည်။ သီပေါမင်း လက်ထက် ၁၂၄၆ ခုနှစ်၊ နယုန်လဆန်း(၁၁) ရက်နေ့ တစ်ချက်တီးကျော် ချမ်းအေးသာစံရပ် တရုတ်တန်း မြောက်စွန်း တရုတ်လောစီ နေအိမ်ကစ၍ မီးစွဲလောင် သည်။ မြောက်သို့လျှောက်၍ အိမ်ခြေ ၁၅၇ အိမ် လောင်ကျွမ်းကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင် တော်ကြီး၌ ဖော်ပြချက်အရ တရုတ်တန်းရပ်မှာ မင်းတုန်းမင်း၊ သီပေါမင်းလက်ထက်မှစ၍ သုံးစွဲခဲ့သည်။ တရုတ်တန်းတွင် တရုတ်တန်းဈေးမှာ ထင်ရှားသည်။ ၇၉ လမ်းမှ တောင် ၃၄ လမ်းထိတည်ရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇွန်လတွင် ဈေးသစ်ကြီးဆောက်လုပ်ပြီး စီးသော ၇၈ လမ်းပေါ် ၃၃ လမ်း၊ ၃၄ လမ်းကြားရှိ အဆင့်မြင့် ရတနာပုံဈေးသို့ ရွှေ့ပြောင်းသည်။

**အောင်နန်းရိပ်သာ အနောက်**

ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်သည် အကွက်ပေါင်း (၁၂)ကွက်ရှိ သည်။ မြို့လယ်လမ်း ၃၀ မှ ၃၅ လမ်းအတွင်း၊ ၈၄ လမ်း မှ ၈၆ လမ်းအတွင်းဖြစ်သည်။ အောင်နန်းရိပ်သာအမည် မှာ သာယာဝတီမင်း၊ ရွှေဘိုမင်းတရားကြီး၊ ယာယီစံ နန်းတော် တည်ဆောက်စိုးစံအောင်မြင်ရာအရပ်ကို အကြောင်းပြု၍ မင်းတုန်းမင်းမြို့ တည်ပြီးနောက် မှည့်ခေါ်ခြင်းဖြစ်သည်။ အောင်နန်းရိပ်သာမှာ ကျယ်ပြန့်သဖြင့် အရှေ့၊ အနောက်ရပ်ကွက်ကြီးနှစ်ခု ခွဲခြားသတ်မှတ်ထားသည်။

**ပရိယတ္တိသာသနဟိတအသင်းကြီး**

အောင်နန်းအနောက်ရပ်ကွက်ရုံးမှာ မဟာသကျ သီဟဘုရား အရှေ့မုခ်အနီးတွင် တည်ရှိသည်။ ထင်ရှား သော သမိုင်းဝင်ဘုရားများအနက် မဟာသကျသီဟ ဘုရား၊ ရှင်ပင်ပက်လက် ရေစက်လက်ဘုရားနှင့် မလွန် ဈေး ဆန်လှူအသင်းကြီး၊ ပရိယတ္တိသာသနဟိတ အသင်းကြီးတို့ တည်ရှိသည်။ အကွက်(၅၄၉) မှာ ၃၄ လမ်းနှင့် ၃၅ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား မလွန် ကတ္တူရပ်ကွက်ဖြစ်၍ ရှင်ပင်ပက်လက် ရေစက်လက် ဘုရားတည်ရှိသည်။ အမရပူရခေတ် ၁၂၀၈ ခုနှစ် မဟာလောကရံသီ အိမ်တော်ရာစေတီတော်နှင့် တစ်နှစ်တည်း တည်ထားသော ဘုရားဖြစ်သည်။ ရှင်ပင် ပင်လက်ရေစက်လက်ဘုရားကို အင်းဝဘုရင်မင်းခေါင် လက်ထက်ဗားလေးဗား ဆရာတော်ကြီးများ၏တပည့် ရှင်သူငယ်ဟူသော ရဟန်းတစ်ပါးက ဦးဆောင်၍ အမရပူရနေပြည်တော်မှ ဒါယကာဦးကောင်းအား အတတ် ပညာများ ချီးမြှင့်ကာ ရှင်လူအများ ဘေးအန္တရာယ် ကင်းဝေးရေးအတွက် တည်ထားခဲ့ခြင်းဖြစ်သည်။ ဦးကောင်းသည် ဇနီးမယ်ရွက်နှင့်တိုင်ပင်ကာ ဗုဒ္ဓ ရုပ်ပွားတော် တည်ထားခဲ့ခြင်းဖြစ်သည်ဟု အဆိုရှိသည်။ မီး (၁၁) မီး ကင်းငြိမ်းရာ နိဗ္ဗာန်အငြိမ်းဓာတ်ယူ၍ တည်ထားသဖြင့် မန္တလေးမြို့ပေါ် ၌ ထူးခြားသောဘုရား ဖြစ်၏။

အကွက်(၅၅၀)မှာ ရှေးကဒင်္ဂါးရုံဝင်း၊ ယခု မလွန် ပရိယတ္တိသာသနဟိတအသင်းတည်ရာ ဖြစ်သည်။ ၈၅ လမ်း၊ ၃၅ လမ်းထောင့် တည်ရှိပြီး နိုင်ငံတော် အစိုးရက မြေလှူဒါန်းသဖြင့် အလျား ၁၃၆ ပေ၊ အနံ ၅၄ ပေရှိ အခန်းပေါင်း ၇၀၀ ပါ သုံးထပ်သာသနာ့ဗိမာန် တော်ကြီးကိုအသင်းကြီး၏နာယက မြန်မာ့ဗိသုကာ ပညာရှင် ဝဏ္ဏကျော်ထင်ဆရာဆိုင်က ကြီးကြပ် တည် ဆောက်ခဲ့သည်။ အသင်းကြီးကို ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလ တွင် စတင်တည်ထောင်ခဲ့ရာ ၁၃၆၀ ပြည့်နှစ်က နှစ် (၁၀၀)ပြည့်ပွဲတော်ကြီး ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ သာသနာတွင် ပရိယတ္တိသာသနာဟိတအသင်းကြီး၏ စာမေးပွဲများကို စာသင်သား သံဃာတော်များ အလေးထားဝင်ရောက်ဖြေဆိုကြရာ ပရိယတ္တိသာသန ဟိတအသင်းကြီးဖြစ်သည်။

ဤအသင်းကြီး အနောက်ဘက်ကပ်လျက်ဝင်းမှာ ယခင် မလွန်ဘောလုံးအားကစားဝင်းဖြစ်သည်။ မန္တလေး မြို့ ရေပေးရေးစီမံကိန်း စတင်ဆောင်ရွက်သောအခါ မလွန်ရေလှောင်ကန် ရေတွန်းစက်ရုံဝင်း ဖြစ်လာသည်။ မလွန် ဘောလုံးကွင်းမှ မြန်မာ့လက်ရွေးစင် မောင်ဖုန်း၊ ညီပု၊ နီတွတ်၊ ဂြိုဟ်တုညွန့်မောင်လေးတို့မှအစ အေးမောင်ကြီးအထိ မွေးထုတ်ပေးခဲ့သည်။

**(ကြယ်ခတ်ဝင်း)**

အကွက်အမှတ် (၅၅၁) မှာ ၃၄ လမ်းနှင့် ၃၅ လမ်း ကြား၊ ၈၄ လမ်း၊ ၈၅ လမ်းကြားဖြစ်ပြီး တောင်ကြယ်ခတ် ဝင်းဖြစ်သည်။ အကွက်အမှတ် ၅၆၀ မှာ ၃၃ လမ်း၊ ၃၄ လမ်း ကြား၊ ၈၄လမ်းနှင့် ၈၅ လမ်းကြားဖြစ်ပြီး မြောက်ကြယ်ခတ် ဝင်းဖြစ်သည်။ မင်းတုန်းမင်းလက်ထက်က ကြယ်ခတ် အမှုထမ်းများ ပညာသည်များ နေထိုင်လုပ်ကိုင်ကြသည်။ မြန်မာမင်းလက်ထက် နန်းဝတ်အဆင်တန်ဆာတော် များတွင် စီခြယ်ထိုးလုပ်ငန်း၊ ရွှေကြယ်ကုံး၊ ရွှေကြယ်၊ ငွေကြယ်ပြန့်များကို လုံလောက်အောင် အမြဲခတ်လုပ် ထမ်းရွက်ကြရသည့် ကြယ်ခတ်အမှုထမ်း ၂၀ တို့မှာ တစ်လ လျှင် စပါးတော် ၂၂၀ တင်း သနားတော်မြတ်ခံရသည်။ တောင်ကြယ်ခတ်ဝင်းမြောက်ပေါင် ၃၄လမ်းတွင် ယခင် စာရေးဆရာကြီး မြမျိုးလွင်၊ ရတနာပုံ ဦးလူကလေးတို့ နေထိုင်ခဲ့ကြသည်။ပန်းချီဆရာကြီး ဦးအေးမောင်လေး တို့ နေထိုင်ရာအရပ်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

ကြေးမုံ
ဧပြီ ၂၂၊ ၂၀၁၆

ဆောင်းပါး

# ကယန်းစာပေရသဂုဏ်



*ကယန်းစာပေနှင့် ကယန်းရိုးရာယဉ်ကျေးမှုကို ကယန်းသွေးချင်းတို့က ကယန်းဂုဏ်၊ ကယန်းသိက္ခာကိုမြှင့်တင်၍ သွေးစည်းညီညွတ်မှုပြယုဂ်အဖြစ်ဆောင်ရွက်ခဲ့သည်။ စာပေချစ်သော၊ အနုပညာခုံမင်သော ကယန်းသွေးချင်းတို့က "ဥစ္စာရင်လို ဥစ္စာရင်ခဲ" သောအသိစိတ်ဖြင့် "ကယန်းစာပေရသဂုဏ်"ကို ပီပြင်ပေါ်လွင်အောင် သမိုင်းလက်ဆင့်ကမ်း ဆောင်ရွက်နိုင်ခဲ့သည်။*

**à မြန်ဂုဏ်ဆောင်**

ကယန်းစာပေနှင့် ကယန်းရိုးရာယဉ်ကျေးမှုကို ကယန်းသွေးချင်းတို့က ကယန်းဂုဏ်၊ ကယန်းသိက္ခာကိုမြှင့်တင်၍ သွေးစည်းညီညွတ်မှုပြယုဂ်အဖြစ် ဆောင်ရွက်ခဲ့သည်။ စာပေချစ်သော၊ အနုပညာခုံမင်သော ကယန်းသွေးချင်းတို့က 'ဥစ္စာရင်လို ဥစ္စာရင်ခဲ' သော အသိစိတ်ဖြင့် 'ကယန်းစာပေရသဂုဏ်'ကို ပီပြင် ပေါ်လွင်အောင် သမိုင်းလက်ဆင့်ကမ်း ဆောင်ရွက်နိုင်ခဲ့သည်။ ပြုစုထိန်းသိမ်းခဲ့သည်။ စာပေပင်စည်ရှင်သန်ရေးအတွက် ရေလောင်းပေးခဲ့သည်။

ကယန်းစာပေက မြန်မာစာပေစင်မြင့်နှင့် တိုင်းရင်းသားမျိုးနွယ်စု အခန်းကဏ္ဍဝယ် တိတိပပနေရာယူနိုင်ရန် လုပ်ငန်းစဉ်သုံးရပ်ကိုချမှတ်နိုင်ခဲ့သည်။

(၁) ကယန်းစာပေ၊ ကယန်းယဉ်ကျေးမှု၊ ကယန်းဓလေ့ထုံးတမ်းများကို စောင့်ထိန်းစောင့်ရှောက်၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး
(၂) ကယန်းဒေသပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ရေး
(၃) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး တို့ပင်ဖြစ်သည်။

၁၉၆၈ ခုနှစ်တွင် ရှမ်းပြည်(တောင်ပိုင်း) ဖယ်ခုံမြို့ပေါ်ရှိ ကယန်းလူငယ်များကိုစုစည်း၍ 'မိုးသောက်ကြယ်' ကယန်းလူငယ် စာဖတ်သင်းကို ထူထောင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ကယန်းစာပေနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

၁၉၉၅ ခုနှစ်တွင် ကယန်းစာပေနှင့် ယဉ်ကျေးမှုလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ရှားနိုင်ရန် ဖယ်ခုံမြို့ပေါ်ရှိ ကယန်းသွေးချင်းတို့က ကယန်းစာပေနှင့်ယဉ်ကျေးမှု(ဗဟို) ကော်မတီအဆင့်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၁၉၉၉ ခုနှစ် ဒီဇင်ဘာတွင် 'ကယန်းစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီ'ကို တရားဝင်အသိအမှတ်ပြု မှတ်ပုံတင်နိုင်ခဲ့သည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်နှင့် မတ်လ ၂၈ ရက်တို့တွင် ကယန်းတိုင်းရင်းသားအကြီးအကဲများက 'ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ'ကို ဖွဲ့စည်းပုံစည်းမျဉ်းများ ရေးဆွဲနိုင်ခဲ့သည်။

ပထမအကြိမ် သက်တမ်းကာလတွင် ၂၀၀၀ ပြည့်နှစ် မတ် ၂၀ ရက်က နာယက ၁၁ ဦး၊ ဗဟိုကော်မတီဝင် ၂၁ ဦးဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဧပြီ ၈-၁၀ ရက် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကြလာကျေးရွာတွင် ကယန်းမျိုးနွယ်စု လေးစုမှ လူအင်အား ၁၀၇၆ ဦးဖြင့် လူထုအစည်းအဝေးညီလာခံတွင်-

(၁) ကယန်းစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အတည်ပြုရန်
(၂) ၂၀၀၀ ပြည့်နှစ် မတ် ၂၀ ရက် ပထမအကြိမ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသော ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ နာယက ၁၁ ဦး၊ ဗဟိုကော်မတီဝင် ၂၁ ဦးတို့ကို ကော်မတီသက်တမ်း သုံးနှစ်သတ်မှတ်ရန်
(၃) ကယန်းအမျိုးသားအလံကို အတည်ပြုရန်
(၄) ဖာသာရ်အိုက်ချ်မောင် အဆိုပြုတင်ပြထားသော ရောမအက္ခရာအခြေခံ ကယန်းစာ ရေးသားနည်းကို အသုံးပြုရန်
(၅) ကယန်းအသံထွက် ရေးသားရာတွင် ကယန်းမျိုးနွယ်စုအားလုံး နားလည်နိုင်သည့် ဖယ်ခုံစကားအသံကို အခြေခံ၍ ရေးသားရန်
(၆) ကယန်းတစ်မျိုးသားလုံးနှင့် သက်ဆိုင်သောရိုးရာဝတ်စုံကိုတီထွင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရန်
(၇) ကယန်းမျိုးနွယ်စု၌ အမျိုးသားတွင် 'ခွန်း'၊ အမျိုးသမီးတွင် 'မူ' ဝေါဟာရကို အတည်ပြုတွဲသုံးရန်
(၈) ကယန်းအမျိုးသားနေ့ကို ကယန်းမျိုးနွယ်စုအားလုံး ညီညွတ်စွာဖော်ဆောင်၍ ၂၀၀၀ ပြည့်နှစ် ဧပြီ ၁၀ ရက်နေ့ကို သတ်မှတ်ရန် တို့ပင်ဖြစ်သည်။

ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီက အဓိကလုပ်ငန်းတာဝန်နှစ်ရပ်တွင် စာပေရေးရာလုပ်ငန်းနှင့် ယဉ်ကျေးမှုရေးရာလုပ်ငန်းတို့ပင်ဖြစ်သည်။

အမိနိုင်ငံတွင်းရှိ တိုင်းရင်းသားသွေးချင်းများက မိမိတို့ကိုးကွယ်သည့် ဘာသာကို အခြေခံ၍ စာပေအရေးအသားဖြစ်တည်လာခဲ့သည်။ အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ် ခရစ်ယာန် သာသနာပြု ဒေါက်တာအိုလာဟာဆင်က စာပေမရှိသေးသော ကချင်စာပေကို ကချင်ဘာသာအသံကိုအခြေခံ၍ ရောမအက္ခရာ ဗ မှ ဇ စာလုံးများဖြင့် ကချင်စာပေရေးသားခဲ့သည်။ မိမိတို့ယုံကြည်ကိုးကွယ်ရာဘာသာအယူဝါဒပြန့်ပွားစေရန် ရည်ရွယ်တီထွင်ခဲ့ကြသည်။

ကယန်းစာပေသည် ပင်ရင်းစာပေဟူ၍ မရှိရာမှ မြတ်ဗုဒ္ဓ၏သာသနာ ထေရဝါဒကို ယုံကြည်ကိုးကွယ်ကြသူ ကယန်းတို့က ဗုဒ္ဓအဆုံးအမကို မြန်မာစာဖြင့်လည်းကောင်း၊ နှစ်ခြင်းခရစ်ယာန်ဘာသာ ယုံကြည်ကြသော ကယန်းတို့က ၁၈၃၂ ခုနှစ် မြန်မာစာကို အခြေခံ၍ ဒေါက်တာဂျိုနသန်ဝိတ် ပြုစုသော စကောကရင်စာကိုလည်းကောင်း၊ ကက်သလစ်ဘာသာကိုယုံကြည်ကိုးကွယ်ကြသော ကယန်းတို့က ရောမအက္ခရာအခြေခံ၍ လည်းကောင်း ရေးသားကြသည်။

တိုင်းရင်းသားလူမျိုးစုတစ်စု၏ ကိုယ်ပိုင်ကိုးကွယ်ယုံကြည်မှုနှင့် ဆက်နွယ်၍ စာပေအရေးအသား ဖြစ်တည်ပေါ်ပေါက်လာရာ ၂၀၀၀ ပြည့်နှစ် ဧပြီ ၈ ရက်မှ ၁၀ ရက်ထိ ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကြလာ (ပန်ပက်) ကျေးရွာတွင် ပြုလုပ်သော ကယန်းတိုင်းရင်းသား ကက်သလစ်ဆရာတော်၊ နှစ်ခြင်းခရစ်ယာန်ဆရာတော်၊ ဗုဒ္ဓဘာသာဆရာတော်၊ မေတ္တာပြဖှစိုရ်ဆရာတော်၊ ကယန်းတိုင်းရင်းသား မျိုးနွယ်စုအကြီးအကဲ၊ ဗဒသခံပညာ တတ်လူငယ်များပူးပေါင်းကျင်းပသောညီလာခံက မြန်မာအက္ခရာကို အခြေခံသော ရေးသားနည်း၊ ကယန်းအများစုလက်ခံသော ရောမအက္ခရာစာရေးသားနည်း သီးခြားအက္ခရာတစ်မျိုး တီထွင်ရေးသားနည်းတို့ကို ဘက်ပေါင်းစုံအကြံပြုခဲ့ကြသည်။ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တီထွင်သော ခေတ်သစ်ကယန်းစာပေ၏ အားသာချက်၊ ဒေသခံလူမျိုးစုချင်း ဆက်နွယ်မှု ရည်မွန်ကောင်းမြတ်မှုမှာ

- ရောမအက္ခရာအခြေခံသည့် ကယန်းဂေခိုစာရေးသားနည်းသည် ကယန်းလူမျိုးစု သင်ကြားတတ်မြောက်မှုရှိခြင်း
- ကမ္ဘာသုံးအင်္ဂလိပ်စာသင်ယူရေးတွင် အထောက်အကူပြုခြင်း
- ကယန်းတိုင်းရင်းသားတို့၏ ပင်ကိုစကားသံနှင့် ပိုမိုနီးစပ်ခြင်းတို့ပင်ဖြစ်သည်။

ကမ္ဘာ့ဘာသာစကား အသွင်အနေအထားကို ဘာသာဗေဒပညာရှင်များ ခွဲခြမ်းစိတ်ဖြာရာတွင် တိဘက်-တရုတ်ဘာသာစကားနှင့် ဩစတြစ်ဘာသာစကားဟူ၍ နှစ်မျိုးခွဲခြမ်းဖော်ထုတ်သည်။ တိဘက်-တရုတ်ဘာသာအစုအဖွဲ့တွင် မန်၊ ကရင်၊ တိုင်၊ တရုတ်၊ တိဘက်မြန်မာဟူ၍ဆိုသည်။ အဆိုပါဘာသာကြီး အစုအဖွဲ့တွင် ကယန်း(ပဒေါင်) သွေးချင်းတို့က ကရင်စကားအစုတွင်ပါသည်။ ကယန်း(ပဒေါင်)သွေးချင်းတို့၏ စကားအသုံး အနှုန်းက ကယားစကားနှင့်ဆင်တူသည်။ ကယန်းမျိုးနွယ်တွင် ကယန်းကငံ၊ ကယန်းဂေခိုတို့၏ ဘာသာစကားကဆင်တူသည်။ အသံထွက်၊ လေယူလေသိမ်း၊ အသံအလေးအပေါ့ ထပ်တူကျသည်။

ဘာသာစကားဗေဒကဏ္ဍတွင် စကားလုံးဝေါဟာရ မွေးစားစကားလုံးများ ကတူညီကြသည်။ ကယန်းစာပေတွင်မူ ကိုယ်ပိုင်စာပေမှတ်တမ်းမရှိ၊ နတ်ဘုရားပေးသော စာကိုအလေးမထားမိ၍ ပျောက်ဆုံးခဲ့ရသည်။ စာပေအစား ကြက်ရိုးထိုးနည်းကို အသုံးပြုခဲ့သည်။

ခရစ်နှစ် ၁၉၂၇ ခုနှစ်က အီတာလျံသာသနာပြုဘုန်းကြီး ဖာဆိုလိနှင့် ကာဘိုပဲရီတို့က ကရင်ပြည်နယ် သံတောင်မြို့နယ် မော်ဗလော့ကျေးရွာသို့ရောက်လာပြီး ကယန်း(ဂေခို)လူမျိုးစု၏ဘာသာစကားကို တတ်မြောက်အောင်သင်ယူလေ့လာခဲ့သည်။ ထို့နောက် လက်တင်အက္ခရာကို အခြေခံ၍ ကယန်းစာပေကို တီထွင်ခဲ့သည်။ ကယန်းသွေးချင်းတို့အား ဘာသာရေးဆိုင်ရာစာပေအဖြစ်ပုံနှိပ်ခဲ့သည်။

စာမျက်နှာ ၁၇ သို့



## ကယန်းစာပေရသဂုဏ်...

စာမျက်နှာ၁၆မှ



ကိုယ်ပိုင်စာပေမရှိခင် ဗေဒင်ပညာကိုသာ အားကိုးခဲ့ကြသည်။ ဗေဒင်ပညာနှစ်ရပ်တွင် ကြက်ရိုးဗေဒင်၊ နှီးဗေဒင်(သက်ငယ်ရိုးချိုးဗေဒင်)တို့ဖြစ်ကြသည်။ ကြက်ရိုးဗေဒင်ဖြစ်စဉ်မှာ ရှေးကဘုရားသခင်လက်ထက် ကယန်းသွေးချင်းတို့အား ရွှေကျမ်းစာတစ်အုပ်ပေးအပ်ရာ ကယန်းတို့ကမဖတ်တတ်၍ ညီထွေးလူဖြူက ငွေကျမ်းစာဖြင့်လဲယူပြီး နေမင်းနှင့်အတူ အနောက်အရပ်သို့ထွက်သွားသည်။ ကယန်းသွေးချင်းတို့က ညီထွေးထံမှ ငွေကျမ်းစာကို ရရှိသော်လည်း မဖတ်တတ်၍ အစ်ကိုကြီးတရုတ်ထံ စက္ကူစာဖြင့်ထပ်မံလဲသည်။

အဆိုပါစက္ကူစာကိုလည်းမဖတ်တတ်သဖြင့် ရှမ်းလူမျိုးတို့ထံမှ သားရေစာဖြင့် လဲပြန်သည်။ ကယန်းတို့က သွားရာနေရာတိုင်းသို့ သားရေစာကိုယူဆောင်သွားရာ တောင်ယာခုတ်နေစဉ် သားရေစာကို သစ်ငုတ်ပေါ်တင်ထားမိသည်။ အလုပ်ချိန် အလုပ်၌ အာရုံစိုက်နေစဉ် ခွေးက သားရေကို အစာထင်မှတ်၍ စားသွားသည်။

သားရေစာ၏ဖြစ်စဉ်ကို လိုက်စုံစမ်းရာ သားရေစာကိုခွေးစားပြီး မစင်အဖြစ်စွန့်ရာတွင် သားရေစာပါသွားကြောင်း၊ ခွေးမစင်ကို ဝက်ကစားကြောင်း၊ ဝက်မစင်ကို ကြက်ကစားကြောင်းသိရသည်။

ကြက်ကိုမေးရာ ကြက်ပေါင်ရိုးထဲမှာရှိသော ခြင်ဆီထဲတွင်ရှိကြောင်း အဆုံးသတ်လိုက်သဖြင့် ကြက်ရိုးထိုးဗေဒင် ဖြစ်လာရသည်။

ရှေးဘုရားသခင်က လူမျိုးတစ်ရာ့တစ်ပါးအား စာပေဝေငှပေးရာ ကယန်းသွေးချင်းတို့အား လီထဲစောဖား ရွှေစာသစ်ခေါက်ပေးသည်။ ကယန်းသွေးချင်းတို့က အလုပ်လုပ်ခြင်းဖြင့်သာ အချိန်ကုန်လွန်စေပြီး ရွှေစာသစ်ခေါက်ကို သစ်ငုတ်တိုပေါ်တင်ထားရာ ညအလုပ်သိမ်းချိန်တွင် ပြန်ယူရန်မေ့သွားရာ မိုးလင်းချိန်သတိရ၍ မူလနေရာသို့ သွားကြည့်ရာ ခြစားထားသောအစအနကိုသာ တွေ့ရသည်။ ရွှေစာသစ်ခေါက်ကို ခြကစားသည်။ ခြကို ကြက်ကစားသည်။

ကယန်းတိုင်းရင်းသားတို့အား ဘုရားသခင်က 'အသင်တို့အတွက် အကောင်းဆုံးစာပေကိုပေးသနားခဲ့သော်လည်း သင်တို့က ပေါ့လျော့စွာထားရှိခြင်းကြောင့် ကြက်စာဖြစ်သွားပြီ။ ကြက်ရိုးကိုသာ ထိုးကြည့်ကြလော့' ဟူ၍ မိန့်ဆိုရာမှ ကြက်ရိုးထိုးဗေဒင်ဖြစ်ပေါ်လာရသည်။

ကယန်း(ပဒေါင်)သွေးချင်းများက မည်သည့်အမှုကိစ္စကိုမဆို ပြုလုပ်ရန် အကြံသစ်၊ ဉာဏ်သစ်ကို ရယူတိုင်း ကြက်ထိုးဗေဒင်ကိုသာ အားကိုးကြသည်။ နတ်ဆရာကျွမ်းကျင်သူအဘိုးအိုက ကြက်ရိုးဗေဒင်ကို လုပ်ဆောင်ကြသော်လည်း ကယန်းအမျိုးသမီးများကိုမူ ကြက်ရိုးထိုးခြင်းခွင့်မပြု။

ကြက်ရိုးဗေဒင်ကြည့်၍ နာမကျန်းမှုများကို ကုစားကြသည်။ ကြက်၊ နွားပူဇော်ပသကြသည်။ အဟောအပြောကိုသိရန် ကြက်တစ်ကောင်၏ လည်ပင်းကို မသေမရှင်လိမ်ချိုးပြီး အဖြေထုတ်ယူကြသည်။

**နှီးဗေဒင်(သက်ငယ်ရိုးချိုးဗေဒင်)**

ကယန်း(ပဒေါင်)တိုင်းရင်းသားတို့က ရိုးရာဗေဒင်ပညာတစ်ရပ်ဖြစ်သော နှီးဗေဒင် (သက်ငယ်ရိုးချိုး ဗေဒင်)ကို ရှေးဘိုးစဉ်ဘောင်ဆက်သင်ယူကျင့်သုံးခဲ့ကြသည်။

ကမ္ဘာဦးအစ နေနှစ်စင်းသာရှိခဲ့ရာမှ လူတို့က စိုက်ပျိုးသီးနှံပင်များမအောင်မြင်ဘဲ ပျက်စီးခဲ့မှုများကို ကမ္ဘာနတ်သားများက သွားရောက်မေးမြန်းကြရာ နတ်သားက 'နှီးရိုးချိုးခြင်း' အတတ်ပညာဖြင့် အဖြေရှာခိုင်းသည်။ နတ်သားမှာကြားချက်အတိုင်း လောကလူသားများက နှီးရိုးချိုးခြင်းကိုအဖြေရှာကြရာ ကမ္ဘာပေါ်တွင် နေနှစ်စင်းရှိခြင်းကြောင့် လူတို့၏ စိုက်ပျိုးသီးနှံများပျက်စီးရသည်။ ထို့ကြောင့် နေမင်းနှစ်စင်းအနက် တစ်စင်းကို ဒူးလေးဖြင့်ပစ်ခွင်းရမည်ဟူ၍ နှီးရိုးချိုးခြင်းဗေဒင်ဖြင့် နိမိတ်ရသည်။

နေတစ်စင်းကို ဒူးလေးဖြင့်ပစ်ခွင်းရာ ထိမှန်ကာ မျက်စိတိမ်သလ္လာဖုံးပြီး အပူချိန်၊ အလင်းရောင် ကောင်းစွာမပေးတတ်၍ 'နေ'က 'လ' ဖြစ်သွားရသည်။ ထိုအချိန်မှစတင်၍ ကမ္ဘာပေါ်တွင် နေတစ်စင်း လတစ်စင်းဖြစ်လာသည်ဟူ၍ယုံကြည်ကြသည်။

'ဖားရော်သဲမော့'ဆိုသူသည် တစ်နေ့၌ ဥသုံးလုံးရရှိခဲ့ပြီး ထိုဥသုံးလုံးကိုဖောက်ယူရန်အတွက် ဖားထီးကလားအား တွက်ချက်စေပြီး ဖောသူး ဆိုသူအား နှီးချိုးစေရာ ဆိုဟောမော၊ ဆိုဟောဖဲ တောင်ဖိုတောင်မကို ဝပ်စေခြင်းဖြင့် ညဥ့်သန်းခေါင်အချိန်တွင် ဖောက်ထွက်လာရာ ပထမဥတစ်လုံးမှာ မိုးပေါ်ပြန်တက်ကာ မိုးကြိုးဖြစ်သွားသည်။ ဒုတိယဥတစ်လုံးမှာ ရေသူမဖြစ်သွားသည်။ တတိယဥတစ်လုံးမှာ လူသားဖြစ်သွားသည်။ ထိုအချိန်မှစ၍ နှီးဗေဒင်(သက်ငယ်ရိုးချိုးဗေဒင်)ကို ယုံကြည်ဆောင်ရွက်ခဲ့ကြသည်။

ကယန်း(ပဒေါင်)သွေးချင်းတို့က မိမိကံကြမ္မာ၊ မိမိ,မိသားစုအကျိုး ကောင်းမှု၊ မကောင်းမှုကိုသိနိုင်ရန် ရိုးရာဗေဒင်ဖြစ်သော ကြက်ရိုးဗေဒင်၊ နှီးဗေဒင်(သက်ငယ်ရိုးချိုးဗေဒင်)တို့ကို ယုံကြည်လေးစားစွာဖြင့် ယနေ့တိုင်မေးမြန်းပြုလုပ် ဆောင်ရွက်နေကြသည်။

ကယန်း(ပဒေါင်)တို့၏ မိရိုးဖလာ ယဉ်ကျေးမှုကိုအခြေခံသော ကယန်း(ပဒေါင်) စာပေအမွေအနှစ်၏ ရသဂုဏ်တို့က အခြားမျိုးနွယ်စုသွေးချင်းတို့၏ စာပေယဉ်ကျေးမှုဓလေ့ထုံးတို့ဖြင့် နှီးနွယ်တူညီသော အနက်အဓိပ္ပာယ်ဆောင်နေသည်ကို တွေ့ကြရသည်။

သွေးတူသားတူ တိုင်းရင်းသားတို့၏ စာပေ၊ လင်္ကာ၊ ပုံပြင်၊ စကားပုံ၊ စကားထာ၊ စကားဝှက်တို့က နေရာဒေသအလိုက် မတူကွဲပြားနေသော်လည်း အနှစ်သာရနှင့် အသိခံယူမှုက ထပ်တူကျနေသည်ကို ဘာသာဗေဒရှုထောင့်က သုံးသပ်နိုင်သည်။

ထို့ကြောင့် ရှမ်းပြည်နယ်တစ်လံတစ်လျားရှိ သွေးတူသားတူတိုင်းရင်းသားတို့ စာပေရသဂုဏ်က အစဉ်ရန့်မွှေးထုံပြီး နိုင်ငံဂုဏ်ကျက်သရေကို ဖော်ဆောင်နေကြောင်း သိသာထင်ရှားလှပေစွ။

**ကျမ်းကိုး** –

(၁) တတိယနှစ်ဝိဇ္ဇာသင်တန်း မြန်မာနိုင်ငံသမိုင်းပို့ချချက်၊ သင်ရိုးအမှတ် မ(၃၀၃) အတွဲ (၁)၊ တက္ကသိုလ်စာပေးစာယူသင်တန်း

(၂) ဦးပုညမေတ္တာစာ၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။

(၃) ညောင်ရွှေမြို့ ရာဇဝင်တော်ကြီး အကျဉ်းချုပ်၊ ငွေတိုက်အမတ်ကြီး ဦးငြိမ်း၊ လက်ရေးမူ

(၄) သန်းထွန်း ရှစ်ဆယ်ပြည့် (သမိုင်းစာအုပ်ဆောင်းစာစဉ် - ၁)

(၅) အရှင်ဇိနစက္ကမဟာသီဟ၊ မဟာသတိပဋ္ဌာနကျမ်း၊ ဟံသာဝတီပိဋကတ်တိုက် (၁၉၈၉)

(၆) G.W.Bird}s Wanderings In Burma (First Editon London, 897)

(၇) မန္တလေးတက္ကသိုလ် သမိုင်းဌာန၊ သမိုင်းသုတေသီ ဦးသိန်းသန်းထွန်း၏ အင်းသားလူမျိုးများ၏ တိုက်တေးအနုပညာစာတမ်း

(၈) ပင်လုံရုပ်ပုံလွှာ(ဦးတင်အေး-ရှမ်းပြည်)

(၉) ဟဲယာမော်ကွန်းစကားပြေကျမ်း

(၁၀) ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် ခေါင်းလောင်းစာ

သွေးတူသားတူ တိုင်းရင်းသားတို့၏ စာပေ၊ လင်္ကာ၊ ပုံပြင်၊ စကား ပုံ၊ စကားထာ၊ စကား ဝှက်တို့က နေရာဒေသအလိုက် မတူကွဲ ပြားနေသော် လည်း အနှစ်သာရ နှင့် အသိခံယူမှုက ထပ်တူကျနေ . . .



အတွေးအမြင်

# လက်ညှိုးများနှင့်လေထဲမှအသံများ အစား... ကိုယ်စီတာဝန်ကျေမှုများအစားထိုးရမည်

**ခ** သရက်တန်းစိုးရွှေ ၊စိတ်ပညာ၊

ပတ်ဝန်းကျင်တွင် အလကားပါ။ ဘာမှကိုအသုံးမကျဘူး. .။ တိုးတက်မည့်လူတွေမှမဟုတ်တာ။ လူကိုက. . . ဆိုသော အပြစ်တင်သံများစွာသည် လွှမ်းမိုးနေမြဲပင်ဖြစ်သည်။ ချီးမွမ်း ၇ ရက် ကဲ့ရဲ့ ၇ ရက်ဆိုသောစကားများအကြား လက်ညှိုးထိုးတတ်ခြင်းအကျင့်များသည်ကား များပြားနေဆဲပင်ဖြစ်သည်။ ကြီးကြီးကျယ်ကျယ်လုပ်နေတာကွာ။ ဘာမှလည်းမဟုတ်ဘူးဆိုကာ လှောင်သူများကလည်းလှောင်နေတတ်ကြပေသည်။

လက်ရှိကာလတွင် အပြစ်ပြောတတ်သည့်သူများက များနေတတ်ပေသည်။ 'အင်းလမ်းကြီးကလည်းကွာ ညစ်ပတ်နေတာပဲ' ဆိုပြီး အပြစ်တင်ရင်း ကွမ်းတံတွေးထွေးလိုက်ကြပေသည်။ 'မြောင်းတွေကရေလျှံမှာပေါ့ကွာ၊ အမှိုက်တွေမှမဆယ်ဘဲ' ဆိုပြီး ပြောရင်းမှ လက်ထဲရှိ ပလတ်စတစ်အိတ်ကလေးကို မြောင်းထဲလွှင့်ပစ်လိုက်ကြပေသည်။ ထိုအရာများကို လူတော်တော်များများက စည်းကမ်းမဲ့ပြုလုပ်ပြီး ပြုလုပ်သူကိုယ်တိုင်ကပင် တခြားသူအား ဝေဖန်နေပေသည်။

လမ်းဘေးတွင် အမှိုက်ပုံးများစွာရှိပါသည်။ သို့သော် စွဲနေသောအကျင့်ကိုက. . မြောင်း တွေရှာပြီး အလွယ်ပစ်တတ်နေလေတော့ အကျင့်ပါနေသည်ပေါ့။ ပြောင်နေသောလမ်းမပေါ် နောက်ဖုံးမပါဘဲမောင်းသွားသောကားများကြောင့် တင်လာသောမြေများ လမ်းမတစ်လျှောက် ပြန့်ကျဲနေတာလည်းမြင်တွေ့နေရပေသည်။ ပြန့်ကျဲပါစေ၊ တာဝန်ရှိသူလုပ်လိမ့်မပေါ့ဟုတွေးကာ လွယ်လွယ်ကလေးပြုလုပ်လိုက်မိပေသည်။ တာဝန်မဲ့စွာပြုမူတတ်ကြသည်။

အမှန်ကို ဆန်းစစ်သမျှ ဝေဖန်သူတွေမှာ ကိုယ်တိုင်စည်းကမ်းမဲ့ကာ လက်ညှိုးထိုးတတ်သောအကျင့် အပြစ်ပြောတတ်သောအကျင့် စည်းကမ်းမဲ့စွာလုပ်ကိုင်တတ်သောအကျင့်တို့ စွဲနေခြင်းပင်ဖြစ်သည်။ သို့သော် ကိုယ့်အပြုအမူကို ကိုယ်တိုင်မသိသလိုဖြစ်နေမိပေသည်။ မသိချင်ယောင်ဆောင်သည်လည်း ရှိနေပေသည်။

ဝန်းရံနေသောလက်ညှိုးကလေးကို ပြန်လှည့်သမျှ ကိုယ့်ဘက်သို့ ပြန်လှည့်သင့်လှပေသည်။ အပြစ်ပြောသူစိတ်ထဲမှာကိုက အတ္တဆန်သောစိတ်များနှင့် ကိုယ်နှင့်မဆိုင်သလို နေထိုင်ရုံမက စည်းကမ်းမဲ့သောအကျင့်ကို စွဲနေမိသားဖြစ်နေပေသည်။ တိုးတက်မည့်လုပ်ငန်း၊ စည်းကမ်းကောင်းစေသည့်အပြုအမူ၊ စည်းကမ်းတကျနေထိုင်မှု၊ စည်းကမ်းတကျအမှိုက်စွန့်ပစ်မှုကို မလုပ်ခဲ့မိပေ။ သို့တစ်စေ ညစ်ပေနေသောလမ်းမ၊ အလိုမကျသောမြင်ကွင်းကိုတွေ့သမျှ စိတ်က အလိုလိုနေရင်း အပြစ်ဆိုနေမိပေသည်။

အပြစ်ရှိသူက ကိုယ်တိုင်ဆိုသည်ကို မေ့သွားတတ်ပေသည်။ အများစုသောအခြေအနေများတွင် လူအများစုဟာ ကိုယ့်အပြစ်ကိုဖုံးကွယ်ရေး ကြိုးစားပေးနေမြဲပင်ဖြစ်သည်။ ကိုယ်သက်သာရေးတွေးတောလုပ်ဆောင်နေတတ်ပေသည်။ ပြီးပြီးရောအကျင့်ဖြင့် ပတ်ဝန်းကျင်ကို ညစ်ပေအောင် လုပ်ဆောင်နေမိပေသည်။ ထိုသို့သောလူများလာသမျှ မြို့ပြနှင့်အတူ ပတ်ဝန်းကျင်တွင် မည်သို့ဖြစ်သွားပါမည်နည်း။ သေချာပေသည်။ လက်ညှိုးတွေဝန်းရံကာ အပြစ်တွေပြောနေသမျှ တိုးတက်လာခြင်းကရှိလာမည်မဟုတ်ပေ။ သို့အတွက် လက်ညှိုးထိုးမည်ဟုကြံတိုင်း စိတ်ထဲမှ စတင်ရေရွတ်ကာ အသိပေးသင့်သည်က အော်. . ကိုယ်ကစတင်အသိဝင် ကူညီစိတ်ကောင်းထားရမှာပါလားလို့ တွေးသင့်လှပေသည်။

ပြုပြင်ပြောင်းလဲရေးကာလအတွင်း ကိုယ်က မည်သည့်တာဝန်ကိုယူပါမည်နည်း။ ဘေးထိုင်ဘုပြောနေသမျှ ဘုပြောသောအဆင့်ထက် ပိုလာမည်မဟုတ်ပါချေ။ နိုင်ရာတာဝန်ကို ကျေပွန်စွာထမ်းရင်း စည်းလုံးခြင်းနှင့် တိုးတက်ခြင်းလမ်းသစ်ကို အတူလျှောက်လှမ်းရမည်ဖြစ်ပေသည်။ သို့အတွက် လမ်းပေါ်မှလက်ညှိုးများဖြင့် လေထဲမှအသံများကို လျှော့ပါးအောင် ပြုလုပ်ကြရမည်ဖြစ်သည်။

ခေတ်ကာလအရ အလွယ်ပြောဆိုသောစကားတစ်ခွန်းရှိနေပေသည်။ စောင့်ကြည့်လိုက်အုံးမည်ဆိုသောစကားပင်ဖြစ်သည်။ စကားထဲမှပင် အလိုမကျသံ ဘုကျကျပြုလုပ်သည့်အသွင်သဏ္ဌာန်ပေါ်နေပေသည်။ ကိုယ်တိုင်က ကိုယ့်ရပ်ရွာ၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံအတွက် ဘာလုပ်ရမလဲဆိုသော အသံတို့ကမူ နည်းနေပေသည်။ ပန်းတစ်ပွင့်တည်းပွင့်ရုံဖြင့် လှပသောပန်းခင်းဖြစ်မလာနိုင်ပေ။ ပန်းများစွာစုပေါင်းပွင့်နေပါမှ ရနံ့ပျံ့သင်း လှပခြင်းများနှင့် ပန်းဥယျာဉ်ဖြစ်လာပေမည်။ လက်ရှိကာလတွင် လှပသောပန်းတစ်ခင်းဖြစ်ဖို့ ပြုစုလို့နေကြပေသည်။ ထိုပန်းခင်းအတွင်း မြေဆွခြင်းကို ကူမည်လား၊ ရေလောင်းခြင်းကို ကူမည်လား၊ မြေဩဇာကျွေးခြင်းကို ကူညီမည်လား။ ပေါင်းသင်ခြင်းတွင် ဝိုင်းဝန်းမည်လား။ တာဝန်ကိုယ်စီကျေဖို့ လိုအပ်လှပေသည်။ အပြစ်ပြောကာ လက်ညှိုးထိုးရင်း ထိုင်ဝေဖန်ခြင်းထက် လေမဟုတ်အလုပ်နဲ့သက်သေပြဖို့ လိုအပ်လာပါချေပြီ။ စုပေါင်းစွမ်းအားဖြင့် ပန်းများပွင့်အောင်ကူညီဖို့ လိုလာပါချေပြီ။ ကိုယ့်နိုင်ငံတိုးတက်ရေး ကိုယ်စီကိုယ်စီတာဝန်ကျေပေးခြင်းဖြင့် လှပသာယာ တိုးတက်သော တိုင်းပြည်ဆီသို့ ချီတက်သင့်လှပါပေသည်။ လက်ညှိုးများနှင့် လေထဲမှအသံများအစား-ကိုယ်စီတာဝန်ကျေပွန်မှုများဖြင့် အစားထိုးသင့်လှပါပေသည်။ ။

## သင်္ကြန်အပြီးတွင် မန္တလေးဘူတာကြီးတွင် ခရီးသွားများပြား ရထားလက်မှတ်ဝယ်ယူမှု အဆင်ပြေစေရေးဆောင်ရွက်



**မန္တလေး မေ ၂၁**

သင်္ကြန်အပြီးကာလ မန္တလေးဘူတာကြီးတွင် အနယ်နယ်အရပ်ရပ်သို့ ပြန်ကြမည့် ခရီးသွားများ အထူးများပြားလျက်ရှိရာ မြန်မာ့မီးရထားက ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူးရထားများ ပြေးဆွဲခြင်း၊ RBE ရထားများပြေးဆွဲခြင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ရထားတွဲဆိုင်းများ တိုးချဲ့ပြေးဆွဲခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သင်္ကြန်အပြီး ခရီးသွားပြည်သူများ ရထားလက်မှတ် အဆင်ပြေစွာဝယ်ယူနိုင်ရေးအတွက် မန္တလေးဘူတာကြီး ပထမထပ်လက်မှတ်ရုံတွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီထိ အထက်တန်းလက်မှတ်များအတွက် သုံးရက်ကြိုနှင့် ရိုးရိုးတန်းလက်မှတ်များအတွက် တစ်ရက်ကြို ခရီးသွားမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ တန်းစီဝယ်ယူစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ရထားလက်မှတ်မှောင်ခိုပပျောက်စေရေးအတွက် ရထားရဲတပ်ဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## အပူချိန်မြင့်တက်၍ ဓာတ်ဆားထုပ်များ ဝယ်လိုအားမြင့်တက်

**ရေတာရှည် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးရွာသွန်းခြင်းမရှိဘဲ နေ့အပူချိန် ဆက်လက်မြင့်တက်လျက်ရှိကာ ဝယ်ယူသုံးစွဲသူများပြားလွန်းသည့်အတွက် ဆေးအရောင်းဆိုင်များ၌ ဓာတ်ဆားထုတ်မျိုးစုံမှာ ပြတ်လပ်သည်အထိ ရောင်းချနေရကြောင်း သိရသည်။

မြန်မာနိုင်ငံဆေးဝါးစက်ရုံထုတ် ဓာတ်ဆားများအပြင် ထိုင်းနိုင်ငံ၊ အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံထုတ် သီးစုံဓာတ်ဆားထုတ်များကို အများဆုံးသုံးစွဲလျက်ရှိကာ ဆေးဆိုင်အချို့တွင် ဓာတ်ဆားထုတ်များ ပြတ်လပ်လျက်ရှိကြောင်း သိရသည်။

"အပူချိန်က တအားပြင်းတော့ ချွေးတအားထွက်တယ်။ ကျွန်တော်တို့ဆို ကားမောင်းတော့ ပိုဆိုးတယ်။ ဓာတ်ဆားကို တစ်လမ်းလုံးသောက်ရတာ" ဟု အဝေးပြေးကုန်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။

လက်ရှိတွင် ဓာတ်ဆားထုတ်တစ်ထုတ်လျှင် ၁၅၀ ကျပ်မှ ၂၀၀ ကျပ်အထိ ဈေးကွက်၌ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## နန်းမယ်ခုံတိုက်နယ် စုပေါင်းကေ့ထျိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော် ဒီးမော့ဆိုမြို့နယ်တွင် ပြုလုပ်

**လွိုင်ကော် မေ ၂၁**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်နှင့် နတ်ကိုးကွယ်ကြသော ကယားတိုင်းရင်းသားတို့သည် ကောက်ပင်ဖွံ့ဖြိုးရေးနှင့် လုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အထမြောက်အောင်မြင်စေရေးအတွက် မိုးရေကိုပေးသော မိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ချောင်းစောင့်နတ်၊ ယာစောင့်နတ်တို့ကို ပူဇော်ပသကြသော (၂၄) ကြိမ်မြောက် နန်းမယ်ခုံတိုက်နယ် စုပေါင်းကေ့ထျိုးဘိုး(ခေါ်)တံခွန်တိုင်ပွဲတော် လူထုအခမ်းအနားကို မေ ၁၉ ရက် ညနေ ၄ နာရီက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါပီတကျေးရွာတွင်ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကေ့ထျိုးဘိုးဗျာစယ်များအား ဗုံမောင်းများဖြင့် ကြိုဆိုပြီး ကေ့ထျိုးဘိုးဗျာစယ်အကြီးအကဲများက ဆုတောင်းမေတ္တာပို့သခြင်း၊ အဖွင့်မိန့်ခွန်းပြောကြားခြင်းများ ဆောင်ရွက်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အမှာစကားပြောကြားခဲ့ကြသည်။ ယင်းနောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လွိုင်ကော်ခရိုင်(ပြန်/ဆက်)**

## မြန်မာ-အိန္ဒိယငှက်များ နေထိုင်ကျက်စားခြင်း လေ့လာမှုစာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲ ကျင်းပမည်



မြန်မာ-အိန္ဒိယနှစ်နိုင်ငံရှိ ငှက်များနေထိုင်ကျက်စားခြင်း လေ့လာမှုစာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၁၇ လမ်းနှင့် ၁၈ လမ်းကြား မေယဂီရိရပ်ကွက်ရှိ ရှိုင်းဟုတ်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းစာတမ်းဖတ်ပွဲသို့ သတ္တဗေဒကျောင်းသား၊ ကျောင်းသူများ၊ ငှက်များနေထိုင်မှုကို စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။ မြန်မာ-အိန္ဒိယ ငှက်များနေထိုင်ကျက်စားမှု နှိုင်းယှဉ်ချက်ကို ဦးဇေမောင်သိန်း(မန္တလေးတက္ကသိုလ်) က လေ့လာတွေ့ရှိချက် မှတ်တမ်းဓာတ်ပုံများဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ထမင်းစားရင်းလင်မယားချင်း စကားများရာမှ ဓားဖြင့်ထိုး၍ အထက်တန်းသူနာပြုသေဆုံး

**ဖြူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ဆေးရုံဝင်း ဝန်ထမ်းလိုင်းခန်းတွင် မေ ၁၉ ရက် မွန်းလွဲပိုင်းက လင်မယားထမင်းစားရာမှ ရန်ဖြစ်စကားများကာ လုံးထွေးသတ်ပုတ်ရာ ခင်ပွန်းဖြစ်သူမှ ဓားဖြင့်ထိုးခဲ့၍ ဇနီးဖြစ်သူ အထက်တန်းသူနာပြုမှာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်သည့်နေ့ မွန်းလွဲ ၂ နာရီခန့်တွင် မသိန်းသိန်းဝင်း (၃၃)နှစ် အထက်တန်းသူနာပြုသည် ခင်ပွန်းဖြစ်သူ အုံချစ်ဝိုင်း(၂၃)နှစ်နှင့် ထမင်းစားနေရာက ရန်ဖြစ်စကားများကာ လုံးထွေးသတ်ပုတ်ခဲ့ပြီးနောက် အုံချစ်ဝိုင်းက မသိန်းသိန်းဝင်းအား အိမ်သုံး အရိုးအသွားရှစ်လက်မခန့်ရှိသည့် ဓားဖြင့်ထိုးခဲ့ရာ မသိန်းသိန်းဝင်း၏ ချက်ယာဘက်အောက်၌ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ နေရာတွင်သေဆုံးသွားခဲ့သည်။

ဖြူးမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ အုံချစ်ဝိုင်းအား (ပ)၁၅၆/၂၀၁၆ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ဟိုပင်၌(၂၉)ကြိမ်မြောက် မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကျင်းပ

**ဟိုပင် မေ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ အ-ထ-က တေဇခန်းမ၌ (၂၉)ကြိမ်မြောက် မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၇ နာရီက ကျင်းပရာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၂၀၅ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်များမှ လှူဒါန်းငွေကျပ် ၂၅၆၂၅၀၀ ကို တစ်ဦးလျှင် ကျပ် ၁၂၅၀၀ နှုန်း ကန်တော့ခဲ့သည်။ ယင်းအပြင် ဆေးများဖြင့် လည်းပူဇော်ကန်တော့ကြရာ အဘိုးတစ်ဦးက ဆုံးမသြဝါဒ စကားများ ပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် ဦးကျော်ကျော်ဇင် + ဒေါ်ခင်ခင်ချောလွင် မန္တလေး၊ ရွှေပြည်သာ သ/မ နှင့် 'ရဲမာန်ဟိန်း' ကျောက်မျက်ကုမ္ပဏီ အလှူရှင်မိသားစုက စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**တိုးတိုးမေ**

## ဆိပ်ဖြူမြို့ပတ္တမြားဈေးတွင် ပြည်သူစားသုံးရန်မသင့်သည့် စားသောက်ဖွယ်ရာများ ရောင်းချခြင်းမရှိရေး ကွင်းဆင်းစစ်ဆေးအသိပေးဆောင်ရွက်

**ဆိပ်ဖြူ မေ ၂၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေးအတွင်း ဈေးဆိုင်များတွင် ပြည်သူအများ စားသုံးရန်မသင့်သည့် စာသောက်ဖွယ်ရာများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို မေလ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့်ဝန်ထမ်းများ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်း၊ ဦးဇော်နေလင်းနှင့် ဝန်ထမ်းများက ဈေးအတွင်း ပြည်သူအများ စားသုံးရန်မသင့်သည့် ရတနာအမှတ်တံဆိပ် ငါးပိနှင့် စံမညီ စားသုံးဆီ ဆီအမျိုးအစား (၁၈) မျိုး ရောင်းချခြင်း ရှိ/မရှိ ဈေးဆိုင်(၂၅)ဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးမျိုးမြင့်အောင်က သတင်းစာများတွင် ကြော်ငြာထားရှိသည့် စားသုံးရန်မသင့်သည့်အစားအသောက်ကို အသိပေးခြင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့အသိပညာပေး ပြုလုပ်ဆောင်ရွက်ခြင်းကို ဈေးသူ/ဈေးသားများအပြင် ဈေးဝယ်သူများမှလည်း စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**စိုးလင်းနိုင်(IPRD)**



## မြဝတီမြို့ဓိဌာန်အောင်ဘုရားပရဝဏ်အတွင်း ဘုရားဖူးများ အပန်းဖြေနိုင်ရန် ပန်းခြံတည်ဆောက်မည်



**မြဝတီ မေ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့ ဓိဌာန်အောင်ဘုရား ပရဝဏ်အတွင်း စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ ဘုရားဖူးလာကြသူများ အပန်းဖြေအနားယူနိုင်ရေး ပန်းခြံတည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ် မေ ၁၉ ရက် ညနေ ၅နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူလတ်၊ အင်ဂျင်နီယာမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဓိဌာန်ဘုရားဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းခြံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဓိဌာန်အောင်ဘုရားဝင်းအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက လိုအပ်သည့်အကြံဉာဏ်များပေးအပ်ပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် မြို့သန့်ရှင်းသာယာလှပရေး၊ ကွန်ကရစ်လမ်းသစ်များ ခင်းခြင်း၊ အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ အဆင့်မြှင့်တင်ရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်ပင်သာယာရေးကော်မတီအနေဖြင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## သာစည်မြို့နယ် ဆိုင်ကယ်၊ စက်ဘီးအပိုပစ္စည်းအရောင်းဆိုင်၌ ကျပ်သိန်း ၈၀ ကျော် ခိုးယူ

**မိတ္ထီလာ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အမှတ် (၄)ရပ်ကွက်နေ ဦးညိုထွန်း (၆၇)နှစ် (ဘ)ဦးစံဘ၏ အမှတ်(၁)ရပ်ကွက်၌ ဖွင့်လှစ်ထားသည့် 'ထက်လင်း' ဆိုင်ကယ်၊ စက်ဘီးအပိုပစ္စည်းအရောင်းဆိုင်တွင် ငွေကျပ်သိန်း ၈၀ ကျော် ခိုးယူခံရမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက် ညနေ ၆ နာရီ ၃၀ မိနစ်က ဆိုင်ပိတ်၍နေအိမ်သို့ပြန်ခဲ့ပြီး နောက်တစ်နေ့ မေ ၁၈ ရက် နံနက် ၆ နာရီခန့်တွင် ၎င်းပိုင်ဆိုင်သည့် 'ထက်လင်း' ဆိုင်ကယ်၊ စက်ဘီးအပိုပစ္စည်းဆိုင်အား ဖွင့်လှစ်ရန် ဆိုင်ဘေးရှိ တံခါးသော့ဖွင့်မည်ပြုစဉ် ဆိုင်ရှေ့တံခါးရွက်တစ်ခြမ်းပွင့်ဟနေသည်ကို တွေ့ရသဖြင့် သွားရောက်ကြည့်ရှုပြီး ၎င်းပွင့်ဟနေသည့် နေရာမှ ဆိုင်အတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဆိုင်ကောင်တာစားပွဲပေါ်ရှိ ပစ္စည်းများနေရာပျက်နေ၍ စားပွဲအံ့ဆွဲအတွင်း သိမ်းဆည်းထားသည့် ဆိုင်ကယ်အပိုပစ္စည်းရောင်းချရငွေ မြန်မာငွေစက္ကူရောရာ ငွေကျပ်သိန်း ၈၀ ကျော်ခန့် ပျောက်ဆုံးနေပြီး အခြားပစ္စည်းများပျောက်ဆုံးမှုမရှိသည်ကို တွေ့ရှိရသောကြောင့် သာစည်မြို့မရဲစခန်းသို့ တိုင်းတန်းခဲ့ကြောင်း သိရသည်။

ယင်း ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၈၁/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်လှစ်ထားရှိပြီး တရားခံအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြစ်သားမြို့ နွေပဲတီစိမ်း ဧက ၅၀ တောင်သူပညာပေးစံကွက်အား ကွင်းဆင်းစစ်ဆေး

**မြစ်သား မေ ၂၁**

နွေပဲတီစိမ်းသည် တောင်သူဝင်ငွေကောင်း၊ ဈေးကွက်ကောင်းသည့် သီးနှံမျိုးဖြစ်ပြီး ယခုအချိန်တွင် ရင့်မှည့်စပြုလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လမ်းခွကျေးရွာ နွေပဲတီစိမ်း ဧက ၅၀ တောင်သူပညာပေး စံကွက်ကို စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စံပြကွက်တာဝန်ခံ ဦးခင်မောင်ရည်က မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် နွေပဲတီစိမ်း စံပြကွက်များ ဆောင်ရွက်ထားမှု အခြေအနေများ၊ မျိုးပြောင်းလဲစိုက်ပျိုးပြီး တောင်သူပညာပေးစံပြကွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က တောင်သူများလိုအပ်နေသော ဈေးကွက်ဝင်သည့် စပါးသီးနှံအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံမျိုးများနှင့် နည်းပညာများကို မျက်ခြေမပျက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ စံပြကွက်များကို တောင်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိရောက်ရှိစေရေး စီမံချက်များရေးဆွဲဆောင်ရွက်ရန်နှင့် တစ်ဧကကုန်ကျစရိတ် ဝင်ငွေအချိုးတို့ တွက်ချက်ထားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**



ဖတ်စရာ

# ဆင်တလည်ရွာသားတို့အလေးထားဆင်နွှဲမှုးမြစ်ကမ်းနံဘေးမှသဲပုံစေတီပွဲ

**à** တိမ်တမန်

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် မူးမြစ်ကမ်းနံဘေးမှရွာများသည် သဲပုံစေတီပွဲကို အလေးထားဆင်နွှဲလေ့ရှိသည်။ သဲပုံစေတီပွဲကာလတွင် အဝေးရောက် ရွာသူ၊ ရွာသားများအားလုံး စုဆုံသည့် ဆွေမျိုးစုပွဲလည်းဖြစ်သည်ဟု ဆိုကြသည်။ လှပသော မူးမြစ်ကမ်းနံဘေးရှိကျယ်ဝန်းသောသောင်ပြင်၏ အလှဟာ ရွာသူ၊ ရွာသားများ၏ နှလုံးသားကို ယနေ့အချိန်အထိ စိုးမိုးထားမြဲပင်ဖြစ်သည်။ တစ်နှစ်မှာ တစ်ခါဆင်နွှဲသည့် သဲပုံစေတီပွဲအကြောင်းကိုတော့ဖြင့် တစ်နှစ်ပတ်လုံး ပြောဆိုနေကြမြဲပင်ဖြစ်သည်။

ညီညာခြင်းစွမ်းအား ဘာသာတရားအလေးထားမှု၏ သင်္ကေတအဖြစ်တည်ရှိနေသောသဲပုံစေတီ ပွဲဆင်နွှဲပုံမှာ ပျော်ရွှင်ဖွယ်ဖြစ်နေပေသည်။ သဲပုံစေတီစတင်ပြုလုပ်ဖို့အရေး ရွာသူ၊ ရွာသားများ စည်းလုံးညီညွတ်စွာ ပြုလုပ်ပေးကြရသည်။ ရှေ့ဆုံးမှ ရွာလူကြီးဦးဆောင်၍ ဘုရားလူကြီးများနှင့် ကြေးစည်တီးကာ သဲသောင်ပြင် သဲပုံစေတီတည်မည့်နေရာသို့ တန်းစီကာသွားကြမြဲပင်ဖြစ်သည်။ လူကြီး၊ လူငယ်၊ ကလေးများပါမကျန် နွှဲပျော်သည့်ပွဲမှာ တာဝန်များစွာကို ကျေပွန်ကြမြဲပင်ဖြစ်သည်။ ယောကျ်ားကလေးများက သဲကော်ရန် ဂေါ်ပေါက်ပြားများကို ယူဆောင်လာကြရသည်။ မိန်းကလေးများမှာ ရေပုံးများကို ယူဆောင်ကာ မူးမြစ်ကမ်းနံဘေး သဲသောင်ပြင်သို့ သွားရောက်လေ့ရှိသည်။

အလေးထားဆင်နွှဲကာ သဲပုံစေတီပြုသည့်ကာလ တစ်ရွာလုံးအလှဆုံး ဖီးလိမ်းပြင်ဆင် ရှိုးထုတ်ကြမြဲပင်ဖြစ်သည်။ ပထမဆုံးစေတီ တည်မည့်နေရာအလယ်တွင် ထီးတိုင်စိုက်ကာ သဲဖို့လိုက် ရေလောင်းလိုက်ဖြင့် တည်ကြရသည်။ တည်သည့်နည်းစနစ်ကိုလူကြီးများက ဦးဆောင်ညွှန်ကြားလေ့ရှိသည်။ သဲပုံစေတီပြီးပါက လူငယ်များက ဘုရားတံတိုင်းအဖြစ် သဲများဖြင့် စိတ်ကြိုက်ပုံဖော်လေ့ရှိသည်။ ထိုပုံဖော်မှုကို လူငယ်တိုင်း ပြုလုပ်ပြီး နှစ်သက်ရာ အရုပ်များကို သဲဖြင့် အနုပညာမြောက်အောင် ပုံဖော်ကာ သဲမှန်ဦးများပင် ပြုလုပ်ကြသည်။ အများစုမှာ သဲဆင်ရုပ်ကလေးများဖြင့် အလှဆင်ကြသည်။ ဆင်ကို ရတနာကောင်အဖြစ် သတ်မှတ်ကာ ပြုလုပ်လေ့ရှိသည်။

စေတီတည်ပြီးနောက် မနက်တွင် သဲပုံစေတီ ဆွမ်းလောင်းပွဲကို ရွာနီးချုပ်စပ်မှ လာရောက်ဆင်နွှဲကြသည်။ ခေတ်မီတိုးတက်သည့်ကာလတွင် ဆိုင်ကယ်၊ လိုက်ထရတ်ကားများ၊ ထော်လာဂျီများ၊ ရိုးရာနွားလှည်းများဖြင့် လာရောက်ဆင်နွှဲလေ့ ရှိသည်။ သင်္ကြန်ကာလအတွင်း ဆင်နွှဲသည့်ပွဲဖြစ်သော်လည်း တစ်နှစ်လုံးအတွင် တသသဖြစ်စေသည့် ပွဲပင်ဖြစ်သည်။ အဝေးသို့ပြန်ကြရမည့် ရွာသားများမှာ ဆင်တလည်ရွာရဲ့ သဲပုံစေတီအလှကို မှတ်တမ်းဓာတ်ပုံရိုက်ရင်း မြို့ပြရှိ လူများကိုပင် အကြွားကလေးဖြင့် ဂုဏ်ယူပြသလေ့ရှိပေသည်။နှစ်စဉ်အလေးထားဆင်နွှဲသည့် မူးမြစ်ကမ်းနံဘေးမှ သဲပုံစေတီပွဲဟာ ဒေသခံတို့ရင်ထဲ အမြဲစွဲနေသော ပွဲတစ်ခုအဖြစ်ထင်ကျန်နေလျက်ပင် ရှိနေသည်။



## ခိုးမှုကျူးလွန်သူများအားစစ်ဆေးရာမှ ခိုးမှုများထပ်မံပေါ်ပေါက်

**နေပြည်တော် မေ ၂၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အဆိုပါရဲစခန်း (ပ) ၁၃၈/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉၊ ကျင့် ၅၄ အမှုမှ ပြစ်မှုကျူးလွန်သူများဖြစ်သည့် ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ ကိုကိုလွင်၊ သက်ထွန်းဦး၊ ခင်မောင်ဝင်းနှင့် ကျော်ဝင်းနိုင်တို့အား မေ ၁၈ ရက် နံနက် ၁၀ နာရီခန့်က စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့လေးဦးသည် မေ ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်က အောင်မြေသာစံမြို့နယ် (၆၆)လမ်း (၂၀×၂၂)လမ်းကြားရှိ ကြံ့နှစ်ကောင်ဘိလပ်မြေ ရေကစားမဏ္ဍပ်ရှေ့တွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ယင်းနေ့ ညနေ ၃ နာရီခန့်က (၂၆)လမ်း (၆၉×၇၀)လမ်းကြားရှိ Lasvegas ရေကစားမဏ္ဍပ်ရှေ့တွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ Samsung အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ မေ ၁၃ ရက် နံနက် ၁၀ နာရီခန့်က (၂၆)လမ်း (၇၀×၇၁) လမ်းကြားရှိ Alpine ရေကစားမဏ္ဍပ်ရှေ့တွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ I LOVE A စာတန်းပါ လက်ကိုင်ဖုန်းတစ်လုံး၊ မေ ၁၄ ရက် မွန်းလွဲ ၂နာရီခန့်က Alpine ရေကစားမဏ္ဍပ် ရှေ့တွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ MI Note-3 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းပြီး ၎င်းတို့လေးဦးအား အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်း၌ အမှုများထပ်မံဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



## ယာဉ်အန္တရာယ်ကင်းရှင်းစေရန် မြို့တွင်းလမ်းမီးများအားလုံး မီးလင်းရန်လိုအပ်

**ပျဉ်းမနား မေ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ရှိ ငါးလိုက်ချောင်းကူး (၈၅)တံတားတွင် နေ့၊ ည မပြတ် ယာဉ်များဖြတ်သန်း သွားလာလျက်ရှိရာ တံတားပေါ်ရှိလမ်းမီးများမှာ မလင်းတော့သဖြင့် ညပိုင်းတွင် လမ်းသွားလမ်းလာနှင့် မော်တော်ယာဉ်များအတွက် အန္တရာယ်ရှိနိုင်၍ အဆိုပါလမ်းမီးများအား သက်ဆိုင်ရာက ပြန်လည် စစ်ဆေးပြုပြင်ပေးစေလိုကြောင်း ယာဉ်မောင်းတစ်ဦးဖြစ်သူ ဦးမောင်မောင်က ပြောသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၁)ရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်ရှိ ပေါင်းလောင်းချောင်းကူး(၈၅)တံတားမှာ ကိုယ်ပိုင် မော်တော်ယာဉ်များ၊ မော်တော် ဆိုင်ကယ်များ၊ မြို့တွင်းယာဉ်လိုင်းများအပြင်၊ အဝေးပြေးယာဉ်လိုင်းများပါ နေ့၊ ညမပြတ်သွားလာ အသုံးပြုမှုများသည့် တံတားတစ်စင်းဖြစ်သည်။

အဆိုပါတံတားမှာ လမ်းမကြီးအပေါ်တွင်ရှိနေသည့်အပြင် မြို့တွင်းမှလာသည့် လမ်းသွယ်တစ်ခုမှာလည်း တံတားထိပ်တွင် ဆုံသည်ဖြစ်ရာ တံတားထိပ်တွင် တစ်ခါတစ်ရံ ယာဉ်ရှုပ်ထွေးမှုရှိတတ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

## မကွေးမြို့ရှိ ကျေးရွာများတွင် မြေပဲခွဲစက်များရှိသော်လည်း မျိုးမြေပဲများ ခွဲရာတွင် လူအင်အားဖြင့်သာ မြေပဲခွဲခြင်းလုပ်ကိုင်

**မကွေး မေ ၂၁**

မကွေးမြို့နယ်ရှိ ကျေးရွာများတွင် မြေပဲခွဲစက်များရှိသော်လည်း မျိုးမြေပဲများခွဲရာတွင် မြေပဲဆန်များ၌ ဒဏ်ရာဒဏ်ချက်နှင့် အလေအလွင့် မရှိစေရန်အတွက် လူအင်အားဖြင့် မြေပဲများကို ခွဲကြသည်ဟု တောင်သူများကပြောသည်။

စိုက်ပျိုးရာသီကာလဖြစ်သော မေနှင့် ဇွန်လတွင် မျိုးမြေပဲဆန်များ အရန်သင့်ရှိပြီး ကြဲနိုင်ရန်အတွက်မြေပဲတောင့်များကို ခွဲကြရာတွင် ယခုကဲ့သို့ နွေရာသီ၌ မျိုးမြေပဲထားသော မြေပဲတောင့်များ ခြောက်သွေ့နေ၍ မြေပဲခွဲစက်နှင့်ခွဲလျှင် အဆန်များ ဒဏ်ရာဒဏ်ချက်ရရှိပြီး အလေအလွင့် များနိုင်သဖြင့် လူအင်အားနှင့် မြေပဲခွဲကြသည်ဟု ပုထိုးကျေးရွာမှ ဦးမျိုးညွှန့်က ပြောသည်။

"မျိုးထားတဲ့ မြေပဲတောင့်တွေက မျိုးပဲအတွက် မသိမ်းခင်ကလည်း အတောင့်ကိုခြောက်သွေ့နေအောင် လှန်းပြီးမှ သိမ်းကြတာ။ မြေပဲတောင့်တွေက ခြောက်သွေ့နေတဲ့အတွက် မျိုးမြေပဲတွေကို စက်နဲ့ခွဲရင် အဆံတွေ ဒဏ်ရာရမှာစိုးလို့ မြေပဲဆန်တွေ ဒဏ်ရာရသွားရင် စိုက်ပျိုးပြီး ချိန်မှာ အပင်မပေါက်တာတွေ ရှိတတ်တယ်။ အဲဒါကြောင့် မျိုးမြေပဲခွဲရင်မြေပဲဆန်တွေကို ဒဏ်ရာဒဏ်ချက်နည်းအောင် မြေပဲခွဲခြမ်းများနည်းနိုင်သမျှ နည်းအောင်ဆိုပြီး လူအင်အားနဲ့ မြေပဲခွဲတာပါ။ မြေပဲဆန်ကိုတခြား ရောင်းတန်းအတွက်ဆိုရင်တော့ မြေပဲခွဲစက်နဲ့ပဲ အခွဲများကြပါတယ်" ဟု ၎င်းမှ ဆက်၍ ပြောသည်။

"ဒေသခေါ် ပဲထုတာတစ်နေ့ နှစ်တင်းပဲပြီးတယ်။ လုပ်အားခ ပိုက်ဆံတစ်နေ့ ကျပ် ၂၆၀၀ သာရပေမယ့် အလုပ်မရှိတဲ့ နွေရာသီမှာ ဝင်ငွေရှိတယ်ဆိုတော့ တော်သေးတယ်ဆိုတဲ့ အနေနဲ့ပဲ မျိုးချန်ထားတဲ့တောင်သူကြီးတွေအိမ်ကို တစ်အိမ်ပြီးတစ်အိမ် သွားပြီးပဲထုကြတာပါ" ဟု မြေပဲထုသူဒေါ်တင်တင်ညိုက ပြောသည်။

မြေပဲတောင့်များကို စက်နှင့် ခွဲလျှင်တစ်တင်း ကျပ် ၇၀၀ ပေး၍ခွဲရပြီး၊ လက်နှင့်မြေပဲခွဲလျှင် တစ်တင်း ကျပ် ၁၃၀၀ ပေး၍ မြေပဲခွဲရကြောင်း သိရသည်။

**မိုး**



## အုန္နဲ့စုကျေးရွာတွင် အယ်နီညိုအပူရှိန်ကြောင့်သောက်သုံးရေအခက်တွေ့နေ

**မလှိုင် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မလှိုင်မြို့ အရှေ့ဘက် ၆ မိုင်ကျော် အကွာရှိ အုန္နဲ့စုကျေးရွာတွင် နွေရာသီရောက်တိုင်း သောက်သုံးရေ အခက်တွေ့လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက အိမ်ခြေ ၁၀၀ ဝန်းကျင်ရှိပြီး ဆပ်ပြာချောင်း နှစ်ခုကြားမှာ ရှိပါတယ်။ ရွာထဲမှာ ရေချိုသောက်သုံးရေတွင်း မရှိပါဘူး။ မြို့နယ်စည်ပင်နှင့် ကျေးလက်တို့မှ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်တို့တွင် ပေ၂၀၀ ရေတွင်းနှစ်တွင်း တူးပေးသော်လည်း ရေချိုမရရှိဘဲ ရေငန်များသာ ရရှိခဲ့ပါတယ်။ နောက် ၂၀၁၃ ခုနှစ်မှာ ရန်ကုန်အင်းလျားကန်ဖျား ဘုန်းတော်ကြီး၏ ကောင်းမှုဖြင့် ပေ ၆၀၀ စက်ရေတွင်းတူးခဲ့သော်လည်း ရေချိုမရရှိဘဲဖြစ်ခဲ့ပါတယ်။ ဒါကြောင့်ရွာရဲ့ အရှေ့ဘက် ၁ မိုင်ကျော်မှ ကန်ရေကိုဆက်လက် သောက်သုံးရပါတယ်။ ယခုအခါ အယ်နီညိုအပူရှိန်ကြောင့် ကန်ရေခြောက်ခမ်း၍ နံသာပုံရွာအနီး ရွာမှ ၂ မိုင်ခရီးခန့်ကို နံနက် ၃ နာရီ ထိုးလောက်က သွားရောက်ခပ်သော်လည်း တစ်ခါတလေ ရေမရရှိဘဲ ပြန်ခဲ့ရပါတယ်" ဟု အုန္နဲ့စုရွာမှ ဒေသခံများကပြော သည်။

မိမိတို့ကျေးရွာတွင် ပေ မည်မျှခန့်တွင် ရေချိုရနိုင်ကြောင်းကို အတတ်ပညာရှင်တို့၏ လမ်းညွှန်းမှုနှင့် ထိုရေတွင်းအတွက် အလှူရှင်များလိုအပ်ကြောင်း ဒေသခံတို့က ဆက်လက်ပြောသည်။ **မင်းခလူ (ရွှေစု)**

## လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ၏မျက်နှာသစ်တော်ရေဆက်ကပ်လှူဒါန်းခြင်း၊ ရောင်တော်ဖွင့်ခြင်း မင်္ဂလာ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၁**

လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) အား မျက်နှာသစ်တော်ရေဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း၊ ငှက်များကို ဘေးမဲ့လွှတ်ခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းတို့ကို အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ (ကျောက်တော်ကြီးဘုရား) ၏ ပရဝုဏ်အတွင်း မဏ္ဍပ်အသီးသီးတို့၌ မေ ၁၇ ရက် နံနက် ၆ နာရီက ဂေါပကအဖွဲ့မှဦးဆောင်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြသည်။



ရှေးဦးစွာ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) အား မျက်နှာသစ်တော်ရေကပ်လှူ၍ ရောင်တော်ဖွင့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ဦးရှိန်အောင်ဗိုလ် (မဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် ဂေါပကအဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် တာဝန်ရှိသူများက ကုသိုလ်ယူရောင်တော်ဖွင့်ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီးဆွမ်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ငှက်များကို ဘေးမဲ့လွှတ်၍ ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့ကြကာ အခမ်းအနားအောင်မြင်ကြောင်းအထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးဖြင့်တွဲဖက်ကာ ရေကင်း၊ ဓမ္မဂီတသံ၊ ထူးမခြားနား၊ ဓမ္မတေးသီချင်းများဖြင့်လည်းကောင်း၊ စွယ်တော်ကြီးဓမ္မတေးသီချင်းများကို အဆိုတော်များက သံပြိုင်သီဆိုခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

## ငရဲမီးသောက်၍ မိမိကိုယ်ကိုယ် သေကြောင်းကြံစည်

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်ဆေးရုံသို့ ငရဲမီးသောက်သည့်လူနာတစ်ဦး ရောက်ရှိကြောင်း သတင်းအရ မေ ၁၈ ရက် ညနေ ၄ နာရီခွဲက ကျပ်ပြင်နယ်မြေရဲစခန်းမှ ဒုရဲအုပ်အေးအောင်စိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဒုရဲဘော် ၃၄ နှစ် ရေဦးကြီးရပ် မိုးကုတ်မြို့နေသူဖြစ်ပြီး အသက်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်း၏မိခင် ဒေါ်ဘာဒါး၏ ပြောပြချက်အရ ညနေ ၄ နာရီတွင် ဒုရဲဘော်သည် ရေဦးကြီးရပ်ရှိ ဂေါ်ရခါးဘုရားကျောင်းမှ နေအိမ်သို့ ပြန်လာစဉ် ခေါင်းမူးတယ်ဟုပြောပြီး အော့အန်နေသဖြင့် မေးမြန်းရာ ဒုရဲဘော်မှာ ကျောက်အရောင်းအဝယ်ပြုလုပ်ရာတွင် အရှုံးများ၍ စိတ်ညစ်ပြီး ကျောက်စိမ်သည့် ငရဲမီးအား ဘုရားကျောင်းသို့ယူဆောင်ပြီး သောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

ယင်းကြောင့် ဒုရဲဘော်အား ကျပ်ပြင်နယ်မြေရဲစခန်းက (ပ)၆၄/၂၀၁၆ ပြစ်မှုပုဒ်မ ၃၀၉ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ကျောင်းကုန်းမြို့ရပ်ကွက်အမည်ပြင်ဆင်ဖွဲ့စည်း

**ကျောင်းကုန်း မေ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနက (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်) ၂၀၁၆ ခုနှစ် မတ်လ ၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉၅/၂၀၁၆) ဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်အဖြစ် မြောက်ပိုင်းရပ်ကွက်အား အမှတ်(၁)ရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်အား အမှတ်(၂)ရပ်ကွက်၊ တလုပ်ကုန်းရပ်ကွက်အား အမှတ်(၃)ရပ်ကွက် ဟူ၍ အမည်ပြောင်းလဲဖွဲ့စည်းလိုက်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိုးမိတ်ခရိုင် မူခင်းကျဆင်းရေး ပြည်သူလူထုပူးပေါင်းပါဝင်သော ပြည်သူ့ရဲလုပ်ငန်းစဉ်များဆွေးနွေး

**မဘိမ်း မေ ၂၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ မေ ၂၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းလွင်က မှုခင်းကျဆင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ပြည်သူ့ရဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ရပ်မိရပ်ဖများ နှင့်တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပခဲ့သည်။

အခမ်းအနားတွင်မြို့နယ်ရဲတပ်ဖွဲ့မှူးက သင်္ကြန် ကာလမှုခင်းလျော့နည်းကျဆင်းရေးအတွက် ကြိုတင်ဆောင်ရွက်ခဲ့မှုများနှင့် မှုခင်းဖြစ်ပွားမှုအခြေအနေ၊ ၂၀၁၆ ခုနှစ် ဧပြီလအထိ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးနိုင်မှုနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေများ၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ရပ်ရွာတည်ငြိမ် အေးချမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသောဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

## လူသွားပလက်ဖောင်းပေါ်မှ စည်းကမ်းမဲ့ ကွမ်းယာဆိုင် ဖယ်ရှားပေးစေလို

**တောင်ကြီး မေ ၂၁**

တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်နေရာတွင် မကြာသေးခင်ကမှ အသစ်တည်ဆောက်ပေးထားသည့် လူသွားပလက်ဖောင်းပေါ်တွင် စည်းကမ်းမဲ့စွာဖြင့် ယခုကဲ့သို့ ကွမ်းယာဆိုင်ကို ဖွင့်လှစ်ထားရှိပြီး လုပ်ကိုင်နေကြသဖြင့် လမ်းသွားလမ်းလာများအနေဖြင့်လည်းအဆင်မပြေမှုများဖြစ်နေရသလို အဆင့်မြင့်တင်တည်ဆောက်ပေးထားသည့် လမ်းမကြီးမှာလဲ အမြင်မသင့်တော်သလိုဖြစ်နေပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတင်ပြလိုက်ရပါသည်။

KZLM**(တောင်ကြီး)**



## သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့ရန် နမ့်လန်ရေထွက်စမ်းကို ရွာကျောင်းကြီးဆရာတော်က ထိန်းသိမ်းထား



**သီပေါ မေ ၂၁**

နမ့်လန်ဒေသတွင်ရှိသော စိမ့်စမ်းရေသည် ချောင်းအတွင်းစီးဆင်းကာ နမ့်လန်နယ်သူနယ်သားများအားလုံး အသက်ရှင်ရပ်တည်ရေးအတွက် အားထားသောက်သုံးရသော သဘာဝစိမ့်စမ်းရေထွက်ဖြစ်သဖြင့် အယ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝရေအရင်းအမြစ်များ မပျက်စီးစေရန် သစ်တောသစ်ပင်များကို ပြန်လည်စိုက်ပျိုးပြုစုလျက်ရှိကြောင်း နမ့်လန်မူလရှမ်းကျောင်းကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒာအရှင်သူမြတ်က မိန့်ကြားသည်။

နမ့်လန်ဒေသသည် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ဘာသာသာသနာရေးမှာလည်း စည်ပင်ဖွံ့ဖြိုးလျက်ရှိသည်။ လူဦးရေ တိုးတက်များပြားလာတာနှင့် အမျှ သောက်သုံးရေမှာလည်း ယခင်ကထက် ခမ်းခြောက်မှုရှိသည်။ ယခင် ဘုန်းကြီးကျောင်းဝင်းအတွင်းက ရေထွက်စမ်းရေမှာ သောက်သုံးရေဖူလုံခဲ့သော်လည်း ယခုနှစ် ရေထွက်နည်းပါးကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသသည် သီပေါမြို့အရှေ့တောင်ဘက် ၃၈ မိုင်ကျော်တွင်တည်ရှိပြီး အိမ်ထောင်စု ၂၃၄၃ စု နေထိုင်ကြသည်။ ၈၀ ရာခိုင်နှုန်းကျော်မှာ ရှမ်းတိုင်းရင်းသားများဖြစ်၍ ၂၀ ရာခိုင်နှုန်းမှာ ဗမာနှင့် အခြားတိုင်းရင်းသားများဖြစ်ကာ ဒေသခံများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ နမ့်လန်ဒေသသည် သီပေါမြို့နယ်၏ စပါးကျီဖြစ်ပြီး ကောက်ပဲသီးနှံစိုက်ပျိုးလျက်ရှိသော မြေယာဧကပေါင်းမှာ ၃၇၄၄၆ ဧကနှင့် ပလပ်မြေဧက ၃၃၃၃၉ ဧကရှိကြောင်း သိရသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ သီပေါနှင့်လားရှိုးကြား သီပေါနှင့် ၉ မိုင်အကွာတွင် နမ့်လန်သို့သွားသည့် လမ်းခွဲရှိသည်။

ထို့အတူ နမ့်လန်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) သို့လည်း တိုက်ရိုက်ဆက်သွယ်နိုင်ကာ သီပေါ၌ဝယ်မရသောပစ္စည်းများသည်ပင်လျှင် နမ့်လန်ဈေးတွင် ဝယ်ယူရရှိနိုင်ပေသည်။ ယခုနမ့်လန်သည် ဟိုးယခင်နမ့်လန် မဟုတ်တော့ပြီ။ ယခင်က မန္တလေး ပြည်မဒေသသို့ သွားလိုလျှင် သီပေါတွင်တစ်ညအိပ်နောက်ရက် သီပေါကားစီးပြီးမှ မန္တလေးသို့ရောက်နိုင်သည်။ ယခု လေအိတ်မှန်လုံကားကြီးများဖြင့် နမ့်လန်-မန္တလေး နေ့ချင်းပြန်ပင် သွားလာနိုင်ပေပြီ။

ဘာသာရေးနှင့်ပတ်သက်၍လည်း တစ်မူးရလို့တစ်ပဲလှူ တို့ရှမ်းတောင်သူမီနိုင်ရိုးလားဆိုရိုးစကားနှင့်အညီ အလှူရေစက်လက်နှင့်မကွာ နေ့စဉ်လိုလို ရဟန်းခံရှင်ပြု အလှူမင်္ဂလာပွဲများ ခြိမ့်ခြိမ့်သဲကျင်းပနေသလို လူမှုရေးကိစ္စရပ်များမှာလည်း ပျက်ယွင်းခြင်းမရှိစေရဘဲ မြို့တစ်မြို့၏အဆင့်အတန်းနှင့်အညီ တက်ညီလက်ညီ ပါဝင်ကူညီ ဆောင်ရွက်ကြသည်။ ထိုသို့ အစစအရာရာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နမ့်လန်ကို နမ့်လန်ဒေသခံများအနေဖြင့် မြို့အဆင့်သို့တိုးမြှင့်ပေးရန် သက်ဆိုင်ရာသို့တင်ပြထားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## တတိယအကြိမ်မြောက်ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အင်္ဂလိပ်သဒ္ဒါနွေရာသီ သင်တန်းဆင်းပွဲကျင်းပ

**ကနီ မေ ၂၁**

ကနီမြို့တွင် အခြေခံပညာ ကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်များတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာစာပေများနှင့် သုံးဆယ့်ရှစ်ဖြာ ယဉ်ကျေးလိမ်မာ မင်္ဂလာကဗျာများကို ကျယ်ကျယ်ပြန့်ပြန့်တတ်မြောက်ရွတ်ဆိုနိုင်ရန် ရည်ရွယ်၍ ကနီမြို့ ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ကြီးမှူးဖွင့်လှစ်သော တတိယအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်သဒ္ဒါ နွေရာသီသင်တန်းဆင်းပွဲကို မေ ၁၉ ရက် နံနက် ၈ နာရီက အမှတ်(၂)ရပ်ကွက် နန်းကျောင်းတိုက် သာသနာ့ဗိမာန်တော်အတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

"အခုလို ကျောင်းသား၊ ကျောင်းသူများကို ကျောင်းပိတ်ရက် နွေရာသီတွင် ကျောင်းစာများသင်ကြားပြီးချိန် စာပေပြတ်လတ်မှုမရှိစေဘဲ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆိုင်ရာ စာပေများနှင့် အင်္ဂလိပ်သဒ္ဒါများကိုပါ ဒီအသင်းကြီးက ကြီးမှူးသင်ကြားပေးတော့ ကလေးများအတွက် များစွာ ဗဟုသုတတိုးပွားစေနိုင်ပါတယ်" ဟု ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း နာယကအဖွဲ့ဝင် ဦးခင်မောင်ဦးက ပြောသည်။

သင်တန်းဆင်းပွဲတွင် ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း နာယက ဆရာတော်တစ်ပါးဖြစ်သည့် ဘဒ္ဒန္တကောသလ္လက သင်တန်းဆင်းဩဝါဒပေးပြီး သင်တန်းသား ကျောင်းသား၊ ကျောင်းသူ ၁၁၇ ဦးထဲမှ အရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သောကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့သည်။

**သန်းဆွေအောင်(ကနီ)**

## လပိုင်းမြို့ ကော့ဒွတ်ကျေးရွာ၏ ကျက်သရေဆောင် ဘုရားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ရေး မေ ၂၁**

ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာလယ်၏ ကျက်သရေဆောင် သမိုင်းဝင်ဘုရားဖြစ်သော အတုလရတနာစေတီဘုရား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေမှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေကြောင်း သိရသည်။

ယခု ရွာလယ်ဘုရားကို တည်ဆောက်ပူဇော်မည့်ပုံစံကို ကျေးရွာမှ ဘဒ္ဒန္တနန္ဒိယဆရာတော်က လမ်းညွှန်ပေးပြီး ကျွမ်းကျင်သောပညာရှင် ကျိုက်မရောမြို့မှ ဦးသောင်းရွှေနှင့် အဖွဲ့က တာဝန်ယူ တည်ဆောက်ပေးကြောင်း သိရသည်။


သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့် အပြီးအစီးတည်ဆောက်လျက်ရှိရာ လက်ရှိတွင် ၉၀ ရာခိုင်နှုန်း ပြီးစီးနေကြောင်း ဦးဆောင် ဆရာတော်ကမိန့်ကြားသည်။

အဆိုပါစေတီတော်ကိုကော့ဒွတ်ကျေးရွာ ဘဒ္ဒန္တဂေါတကဆရာတော်နှင့်တကွကျေးရွာနေ ပြည်သူများက ၁၁၆၀ ပြည့်နှစ် ပြာသိုလဆန်း ၁၁ ရက်တွင် အုတ်မြစ်ချတည်ဆောက်ပူဇော်ထားရှိရာမှ နှစ်အတန်ကြာလာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာ၍ ၁၃၇၃ ခုနှစ်မှ ကော့ဒွတ်ကျေးရွာ မဟာဝိဟာရ ပရိယတ္တိကျောင်းတိုက် ဘဒ္ဒန္တနန္ဒာသာရ (မဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်နှင့် ကျေးရွာနေပြည်သူများ၏ ဦးဆောင်မှုဖြင့် ပြန်လည်တည်ထားခဲ့ခြင်း ဖြစ်သည်။

အတုလရတနာစေတီဘုရား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်မှုအတွက် လှူဒါန်းမှုမှာ ကျပ်သိန်းပေါင်း၂၃၀၀ ဖြစ်၍ ဉာဏ်တော်အမြင့်ပေမှာ ၇၆ တောင်အမြင့် တည်ရှိသည်။ စေတနာရှင်အလှူရှင်များ၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် အလှူခံရရှိထားသည်မှာ ရွှေစင်ကျပ်သား ၁ ပိဿာ ၈၇ ကျပ်သား အလှူခံရရှိထားပြီးဖြစ်ရာ လာမည့် ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်နေ့ နံနက်ပိုင်းတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော် ကပ်လှူပူဇော်ပွဲကို စည်းကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်လာမည့် သားစဉ်မြေးဆက်များကို မြတ်ဗုဒ္ဓ၏သာသနာတော် စည်ပင်ပြန့်ပွားစေရေးဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဗုဒ္ဓ၏အဆိုအဆုံးအမ တရားတော်မြတ်များကို လည်းခံယူ တည်ဆောက်သွားနိုင်ရန် ရည်ရွယ်ကိုးကွယ်ပူဇော်ရခြင်းဖြစ်ကြောင်း ကျေးရွာကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တနန္ဒာသာရက မိန့်ကြားတော်မူခဲ့သည်။

**ထွဋ်ထွဋ်(ရေး)**



## ရေတာရှည်တွင် သင်္ကြန်ကာလအပြီး ကြက်သွန်နီဈေးနှုန်းကျဆင်း

**ရေတာရှည် မေ ၂၁**

သင်္ကြန်ကာလပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီများ နယ်ဈေးကွက်အသီးသီးသို့ နေ့စဉ်လှိုင်လှိုင်ဝင်ရောက်နေသဖြင့် ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

မုံရွာ၊ ပခုက္ကူ၊ မန္တလေး၊ ရှမ်းပြည်နယ်ဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်ဝင်ရောက်နေကာ လက်ရှိ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀ နှင့် ကျပ် ၅၀၀ သာ ပေါက်ဈေးရှိသည်။

ရေတာရှည်မြို့နယ်တွင် စစ်တောင်းမြစ်ကြောင်းတစ်လျှောက်နှင့် ဆွာချောင်းတစ်လျှောက် တစ်ပိုင်တစ်နိုင်ကြက်သွန်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိမိတို့၏ မီးဖိုချောင်အတွက် လုံလောက်စွာ ထွက်ရှိသည့်အပြင် ပိုလျှံသည့် ကြက်သွန်များအား ဈေးကွက်သို့ပင် တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ဝယ်ယူသုံးစွဲနိုင်မှုထက် ရောင်းလိုအားပိုကာ ဈေးနှုန်းများ ကျဆင်းရခြင်းဖြစ်ကြောင်း ကြက်သွန်ဈေးကွက်လေ့လာသူများက သုံးသပ်ပြောကြားသည်။

"အရင်လတုန်းတွေက အလှူပွဲတွေ အရမ်းများတော့ ကြက်သွန် ဝယ်လိုအားကောင်းတယ်။ ခုချိန်မှာက ဒေသတွင်းထွက်တဲ့ ကြက်သွန်က ထောက်ထားတော့ တခြားဒေသက ဝင်လာတဲ့ ကြက်သွန်ဈေးကွက် အေးသွားတာလည်းပါတယ်" ဟု ဆွာမြို့နေ ကုန်စုံ ရောင်းချသူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**



## ရဟန်းစာဆိုတော်နှင့်သက်ကြီးစာပေပညာရှင်ကြီးများအား ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းကန်တော့

**ပုသိမ်ကြီး မေ ၂၁**

ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းမှ နှစ်စဉ် အစဉ်အလာမပျက်ကျင်းပခဲ့သည့် ရဟန်းစာဆိုတော်ကြီးများနှင့် သက်ကြီးစာပေ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ဗဟိုမြို့မစာသင်တိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်း၏ ဩဝါဒါစရိယဆရာတော်များဖြစ်သည့် ရဟန်းစာဆိုတော် ရေတံခွန်တောင် သစ္စဝေတဂူ ဆရာတော် (အရှင်ခေမာစာရ၊ မန်းရေတံခွန်)နှင့် ဘိုတက်ကုန်းဆရာတော် (တက္ကသိုလ်သောတုဇန)တို့က ဩဝါဒကထာ မြွက်ကြားခဲ့သည်။

ဆက်လက်ပြီး အသင်းနာယက တက္ကသိုလ်မောင်ထွန်းဝေနှင့် မောင်ချစ်သန်း(မြေစာရင်း) တို့က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ဆွေ၊ နိုင်စေရ (မန်းတက္ကသိုလ်)က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ရဟန်းစာဆိုတော်များနှင့် သက်ကြီး စာပေပညာရှင်ကြီးများအား ကန်တော့ခံပစ္စည်းများ၊ အလှူငွေများဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းအနေဖြင့် နှစ်စဉ် နှစ်ဦးကာလတွင် ကောင်းမြတ်သော အစဉ်အလာတစ်ခုအနေဖြင့် ရဟန်းစာဆိုတော်ကြီးများနှင့် သက်ကြီးစာပေပညာရှင်ကြီးများကို ကန်တော့ခဲ့ခြင်းဖြစ်ရာ ယခုအကြိမ်သည် ဆဌမမြောက်အဖြစ် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် ပူဇော်ကန်တော့ပွဲသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်သည့် ရဟန်းစာဆိုတော် မြို့နယ်အသင်းဩဝါဒါစရိယ ဆရာတော်များဖြစ်သည့် ဗဟိုမြို့မစာသင်တိုက် ပဓာနနာယကဆရာတော် မောင်ရန်ကင်း( ပုသိမ်ကြီး) နှင့် ရန်ကင်းတောင် ဥယျာဉ်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် (ဥယျာဉ်မှူး ရန်ကင်းတောင်)တို့အား သွားရောက်ကန်တော့ခဲ့ကြပြီး သက်ကြီးစာပေပညာရှင်ကြီးများဖြစ်သည့် ရဲဘော်ချစ်သန်း (အောင်သိဒ္ဓိ၊ မာဏဝ-ပုသိမ်ကြီး) တို့အား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေ (ဆင်တဲဝ)**

## ကျွန်းလှမြို့နယ်တွင် စီးပွားဖြစ်ဝက်မွေးမြူသူများ ဝက်စာပေါ်များခြင်းကြောင့် အဆင်ပြေ

**ကျွန်းလှ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင်တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများနှင့် စီးပွားဖြစ်မွေးသူများ ဝက်စာပေါ်ခြင်းကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် စုဘူးသဖွယ်ဝက်များကို နှစ်ကောင်မှ သုံးကောင်အထိ ကိုယ်ပိုင်အရင်းအနှီးဖြင့် မွေးထားကြသကဲ့သို့ မြစိမ်းရောင်ချေးငွေဖြင့်လည်း မွေးမြူထားကြောင်း၊ ဝက်မွေးကြရာတွင် အသားကျ၊ အသားတိုးအဖြစ်မွေးကြကာ ဝက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ခြောက်သောင်းအထိ ရောင်းချရကြောင်း သိရသည်။

အဆိုပါ ဝက်မွေးမြူသူများမှာ ဝက်စာရှားပါးချိန်တွင် ဈေးကြီးပေးဝယ်ကျွေးရသော်လည်း ယခုအခါ ဝက်စာပေါချိန်ဖြစ်သည့်အတွက် မြေပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၊ မြေပဲဖွဲတစ်တင်းလျှင် ကျပ် ၁၀၀၀၊ ဖွဲကြမ်း တစ်တင်းလျှင် ကျပ် ၈၅၀ ဈေး ဝယ်ကျွေးရခြင်းကြောင့် တွက်ခြေကိုက်ပြီး အဆင်ပြေကြကြောင်း ဝက်မွေးသူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## ဆင်ပေါင်ဝဲမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အထူးဂရုပြုဆောင်ရွက်လျက်ရှိ

**ဆင်ပေါင်ဝဲ မေ ၂၁**

ယခုအချိန်ကာလသည် နွေရာသီသာမက အယ်နီညိုကြောင့်ပါ အထူးပူပြင်းလျက်ရှိရာ မီးဘေးအန္တရာယ်များဖြစ်ပွားနိုင်သဖြင့် ဆင်ပေါင်ဝဲမြို့၌ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုစိုက်ဆောင်ရွက်သည့်အနေဖြင့် ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစ၍ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး မြို့နယ်မီးသတ်ဦးစီးဌာန (ဗဟိုမီးကင်း)တွင် ညစဉ် ၇ နာရီမှ ၁၂ နာရီထိ ဂျူတီအလှည့်ကျ တာဝန်ယူခြင်းနှင့် မီးကင်းစစ်ဆေးခြင်းတို့ပါ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**



# မော်ရင်ဟိုဘယ်ကိုသွားမလဲ...

မေလှဲ့သင်း

ချယ်လ်ဆီးနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတဲ့ မော်ရင်ဟိုက သူ့မိတ်ဆွေတွေကို သူဟာလာမယ့်ရာသီ မန်ယူရဲ့ နည်းပြသစ်ဖြစ်လာမယ့်သူလို့ ပြောကြားထားတာ ရက်သတ္တပတ်လောက်သာ ကြာမြင့်သေးပေမယ့် အခုအချိန်မှာတော့ ပီအက်စ်ဂျီကလည်း မော်ရင်ဟိုကို ခေါ်ယူဖို့ ချိတ်ဆက်ကမ်းလှမ်းနေတယ်လို့ စကိုင်းစပို့စ်သတင်းဌာနက ဖော်ပြပါတယ်။ သတင်းရင်းမြစ်တွေရဲ့ အဆိုအရတော့ ပီအက်စ်ဂျီအသင်းပိုင်ရှင် အယ်လ်ခီလိုင်ဖီဟာ မန်စီးတီးကို အရေးနိမ့်ပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်နဲ့သာ ကျေနပ်ခဲ့ ရတဲ့ဖြစ်စဉ်ကြောင့် လက်ရှိနည်းပြ လောရင့်ဘလန့်နေရာမှာ မော်ရင်ဟိုကို အစားထိုးခန့်အပ် လိုနေတယ်လို့ ဆိုပါတယ်။

မော်ရင်ဟိုက မကြာခဏဆိုသလို မန်ယူအသင်းကစားသမားတွေနဲ့ ပက်သတ်ပြီး မှတ်ချက်ပြုတာ၊ မန်ယူနည်းပြသစ်ဟာ သူလို့ အများပြည်သူသိအောင် မပြောပေမယ့် အရိပ်လက္ခဏာပြတာတွေ လုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် မော်ရင်ဟိုကို ချဉ်းကပ်နေတာ ပီအက်စ်ဂျီတစ်သင်းတည်းသာ မဟုတ်ဘဲ ရီးယဲလ်မက်ဒရစ်၊ အင်တာမီလန်တို့ကပါ ချိတ်ဆက်နေပေမယ့် မော်ရင်ဟိုကတော့ မန်ယူနည်းပြအဖြစ် ဆောင်ရွက်ဖို့သာ ပိုပြီးစိတ်အားထက်သန်နေတယ်လို့ သိရပါတယ်။

မော်ရင်ဟိုက မန်ယူနဲ့ ဆွေးနွေးမှုတွေအရှိန်မြင့် လုပ်ဆောင်နေပြီး ပုဂ္ဂိုလ်ရေး သဘောတူညီမှု ရရှိခဲ့ပေမယ့် အပြီးသတ်စာချုပ် လက်မှတ်ရေးထိုးတဲ့အဆင့်တော့ မရောက်သေးဘူးလို့ အီးအက်စ်ပီအင်န်သတင်းဌာနက ဖော်ပြပါတယ်။ မော်ရင်ဟိုက မန်ယူနည်းပြဖြစ်ချင်ခဲ့တာ အခုမှမဟုတ်ဘဲ အရင်ပထမအကြိမ် ချယ်လ်ဆီးနည်းပြအဖြစ် ဆောင်ရွက်စဉ်ကာလကတည်းက မန်ယူနည်းပြ ဖာဂူဆန်အနားယူရင် သူ့အနေနဲ့ မန်ယူအသင်းကို ဖာဂူဆန်လို နှစ်ပေါင်းများစွာ ကိုင်တွယ်လိုတယ်လို့ ပြောကြားခဲ့ဖူးပါတယ်။

ဆိုရရင် မော်ရင်ဟိုက ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာမီလန်၊ ရီးယဲလ်မက်ဒရစ်တို့ကို ကိုင်တွယ်ခဲ့ဖူးပေမယ့် မန်ယူအသင်းလို နည်းပြတစ်ဦးကို နှစ်ပေါင်းများစွာ ကိုင်တွယ်ခွင့်ပေးတတ်တဲ့ မူဝါဒရှိတဲ့ ကလပ်အသင်းကို ဦးဆောင်ခွင့်ရလိုတာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ရီးယဲလ်မက်ဒရစ်၊ အင်တာမီလန်တို့ ချိတ်ဆက်နေတဲ့ကြားကပဲ ဘယ်အသင်းကိုမှ မရွေးချယ်ခဲ့ဘဲ မန်ယူအသင်းနဲ့သာ ဆွေးနွေးမှုတွေ အရှိန်မြင့်လုပ်ဆောင်နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူက မန်ယူနဲ့ သဘောတူညီမှု လုံးဝပျက်ပြယ်တဲ့အနေအထားရောက်ရှိမှသာ အခြားအသင်းတစ်သင်းကို စဉ်းစားမှာဖြစ်ပါတယ်။

တစ်ဖက်မှာတော့ မန်ယူအသင်းတာဝန်ရှိသူတွေက မော်ရင်ဟိုရဲ့ ချယ်လ်ဆီး ကျဆုံးခန်း၊ ဗန်ဟားလ်ရဲ့ လူငယ်ကစားသမားမွေးမြူတတ်မှုတွေကြောင့် ရုတ်ချည်းအပြောင်းအလဲမလုပ်ချင်ဘဲ မန်ယူသာ ရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်ရရင် ဗန်ဟားလ်ကိုသာ ဆက်လက်ကိုင်တွယ်ခွင့်ပေးသင့်တယ်လို့ ယူဆသူတွေကလည်း ဘုတ်အဖွဲ့ဝင်တွေကြား အမြစ်တွယ်နေပါတယ်။ ဒါကြောင့် မန်ယူနဲ့ မော်ရင်ဟိုကြား ဆွေးနွေးမှုတွေဟာ အရှိန်ကောင်းနေပေမယ့် တိကျတဲ့သဘောတူညီချက်မရသေးတာလို့ သုံးသပ်မှုတွေလည်းရှိနေပါတယ်။ မော်ရင်ဟိုက သူဟာ မန်ယူနည်းပြဖြစ်လာရင် အီဗရာဟီမိုဗစ်ချ်လို အတွေ့အကြုံရင့် တိုက်စစ်ကစားသမားကို အရခေါ်မယ်၊ ဂျွန်စတုန်း၊ အစ္စကို၊ ဂါရတ်ဘေးလ်တို့နဲ့ အားဖြည့်မယ်ဆိုတာတောင် ကြိုတင်အစီအစဉ်ချထားတယ်လို့လည်း သူ့မိတ်ဆွေတွေကို ပြောခဲ့ပါတယ်။

ဒါပေမယ့် ပီအက်စ်ဂျီဆိုတာကလည်း ငွေကြိုက်သလို သုံးနိုင်တဲ့အသင်းဖြစ်ပြီး အသင်းပိုင်ရှင် အယ်လ်ခီလိုင်ဖီရဲ့ မြင့်မားစွာပေးချေမယ့် လုပ်ခလစာ ဆွဲဆောင်အားတွေကြောင့် မော်ရင်ဟိုက ပီအက်စ်ဂျီရဲ့ ကမ်းလှမ်းမှုကို စဉ်းစားနေတာဖြစ်ပါတယ်။ တစ်ဖက်မှာတော့ ပြင်သစ်ပထမတန်းဟာ ပရီမီယာလိဂ်လို ပြိုင်ဆိုင်မှုမပြင်းထန်တာရယ်၊ အယ်လ်ခီလိုင်ဖီရဲ့ ချန်ပီယံလိဂ်နှစ်နှစ်အတွင်း ရယူချင်တဲ့ ဆန္ဒတွေရယ်ကြောင့် မော်ရင်ဟိုက မန်ယူကိုသာ ပထမဦးစားပေးအဖြစ် ပြောင်းရွှေ့လိုနေတာဖြစ်ပါတယ်။ ပရီမီယာလိဂ်ကို ကမ္ဘာ့အကောင်းဆုံးနည်းပြလို့ဆိုတဲ့ ဂွါဒီယိုလာရောက်ရှိလာခဲ့ခြင်းကလည်း မော်ရင်ဟိုအနေနဲ့ ပရီမီယာလိဂ် တစ်ကျော့ပြန်ခရီးအတွက် တွန်းအားပေးတဲ့ကိစ္စတစ်ရပ် ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် မော်ရင်ဟိုအနေနဲ့ လာမယ့်ရာသီမှာ မန်ယူနည်းပြဖြစ်လာမလား (ဒါမှမဟုတ်) သူတစ်ခါမှ နည်းပြအဖြစ်ကိုင်တွယ်ဖူးခြင်းမရှိသေးတဲ့ ပြင်သစ်မြေကိုပဲ သွားရောက်ဖို့ ဆုံးဖြတ်မှာလားဆိုတာ မေလကုန်ရင် အဖြေထုတ်နိုင်တော့မှာဖြစ်ပါတယ်။

# တစ်နှစ်တည်း ဖလားသုံးလုံးဆွတ်ခူးမယ့် လမ်းကြောင်းပေါ်ကို ရောက်လာတဲ့ ဘိုင်ယန်မြူးနစ်

à ငွေကြယ်

ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန်ပိုကယ်ဖလားအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကစားခဲ့တဲ့ ဝါဒါဘရီမင်အသင်းနဲ့ ပွဲစဉ်မှာ သောမက်စ်မူလာရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့အတူ နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့တာကြောင့် တစ်နှစ်တည်းဖလားသုံးလုံးရရှိမယ့် အခွင့်အရေးတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရရှိတော့မှာဖြစ်ပါတယ်။

ဂျာမန်ပိုကယ်ဖလားအကြိုဗိုလ်လုပွဲမှာ သောမက်စ်မူလာရဲ့ ပထမပိုင်းသွင်းယူခဲ့တဲ့ ခေါင်းတိုက်သွင်းဂိုးနဲ့ ဒုတိယပိုင်းမှာ သွင်းယူခဲ့တဲ့ ပင်နယ်တီသွင်းဂိုးတွေကြောင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါဖလားပြိုင်ပွဲတွင် ထိပ်ဆုံးမှာရပ်တည်နေသလို ချန်ပီယံလိဂ်ဖလားပြိုင်ပွဲမှာလည်း အကြိုဗိုလ်လုပွဲအဆင့်ကို ရောက်ရှိနေခဲ့ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲကိုတော့ ဟာသာဘာလင်အသင်း ဒါမှမဟုတ် ဒေ့ါမွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်တဲ့ ဘွန်ဒက်လီဂါပြိုင်ပွဲမှာ ပွဲစဉ် ၃၀ အပြီးမှာ ရမှတ် ၇၈ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေပြီး အမှတ်ပေးဇယားရဲ့ဒုတိယနေရာက ဒေ့ါမွန်အသင်းကို ခုနစ်မှတ်ဖြတ်ထားပါတယ်။ အဲဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်စ်လီဂါဖလားကို ထပ်မံဆွတ်ခူးနိုင်မယ့် အခွင့်အရေးတစ်ရပ်ကို ပိုင်ဆိုင်ထားခဲ့ပြီလို့ ဆိုရမှာပါ။ ဘိုင်ယန်မြူးနစ်အသင်း ဂျာမန်ဘွန်ဒက်စ်လီဂါဖလား ထပ်မံဆွတ်ခူးနိုင်ခဲ့ပါက ဘွန်ဒက်စ်လီဂါဖလားကို လေးနှစ်ဆက်တိုက်ဆွတ်ခူးနိုင်မယ့် အခွင့်အရေးတစ်ရပ်ကိုလည်း ရရှိမှာဖြစ်ပါတယ်။

အဲဒီလိုပဲ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲမှာလည်း ဒေ့ါမွန်အသင်းနဲ့ ထိပ်တိုက်ဆုံတွေ့ခဲ့ရင်သာ အားစိုက်ကစားရမယ့်အနေအထားတစ်ရပ်ကို ရောက်ရှိမှာဖြစ်ပြီး ဟာသာဘာလင်အသင်းနဲ့သာ ထိပ်တိုက်တွေ့ဆုံပါက ဂျာမန် ပိုကယ်ဖလားဟာလည်း ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဖလားဖြစ်လာမှာမလွဲပါဘူး။

ချန်ပီယံလိဂ်ဖလားအကြိုဗိုလ်လုပွဲကတော့ ဘိုင်ယန်မြူးနစ်အသင်းအတွက် ရုန်းကန်ရမယ့် ပွဲစဉ်ဖြစ်လို့နေပါတယ်။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်မှာ ထိပ်တိုက်ဆုံတွေ့နေတဲ့ အက်သလက်တီကို မက်ဒရစ်အသင်းဟာ လက်ရှိ ချန်ပီယံလိဂ်ချန်ပီယံဖြစ်တဲ့ ဘာစီလိုနာအသင်းကိုတောင် နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိအောင် ကစားနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်တယ်။

ဘာစီလိုနာအသင်းကတော့ အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်နဲ့သာ ကျေနပ်ခဲ့ရပြီး ဥရောပပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရတဲ့အသင်းပါ။ ဒါပေမယ့် ဘာစီလိုနာအသင်းအတွက် ဖိအားတစ်ရပ်လျော့ကျလာတာကြောင့် စပိန်လာလီဂါဖလားရရှိရေးကိုသာ အာရုံစိုက်ရတော့မှာပါ။

ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ လီဝမ်ဒေါ်စကီး၊ သောမက်စ်မူလာတို့လို တိုက်စစ်ပိုင်းထူးချွန်တဲ့ ကစားသမားတွေရှိနေတာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းကို အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ကစားလိမ့်မယ်လို့ နည်းပြဂွါဒီယိုလာက ပြောခဲ့သလို ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်နှစ်တည်း ဖလားသုံးလုံးရယူပေးနိုင်ဖို့ ဆန္ဒပြင်းပြနေပါတယ်။

အဲဒီလို ဘိုင်ယန်မြူးနစ်အသင်းမှာ ထူးချွန်တဲ့တိုက်စစ်မှူးတွေရှိနေပေမယ့် တိုက်စစ်ပိုင်းမြင့်တင်တဲ့အနေနဲ့ စပါးအသင်းရဲ့ အားထားရတဲ့တိုက်စစ်မှူး ဟယ်ရီကိန်းကိုလည်း ခေါ်ယူဖို့စီစဉ်နေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဟယ်ရီကိန်းကို ခေါ်ယူမယ်ဆိုရင်တော့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အပြိုင်ကြိုးစားရမှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် အခုနှစ်ဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းဟာ ဂျာမန်ဘွန်ဒက်စ်လီဂါဖလား၊ ဂျာမန်ပိုကယ်ဖလားတို့ကို ဆွတ်ခူးနိုင်ဖို့ လမ်းကြောင်းပေါ်ကို ရောက်ရှိနေခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ဖလားရရှိမယ့်အသင်းအဖြစ် ရေပန်းစားနေတာကြောင့် နည်းပြဂွါဒီယိုလာအနေနဲ့ ဘောလုံးရာသီကုန်မှာ ဖလားသုံးလုံးရယူပေးကာ ဂျာမနီမြေမှ အင်္ဂလန်မြေသို့ ခေါင်းမော့ရင်ကော့ကာ ပြောင်းရွှေ့သွားနိုင်မလားဆိုတာကတော့ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။



ကြော်ငြာ

၁၃၇၈ - ခု၊ နှစ်သစ်ကူးအခါသမယမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်း ချမ်းမြေ့ပါစေကြောင်း နှင့်
စည်းစိမ်ဥစ္စာများ တိုးတက်ပွားများအောင်မြင်ပါစေကြောင်း

CONCRETE KING®
Concrete Manufacturing Company Limited
ကုမ္ပဏီလီမိတက်မိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။



$M^3$ 50,000 အထက် အသုံးပြုသည့်
Customer များအတွက်
အထူးအစီအစဉ်အနေဖြင့်
ရန်ကုန်မြို့ သာမက နယ်မြို့များအထိပါ
Mobile Plant ဖြင့်
ဝန်ဆောင်မှု ပေးနေပါပြီ။

**Head Office** : No. 142, Seik Kan Thar Rd, Industrial zone (4)
Shwe Pyi Thar Tsp., Yangon Myanmar.
Phone : **01-618830, 618831, 618832 Hot line : 01-618833, 09-421128716**
**Webside : www.myanmarconcreteking.com**

**Branch Office** : Corner of Thanthumar Rd and Thamain Bayan Rd.
(Near Chicken and Duck Market) Mingalar Taung Nyunt Tsp., Yangon, Myanmar.
Phone : 09-977206826, 01-8604614, 8604615, **Hot line : 09-421128716**
**Email : concretekingmm@gmail.com**

"GLORY Career Training Centre ၏ နှစ်သစ်ကူးဆုတောင်း "

" မြန်မာနှစ်ကူး အခါသမယတွင် မြန်မာပြည်သူအပေါင်း စိတ်သစ် ၊ လူသစ် ၊ အစိုးရသစ်ဖြင့် အောင်မြင်ပျော်ရွှင်ဖွယ်ရာ အနာဂတ်ကို စုစည်းညီညွတ်စွာဖော်ဆောင်နိုင်ပါစေကြောင်း . . . "
GLORY မိသားစု

အနာဂတ်ဘဝခိုင်မာဖို့ အကောင်းဆုံးပြင်ဆင်ရန် (၁၂) နှစ်သက်တမ်းရှိ GLORY နှင့်ဆက်သွယ်ကြပါစို့ . . .

**အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများ**

1. Diploma in Refrigeration & Air-Conditioning (Level-2)
2. Diploma in Electrical Installation (Level-2)
3. Diploma in Mechanical Engineering (Level-3/4/5)
4. Diploma in Electrical Engineering (Level-3/4/5)
5. Diploma in Construction - Civil (Level-3/4/5)
6. Diploma in Automotive Engineering (Third Class-Japan)

**အသက်မွေးဝမ်းကြောင်း အင်ဂျင်နီယာအတတ်ပညာသင်တန်းများ**

1. **Handphone** ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရောနစ်သင်တန်းများ
3. TV , DVD , EVD စက်ပြင်သင်တန်း
4. ကြိုးဟ်တုစလောင်း ပြုပြင်တပ်ဆင်ခြင်း
5. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
6. မော်တာ၊ ဒိုင်နမို၊ ထရန်စဖော်မာ လက်တွေ့သင်တန်း
7. အဆင့်မြင့် Electrical Control သင်တန်း
8. ဒီဇယ်၊ ဓါတ်ဆီ အင်ဂျင်စက်ပြင် သင်တန်း
9. အဲယားကွန်း ရေခဲသေတ္တာပြုပြင်/ တပ်ဆင်သင်တန်း
10. PLC & Automation သင်တန်း
11. Advanced PLC & SCADA သင်တန်း
12. CNC (Computerized Numerical Control) သင်တန်း
13. PIC Microcontroller သင်တန်း
14. ဂဟေဆက် သင်တန်း (3G, 4G, 3F, 4F)
15. ပိုက်ဖစ်တာသင်တန်း
16. Marine Electrical / Fitter / Welding သင်တန်းများ

GLORY ၁၃၈/၁၄၀ ၊ ဒု-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
09-73121717, 09-5197817 www.glory-education.com

**ဝန်ထမ်းအလိုရှိသည်**
**Northern Kitchen Restaurant**

| | | | |
|---|---|---|---|
| 1. | အကြော်ဆရာ | ကျား | (၃) ဦး |
| 2. | Kitchen အကူ | ကျား | (၅) ဦး |
| 3. | Cashier | ကျား/မ | (၂) ဦး |
| 4. | Waiter | ကျား/မ | (၅) ဦး |
| 5. | သန့်ရှင်းရေး | မ | (၂) ဦး |

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ လိုအပ်သော အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်။
မှတ်ချက် ။ ။ သက်ဆိုင်ရာ ရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

အမှတ်(၉၂၉)၊ သင်းဝင်လမ်းနှင့် ပုဇွန်တောင်ချောင်းလမ်းထောင့်၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း - ၀၉-၈၃၀၇၉၀၉၉၊ ၀၉-၉၇၀၉၂၂၂၀၉၊ ၀၉-၇၉၁၁၃၉၆၁၅၇

**ဝန်ထမ်းအလိုရှိသည်**
**Ever Win Snack & Bar**

| | | | |
|---|---|---|---|
| 1. | Cashier | ကျား/မ | (၃) ဦး |
| 2. | Supervisor | ကျား | (၂) ဦး |
| 3. | Bar Man | ကျား | (၂) ဦး |
| 4. | Head Waiter | ကျား | (၂) ဦး |
| 5. | Security | ကျား | (၃) ဦး |

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ လိုအပ်သော အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်။
မှတ်ချက် ။ ။ သက်ဆိုင်ရာ ရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

အမှတ်(၁၂၈/ခေ)၊ ပင်လုံလမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း - ၀၉-၂၆၃၃၃၀၀၉၀၊ ၀၉-၂၅၄၂၀၃၃၉၉၊ ၀၉-၂၆၃၃၃၄၄၃၆

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**တိုက်ခန်းအမြန်ရောင်းမည်**
တာမွေ ၁၆၄ လမ်း၊ တာမွေ Plaza နောက်ကျော၊ ခြောက်လွှာ၊ ပေ(၁၅×၆၀)၊ hall type ထောင့်ခန်း၊ လေဝင်လေထွက်ကောင်း။
**သိန်း ၄၂၀(ညှိနှိုင်း)၊**
**ဖုန်း-၀၉- ၄၅၀၀၀၆၃၇၃**

**ဝန်ထမ်းအမြန်အလိုရှိသည်**
**EDUMAP**
**Languag Centre**
**တိုက်(၁)၊ အခန်း(၁၈) ပ-ထပ်၊ လှည်းတန်းလမ်းဆုံအနီး။**
**ဖုန်း-၀၁- ၅၀၅၉၆၅၊ ၀၉ ၅၁၉၁၀၄၆၊ ၀၉- ၇၈၁၀၈၁၀၁၂**
**Receptionist F (2) posts**
- အသက် (၁၈-၂၅) နှစ်အောက်ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။
- ပညာအရည်အချင်း တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ အများနှင့်ကောင်းမွန်ပြေပြစ်စွာ ပြောဆိုဆက်ဆံနိုင်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းမိတ္တူ၊ ပတ်စ်ပို့ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ၇-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဦးခင်ထွန်း(ပန်းတနော်)**
**ညောင်လေးပင်ဈေးသာယာရေးဥက္ကဋ္ဌ**
**အသက်(၇၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ (ဦးတင်မြ-ဒေါ်လှ)တို့၏သားငယ်၊ (ဒေါ်ခင်သန်း)၏မောင်၊ ဦးဆန်း-(ဒေါ်အေးသန်း)တို့၏ညီ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၅၃)မြေညီထပ်နေ ဒေါ်နွဲ့ကြည်၏ခင်ပွန်း၊ ဦးသန့်ဇော်-ဒေါ်စန္ဒာစိုး(အထက-၂၊ ဒဂုံ၊ မြို့မကျောင်း)၊ ဒေါ်ဖြူဖြူသန့်(Elan Logistics Co.,Ltd)-ဦးစိုင်းဇာနည်အောင်(Maximum Trading Co.,Ltd)တို့၏မွေးသဖခင်၊ မောင်စိုးဝေယံထွန်း၊ မောင်ဘုန်းမြင့်မြတ်မောင်တို့၏ချစ်လှစွာသောအဘိုးဦးခင်ထွန်းသည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၅နာရီတွင် ရန်ကုန်မြို့ ခုတင်၅၀၀ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆(သောကြာနေ့)တွင် ရေဝေးသုသာန်သို့ပို့ ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ပါမောက္ခဒေါက်တာရဲမြင့်**

အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ အကြံပေးကော်မတီအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာသိန်းသိန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း ပါမောက္ခ ဒေါက်တာရဲမြင့် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းရပါသည်။

**အမျိုးသားအဆင့်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ**
**အကြံပေးကော်မတီ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးတင်အောင်**
**အသက်(၈၉)နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ နိုင်ငံတကာမိသားစုစီမံကိန်းအဖွဲ့အစည်း (IPPF) စီမံချက်မှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်၏ ဖခင် ဦးတင်အောင်သည် ၂၀-၄-၂၀၁၆ ရက် နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်မှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း**

**ဒေါ်ခင်နွဲ့**
**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၁)နေ (ဦးလှကျော်-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးထွန်းအောင်မြင့်)၊ (ဦးလှထွန်း)-ဒေါ်မူမူတင့်၊ (ဦးအောင်ဆွေတင့်)၊ (ဦးမြင့်မောင်)-ဒေါ်ကြူကြူတင့်၊ ဦးမင်းဦး-ဒေါ်ခင်ညိုတင့်၊ ဦးတင့်ဆွေ-မခင်ရွှေ၊ ဦးဇော်ဝင်းကို(သတင်းရဲတပ်ဖွဲ့)-ဒေါ်သန်းသန်းမော်၊ ဦးအောင်ဇော်မင်း-ဒေါ်ဇာဇာလှိုင်တို့၏ချစ်လှစွာသောမွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၆(စနေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
**ဒေါ်ယဉ်သန်းဦး(မြောင်းတကာ)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်) ၃၂ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ အမှတ်(၉၉)နေ (ဦးဝင်းမောင်-ဒေါ်ကျင်)တို့၏ သမီး၊ (ဦးမောင်ထွန်း-ဒေါ်အုံးညွန့်)တို့၏ သမီးချွေးမ၊ ဦးကျော်အုန်း၏ ဇနီး၊ ဦးထွန်းမြတ်-ဒေါ်ခင်ဝေ၊ ဦးမောင်မြင့်-ဒေါ်ယဉ်ကြည်တို့၏ညီမ၊ ဦးဇော်ဝင်း-ဒေါ်ခင်ရှိန်တို့၏အစ်မ၊ ဦးဧရာမင်း-ဒေါက်တာအေးမွန်ကျော်၊ ဦးနေဇာလင်း-ဒေါ်ထိုက်ထိုက်ဝင်းတို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၀-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများမွန်းတည့် ၁၂နာရီနှင့် မြောင်းတကာ ၅၃-ဂိတ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**
**ဦးအေး (ရာ/၄၃၃)**
**(ညောင်တုန်း-ရွာသစ်)**
**အသက် (၉၅)နှစ်**

ညောင်တုန်းမြို့နေ (ဦးတိုင်း-ဒေါ်ကျော့)တို့၏သား၊ (ဦးကျော်စိန်-ဒေါ်ခင်ရွှေ)တို့၏မောင်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်းသွယ်(၄)လမ်း၊ အမှတ်(၆/၈)နေ(ဒေါ်မြ)၏ခင်ပွန်း၊ ဦးမျိုးသန့်-ဒေါ်အေးအေးဝင်း၊ ဦးအောင်မြင့်-ဒေါ်ထားထားဦး၊ ဦးဝင်းတင့်ဦး-ဒေါ်မော်မော်လွင်၊ ဒေါ်မော်မော်အေး၊ ဒေါ်အေးမြင့်၊ ဒေါ်တင်တင်ထွေးတို့၏ဖခင်ကြီးသည် ၁၆-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၆ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအားအသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
**ဒေါ်ခင်သီ (၈၃)နှစ်**

ရန်ကုန်မြို့၊အမှတ်(၁၀၇)၊ တိုက်(A)၊ ရွှေဂုံတိုင်နေ (ဦးဘိုးအောင်-ဒေါ်ကျင်)တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ ဦးသန်းထွဋ်-ဒေါ်မြမြဝင်း၊ ဦးခင်မောင်ထွန်း-ဒေါ်မဥ္ဇူသောင်း၊ ဦးဇော်ဝင်းထွန်း(ISM)တို့၏မိခင် ဒေါ်ခင်သီသည် ၂၁-၄-၂၀၁၆(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၆(စနေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးမင်းလွင်ဦး (၆၂)နှစ်**

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နေ (ဦးညွန့်)-ဒေါ်ခင်ခင်တို့၏ သားကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ (၁/၂/၃)လေးထပ်ဆောင်ဆရာများရိပ်သာနေ ဒေါ်ချိုမီရဲနောင် (ကထိက-မြန်မာစာဌာန၊ ကျိုင်းတုံတက္ကသိုလ်)၏ ခင်ပွန်း၊ မယွန်းဝင်းဝါ(ဒုသမတန်း TTC)၏ ဖခင် ဦးမင်းလွင်ဦးသည် ၁၈-၄-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းမှုများကို ၂၄-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အာနိစ္စ**

**ဒေါ်သာနု (၈၆)နှစ်**
**မောင်တောမြို့**

မောင်တောမြို့နေ (ဦးကျော်ထွန်း-ဒေါ်ဝါပွင့်ဦး)တို့၏သမီးကြီး၊ (ဦးဦးသာ)(အကောက်ခွန်မှူး၊ငြိမ်း)၏ဇနီး၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ တိုက်(၈၀၈)၊ အခန်း(၃၁)နေ မဦးဝေ၊ မခင်သိန်းတင်၊ ဦးအေးမောင်လှ(လူမှုဖူလုံရေးဆေးခန်း)-ဒေါ်မြင့်မြင့်အေး(လဝကမှူး၊ လားရှိုး)၊ (ကိုအောင်နိုင်ဝင်း)-ဒေါ်ခင်ဝေ၊ (ကိုထွန်းနိုင်)၊ ကိုရဲထွဋ်(Myanmar Media7)-မသန္တာဌေး (Precious Gems Jewellery) တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ မောင်သုထက်အောင်၊ မအိမ့်သဉ္ဇာထွန်း၊ မလင်းလက်မေတို့၏အဘွားသည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၆(တနင်္ဂနွေနေ့)တွင် နေပြည်တော်ကျေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါ်နော်ဖောလာ**
**အသက်(၇၅)နှစ်**

ပဲခူးမြို့နေ(ဦးဖိုးတွေ-ဒေါ်ကြိုင်)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်သဲခင်)တို့၏သမီးချွေးမ၊ (ဦးဘီကြူ-ဒေါ်နော်ဘွယ်စေး)၊ (ဦးဂျော်ရှည်)-ဒေါ်နော်ဘွယ်ထူးတို့၏ညီမ၊ ဦးစိန်သန်း-ဒေါ်အေးမျှင်တို့၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၄ ရပ်ကွက်၊ ငွေစင်(၃)လမ်း၊ အမှတ်(၈၀၆)နေ ဦးကျော်ယဉ်၏ ချစ်လှစွာသောဇနီး ဦးစိုးထိုက်ဦး-Mrs:Wong Mun Yee၊ ဦးမျိုးကျော်(Air Mandalay)-ဒေါ်နော်မွန်ရည်မိုး၊ ဦးစောမိုးထိုက်-ဒေါ်ကေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ချစ်လှစွာသော အဘွားသည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**သိက္ခာတော်ရဆရာဦးစီဝါကော**
**(REV.C. VAKAW)**
**B.Th, BD, BA (Psy)**
**သင်းအုပ်ဆရာ၊**
**မရာဇဝံဂေလိအသင်းတော်(ရန်ကုန်)**
**အသက်(၅၈)နှစ်**

ဦးစီလီးလီ-ဒေါ်မိုင်ဟဲ(ပါရာကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်) တို့၏ ချစ်လှစွာသောဒုတိယသား၊ သိက္ခာတော်ရဦးလှချောင်း-(ဒေါ်ယဉ်သား)တို့၏ချစ်လှစွာသောသားသမက်၊ ဦးစီရယ်ကျေ-ဒေါ်ဒေါင်ကီ၊ ဦးဆယ်လိန်း(ပညာရေးမှူး-ငြိမ်း)-ဒေါ်စီနေတဲလ်တို့၏ချစ်လှစွာသောညီလေး၊ ဗိုလ်ကြီးစီလိုင်ဒိန်း(ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်အယ်လ်ဖန်း၊ ဦးဘီခိုင်-ဒေါ်စီရေပေါ်၊ ဦးရာဘီး-ဒေါ်စီမာငိုင်၊ ဦးစီဌေးကြည်(ညွှန်ကြားရေးမှူး၊ အော်လစ်ကုမ္ပဏီလီမိတက်)-ဒေါ်ဆိုငိုင်တို့၏ချစ်လှစွာသောအစ်ကို၊ ဦးစီရယ်ခိုင်(ငွေစာရင်းကိုင်၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်)-ဒေါ်ငွန်ဇီး(သားဖွားဆရာမ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး)၊ စီပေါလု(မြန်မာ့ရှက်လှေအသင်း၊ ရန်ကုန်)၊ မောင်စီဒေးဗစ်(နောက်ဆုံးနှစ်၊ မိတ္ထီလာလေကြောင်းတက္ကသိုလ်)၊ မစီမာကရက်(တက္ကသိုလ်ဝင်တန်း၊ နေပြည်တော်)တို့၏ချစ်လှစွာသော ဦးလေး၊ မစီဝါလီလီခိုင်(ပထမနှစ်၊ ရန်ကုန်သူနာပြုတက္ကသိုလ်)၊ စီကိုချောက်(သတ္တမတန်း၊ အထက-၄၊ သာကေတ)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ယဉ်ခိုင်(သူနာပြု သာကေတအထူးကုဆေးရုံ ရန်ကုန်)၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၈ နာရီတွင် သာကေတအထူးကုဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၄-၂၀၁၆(စနေနေ့) နံနက် ၁၀ နာရီတွင် JUDSON CHURCH UNIVERSITY ESTATE ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ [ဖော့ကန်ဈေး၊ မြောက်ဒဂုံ (၇/၈) လမ်းဆုံ၊ နီလာမှတ်တိုင်၊ ပုလဲမြို့သစ်၊ သာကေတအထူးကုဆေးရုံဝင်း၊ ထောက်ကြန့်လမ်းဆုံများမှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တူးတူး (မှော်ဘီ)**
**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၃၉)၊ ပြည်လမ်း၊ တပ်ကြီးကုန်းနေ(ဦးဘချို-ဒေါ်အေးစိန်)တို့၏သမီး၊ [ဗိုလ်ကြီးမောင်ထွေး(ငြိမ်း)၊ ဗိုလ်လောင်းသင်တန်းအမှတ်(၅၀)၊ စစ်ရေးပြဌာန၊ ဗိုလ်သင်တန်းကျောင်း၊ လူမှုထူးချွန်တတိယဆင့်]၏ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီးအောင်ဇော်ဦး(ငြိမ်း)-ဒေါ်မိုးထွေးစံ၊ ဒုရဲမှူးအုန်းလွင်(ငြိမ်း)-ဒေါ်ယဉ်ယဉ်ထွေး(နေသုခရွှေဆိုင်)၊ ဦးကြည်စော(ဒုတိယညွှန်ကြားရေးမှူး၊ ဖျာပုံခရိုင်ကျေးလက်)-ဒေါ်မီမီမောင်ထွေး (မြဝတီရုပ်/သံ၊ငြိမ်း)တို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်ကြီးရဲဝင့်ထူး-မရွှန်းလပြည့်အောင်၊ မဆုဆုမြင့်ဇော်၊ မောင်သုတဇော်၊ မောင်အောင်ကောင်းခန့်တို့၏အဘွားသည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မှော်ဘီမြို့တပ်ကြီးကုန်းနေအိမ်မှ တပ်ကြီးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၂၆-၄-၂၀၁၆ (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဗိုလ်မှူးစိုးသိန်း(ငြိမ်း)၊ ကြည်း-၉၆၅၂**
**ကထိက(ငြိမ်း)၊ သင်္ချာဌာန၊ စစ်တက္ကသိုလ်**
**ဒု-ညွှန်ချုပ်(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**
**မန္တလေးအသင်းရာသက်ပန်အသင်းဝင်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇-လမ်းနေ (ဦးဆင့်ဉာဏ်-ဒေါ်ဦး)တို့၏သား၊ ဒေါ်တင်တင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမျိုးသန့်-ဒေါက်တာမြင့်မြင့်သင်း၊ ဦးအုန်းသန့်-ဒေါက်တာမိုးမိုးအောင်၊ ဦးစိုးဝင်းသန့်-ဒေါက်တာသန်းသန်းနွယ် တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၀-၄-၂၀၁၆ရက်၊ ည၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၆ရက်၊ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
**ဒေါ်သိန်းကြည်(ပန်းတောင်း)**
**အသက်(၉၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နေ (ဦးကျော်ညွန့်-ဒေါ်မို)၏ သမီး၊ (ဒေါ်ပြုံး)၏ ညီမ၊ (ဦးလှရွှေ-ဒေါ်မြမြ)၊ (ဦးစိန်မောင်-ဒေါ်လှလှ)တို့၏ အစ်မ၊ အမှတ်(၄၂)၊ ဓမ္မာရုံ(၁)လမ်း၊ (၆)မိုင်ခွဲနေ (ဦးတင်အောင်)-ဒေါ်ရီရီရွှေ (ရွှေကြယ်ကဖီး)၊ ဦးစံဝင်း-ဒေါ်စန်းစန်းရွှေ(M.P.E-ငြိမ်း)၊ ဒေါ်နွယ်နီရွှေ (M.O.B Bank)၊ ဦးသန်းဇော်လွင်(ရေနံဓာတု)-ဒေါ်အေးသင်းအောင်၊ ပန်းတောင်းမြို့နေ ဦးတင်သန်း(လ-ဝ-က၊ ငြိမ်း)-ဒေါ်ဌေးဌေးစိန်၊ (ဦးမျိုးလွင်)၊ ဦးသက်လွင် (နေလသစ္စာကုမ္ပဏီ)၊ ဒေါ်ခိုင်ချိုချိုတို့၏အဒေါ်၊ ဦးမြင့်ငွေ (Pun Hlaing Golf Estate)-ဒေါ်မွန်မြတ်သူ၊ ဦးတင်မင်းလတ်-ဒေါ်ကေရီစံဝင်း(လေကြောင်းတက္ကသိုလ်)၊ ဦးမင်းသူနိုင်-ဒေါ်အေးမြတ်မြတ်သူ၊ ဦးဇာလီစံဝင်း-ဒေါ်ဥမ္မာ၊ ဗိုလ်မှူးရဲရန်နိုင်-ဒေါ်ကိန္နရီစံဝင်း (မြဝတီဘဏ်)၊ မောင်သန်းထိုက်အောင် (ကွန်ပျူတာတက္ကသိုလ်)တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်သိန်းကြည်သည်၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၈း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၆ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးသိန်းဝင်း**
**Y.C.D.C အင်/ယာ(ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ ဦးခိုင်အောင်ဝင်း၊ (ဦးသန်းအောင်ဝင်း၊ ဦးနိုင်အောင်ဝင်း၊ ဦးပြုံးဖြိုးဇော်ဝင်းတို့၏ဖခင်၊ (ဒေါ်ဝင်းမော်)၏ခင်ပွန်းသည် ၁၉-၄-၂၀၁၆ရက် နံနက် ၅း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
**ဦးဝင်းအောင်(၆၆)နှစ်**
**စာရင်းစစ်ရုံး(ငြိမ်း)**
**လပွတ္တာမြို့နယ်၊**
**မော်လမြိုင်ကျွန်းမြို့**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆) ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ်(၁၁၆၃)နေ ဒေါ်လှလှကြည်၏ ခင်ပွန်းသည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများလိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ဒုဗိုလ်မှူးကြီး စံသိမ်း(ငြိမ်း)**
**စက်မှု(၁)ညွှန်မှူး(ငြိမ်း)**
**အသက်(၉၀)**

တောင်ငူမြို့နေ (ဦးဘိုးဟန်-ဒေါ်ချစ်ယုံ) တို့၏သား၊ အမှတ်(၄၃)၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်းနေ (ဒေါ်မြမြသိန်း)၏ ခင်ပွန်း၊ အမှတ်(၁၀၀)၊ မြေညီထပ်၊ လမ်း(၂၀) နေ ဦးအောင်သူဝင်း-ဒေါ်မာမာအေးတို့၏ ဖခင်၊ ဗိုလ်မှူးသိမ်းထွဋ်စံ-ဒေါ်ဆုဆုလှိုင်၊ ကိုအောင်လတ်အေး-မချိုချိုသူဝင်း၊ မောင်သီဟမင်းသူတို့၏အဘိုး၊ မောင်စံမင်းထွဋ်၏ အဘိုး၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးသည် ၂၁-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၅း၅၀ နာရီတွင် အမှတ်(၂)၊တပ်မတော်ဆေးရုံ၊ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် စစ်ဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**Capt.မျိုးမြင့်ဦး**
**အသက်(၆၀)**
**Managing Director**
**Brave Ocean Service Co;Ltd**

ပြင်ဦးလွင်မြို့နေ ဦးတင်ဦး-(ဒေါ်ရင်မြ)၊ ဒေါ်ခင်ရီတို့၏သားကြီး၊ (ဦးခင်မြင့်-ဒေါ်ယဉ်ယဉ်)တို့၏သားသမက်၊ ဒေါ်မာမာစိုး(ခ)ဒေါ်စိုးစံ(ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ၂၇-ရပ်ကွက်၊ ရွှေပင်လုံ၊ မ/ဒဂုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စွဲမက်မျိုးမြင့်ဦး (Sect IV,ILBC)၊ မဖူးမြတ်မျိုးမြင့်ဦး( Sect III,ILBC)တို့၏ဖခင်သည် ၂၁-၄-၂၀၁၆ရက် နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၅၀)၊ နှင်းဆီမြိုင်လမ်း၊ Rose Park(1)၊ မြောက်ဒဂုံ(၂၇)ရပ်ကွက်၊ နေအိမ်သို့ နံနက်၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးစိုးရီ (ပဲခူး)**
**Zoology Hons:**
**အသက် (၅၃)နှစ်**
**Shine လျှပ်စစ်၊ ပုဇွန်တောင်**

ပဲခူးမြို့၊ ၃၃လမ်း၊ အမှတ်(၂၆၈/က)နေ(ဦးတင်ရီ-ဒေါ်ကျင်ငွေ)တို့၏သား၊ ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ မြို့မလမ်းနေ (ဦးအိချွန်)-ဒေါ်ကျင်ကီး(BBB စက်ဘီးပစ္စည်းဆိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊တိုက်(၁၈)၊သုံးလွှာ(B)၊ အထက်ပုဇွန်တောင်လမ်းနေ ဒေါ်သန်းသန်းမော်၏ ချစ်လှစွာသော ခင်ပွန်း၊ မအဲနိုနိုစိုး (Year-5, ALBA)၏ချစ်လှစွာသော ဖခင်သည် ၂၀-၄-၂၀၁၆ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဘဒ္ဒန္တဝိလာသမထေရ်ရှင်မြတ်**
**သိက္ခာတော်(၆၀)ဝါ၊ သက်တော်(၈၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ဓေဝတီကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသမထေရ်ရှင်မြတ် (သိက္ခာတော်-၆၀၊ သက်တော်-၈၀)သည် (၁၃၇၈ခုနှစ်၊ တန်ခူးလဆန်း ၁၃ရက်) ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) ည၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ်၊ တန်ခူးလပြည့်ကျော်-၂ရက်) ၂၄-၄-၂၀၁၆(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း။

စျာပနကော်မတီနှင့် တပည့်သံဃာ၊ ဆွေမျိုးတစ်စု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဘဒ္ဒန္တဇိနာနန္ဒ**
**သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အနောက်ပိုင်း၊ မင်းလှမြို့မဟာဇေယျကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော(သိက္ခာတော်-၅၇ဝါ၊ သက်တော်-၇၈နှစ်)ရှိ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇိနာနန္ဒသည် (၁၃၇၈ခုနှစ်၊ တန်ခူးလဆန်း-၁၄ရက်) ၂၁-၄-၂၀၁၆(ကြာသပတေးနေ့) နံနက်၀၀း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ်၊ တန်ခူးလပြည့်ကျော်-၃ရက်) ၂၅-၄-၂၀၁၆(တနင်္လာနေ့) ညနေ ၃နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်ရဟန်းသာမဏေ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ရဟန်း၊ သာမဏေ/ဒါယကာ၊ ဒါယိကာမများ**

**ဦးမြင့်မောင် (အင်ဂျင်နီယာမှူး-ငြိမ်း) (၈၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၄၉-ဘီ)၊ စန္ဒာလမ်း၊ အေးရွှေပြည်ခြံနေ (ဦးစိန်ဖေ-ဒေါ်စိန်ရွှေ)တို့၏ သား၊ (ဦးလှဘော်)-ဒေါ်ရီရီ တို့၏ သားသမက်၊ ဒေါ်ခင်ခင်တင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ဝါဝါမြင့်၊ ဦးမိုးအောင်မြင့်-ဒေါ်မီမီသက်၊ ဒေါ်နီနီခင် တို့၏ ဖခင်၊ မောင်မိုးမြင့်အောင်၊ မောင်ကျော်စိုးဟန်တို့၏ ချစ်လှစွာသော အဘိုး ဦးမြင့်မောင် သည် ၁၆-၄-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ပြင်ဦးလွင် ၈ မိုင်ကုန်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးဝင်းတင်**
**အသက် (၆၄)နှစ်**
**Geology(1978)**
**(ဘ. ခ. ရ)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၁/ကရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်၃၆နေ (ဦးကြိုင်-ဒေါ်ကျင်အေး)တို့၏သား၊ (ဦးရှင်-ဒေါ်မှင်)တို့၏သားသမက်၊ ဒေါ်နီ၏ ခင်ပွန်း၊ ဒေါ်စန်းရီ၊ ဒေါ်စန်းကြည်၊ ဒေါ်လှဌေးတို့၏အစ်ကို၊ မတိုးတိုးမြင့်၊ ကိုဖြိုးဝေစိုး၊ မမေမာလာစိုးတို့၏ဖခင်သည် ၁၅-၄-၂၀၁၆(သောကြာနေ့) ညနေ ၇း၄၀နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၆(စနေနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါက်တာမျိုးသန့်**
**အသက်(၆၁)နှစ်**
**ရွှေဘိုခရိုင်ကုသရေးဦးစီးဌာနမှူး၊**
**ဆေးရုံအုပ်ကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့**

တောင်ငူမြို့၊ (၁၃)ရပ်ကွက်နေ (ဦးမောင်မောင်-ဒေါ်ပုကြည်)တို့၏သား၊ ဒေါ်အမာကြည်၏ခင်ပွန်း၊ မောင်ကျော်ဇင်သန့်၊ မောင်ကျော်ဖြိုးသန့်၊ မောင်သန့်ဟန်ထက်တို့၏ဖခင်၊ ဒေါက်တာမျိုးသန့်သည် ၂၁-၄-၂၀၁၆ရက် နံနက်၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၆(စနေနေ့) ညနေ၄နာရီတွင် ရွှေဘိုမြို့ ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မမြသဉ္ဇာအောင်(ခ)ဇာဇာ အသက်(၃၀)**
**ရသေ့တောင်မြို့**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၊ ချောင်းဝရပ်ကွက်နေ ဦးအောင်သန်း (ဦးကုန္ဒောဘာသ)၊ ဒေါ်ဦးမြစိန်(ခ)အဝါချေတို့၏သမီး၊ ဒေါ်ချိုချိုသန်း (ထက်/ပြ)-ဦးခင်မောင်သန်း (လ/ထ မြို့နယ်ပညာရေးမှူး)၊ ဦးအောင်နိုင် (ဒု-ဦးစီးမှူး)-ဒေါ်မင်းမင်းအေး၊ ဒေါ်ဒေစီသန်း-အရာခံဗိုလ်မြင့်ဦး၊ ဦးအောင်စိုးမိုး-ဒေါ်မိုးမိုးချို ဦးအောင်စိုးပိုင်-ဒေါ်ချိုမာမြင့်(မူ/ပြ)၊ ဒေါ်သန်းသန်းလင်း(လ/ပြ)-ဗိုလ်ကြီးစိုင်းဟန်ထူးတို့၏ညီမ၊ တူ/တူမ ကိုးယောက်တို့၏ အရီးထွေးသည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်-၁၀၇၊ ပြည်တော်အေးလမ်း၊ သဃ်န်းကျွန်း နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
**ဟာဂျီမဆာရာဘီ(ခ)**
**ဟာဂျီမဒေါ်မာအို**
**အသက်(၉၉)နှစ်**
**(မာလာအလှကုန်စတိုး၊**
**သထုံတံတား)**

မော်လမြိုင်မြို့၊ ဖက်တန်း၊ မန္တလေးရပ်နေ (ဦးရွှေဦးထုပ်-ဒေါ်ရွှေသိုက်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၂၃၊ ၁၃၇ လမ်း၊ တာမွေမြို့နယ်နေ ဦးတင်လှ (အငြိမ်းစား၊ အကောက်ခွန်အရာရှိ)-ဒေါ်သန်းရွှေ(ယခင်ပန်းဘဲတန်း ကုန်သွယ်ရေး)တို့၏မိခင်၊ကိုခင်မောင်ထွေး-မတင်တင်လှိုင်(Australia)၊ မောင်ကျော်မင်းလွင်-မယုဇနမြင့်သိန်း(UK)၊ မောင်ကျော်စိုးမင်း(UK) တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ အဘွားသည် မော်လမြိုင်မြို့ အမှတ်(၈/၅)၊ ပြည်တော်သာဝင်း၊ မန္တလေးရပ်နေအိမ်၌ ၁၇-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၆ရက်တွင် မြို့မစွန္နီမွတ်စလင်ဥယျာဉ်တော်တွင် ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးဝင်းအောင်**
**အသက်(၆၆)နှစ်**
**ဧရာဝတီတိုင်းဒေသကြီး**
**(လပွတ္တာမြို့၊**
**မော်လမြိုင်ကျွန်းမြို့)**

လပွတ္တာမြို့နေ (ဦးတင်လှ-ဒေါ်အေးကြည်)၏သားသမက်၊ မော်လမြိုင်ကျွန်းမြို့နေ(ဦးကျော်သောင်း-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ် ၄၆ ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ် (၁၁၆၃)နေ ဒေါ်လှလှကြည်၏ခင်ပွန်း၊ မောင်အောင်မြတ်သူ-မဝင့်မို့မို့ကျော်၊ မောင်တင်လတ်အောင်၊ မောင်သုမောင်မောင်လှ-မနီနီဝင်းအောင်တို့၏ ဖခင် မသုန်ဝတီထွဋ်၏အဘိုးသည် ၂၀-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြေးမုံ





မေ ၂၁ ရက် ညနေပိုင်းက မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။

# မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးလေ့ကျင့်ခန်းတွင် ကစားသမားစုံလင်ခြင်းမရှိ

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် မေ ၂၁**

မြန်မာ့လက်ရွေးစင်အသင်းသည် MNL နိုင်ငံခြားသားများ ညွန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအပါအဝင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ယနေ့ညနေပိုင်းတွင် စတင်လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်ကို ကစားသမား ၁၄ ဦးသာ လေ့ကျင့်ခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

## အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် မေ ၂၁**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ နေ့အပူချိန်များမြင့်တက်၍ လေထုမငြိမ်သက်မှုများကြောင့် လည်းကောင်း မေ ၂၂ ရက်မှ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်သည်။

မေ ၂၃ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**(ကြေးမုံ)**

# သိမ်ကြီးဈေးစီရုံ ဈေးအင်္ဂါရပ်နှင့်ညီညွတ်ခြင်းမရှိ၍ ဈေးသူဈေးသားများ ရောင်းဝယ်ဖောက်ကားရန် အခက်အခဲများစွာ ဖြစ်ပေါ်နေ

သတင်း - ထွန်းထွန်း၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန စီမံခန့်ခွဲမှုလက်အောက်ရှိ ဈေးများအနက် (က)အဆင့်ရှိ ဈေးကြီးတစ်ဈေးဖြစ်သော်လည်း သိမ်ကြီးဈေးစီရုံအတွင်း ဈေးအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်ခြင်းမရှိသောကြောင့် ဈေးသူဈေးသားများမှာ ရောင်းဝယ်ဖောက်ကားရန် အခက်အခဲများစွာနှင့် ကြုံတွေ့နေရကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာဈေး (က)၊ (ခ)၊ (ဂ)၊ (ဃ) ဟူ၍ ဈေးအဆင့် လေးမျိုးခွဲခြားသတ်မှတ်ထားရာတွင် သိမ်ကြီးဈေး စီရုံကြီးသည် (က)အဆင့်ရှိ ဈေးကြီးတစ်ဈေးဖြစ်ပြီး ရန်ကုန်မြို့လယ် အချက်အချာကျသောနေရာတွင် တည်ရှိနေသော်လည်း ဈေးအတွင်းရှိ ဆိုင်ခန်းများကို ဂိုဒေါင်များသဖွယ် ပြုလုပ်ထားခြင်း၊ စားသောက်ဆိုင်၊ ဘီယာဆိုင်၊ အနှိပ်ခန်းများဖွင့်လှစ်ထားခြင်းကြောင့် ဈေးအတွင်းရောင်းဝယ်ဖောက်ကားနိုင်မှုမရှိသလောက် ဖြစ်ပေါ်နေပြီး ဈေးသူဈေးသားများမှာ အခက်အခဲများစွာ ဖြစ်ပေါ်နေကြောင်း ဈေးသူဈေးသားများ၏ ပြောကြားချက်အရ သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳**




၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .

သဉ္ဇာသန်းနိုင် တည်ထောင်သည့် ကြယ်စင်ဖြူ ကိုယ်ပိုင်အထက်တန်းကျောင်း

ကျောင်းကြီး ၊ ကျူရှင် ၊ ဗိုင်း တက်စရာ မလိုတော့ပါ။ DAY CAMP စာကျက်ဝိုင်း စီစဉ်ပေးသည်။

ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ

[ Grade 11 (မတ် ၃၀) Grade 10 (ဧပြီ ၂၅) Grade 9,8,7,6 (မေ ၄) စ,မည်]

ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

ကျောင်း၊ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀ ၂၀

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်

ကျောင်းအပ် လက်ခံပါပြီ

[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

အဆင့်မြင့် ဘော်ဒါ

ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ

ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့်စာသင်ဝိုင်း

Grade 10,11 (တက္ကသိုလ်ဝင်တန်း) [ဘာသာစုံ]

Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ]

Grade 9

Grade 11 (မတ် ၂၀) Grade 10 (ဧပြီ ၂၉) Grade 9 (ဧပြီ ၃၀) စ,မည်။

ကျောင်းပြန်ကား၊ ferry စီစဉ်ပေးသည်။

ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း